www.burmeseclassic.com

# သွန်းခင်

ကာတားပွဲ



BURMESE CLASSIC

2011

www.burmeseclassic.com

www.burmeseclassic.com

# သွန်းဆစ်

# ကစားပွဲ


စိစစ်သူ - ဦးအောင်မိုး (မော်လမြိုင်)

အမှုခွင့်ပြုချက်အမှတ် – ၅၀၀၃၀၃၀၄၁၂

အဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ – ဦးအောင်မိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ ဇွန်လ။

အတွင်းဖလင် – ကိုပေါက်

စာအုပ်ချုပ် – ကိုကိုနိုင်နှင့်အဖွဲ့

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၂၀၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃

သွန်းဆစ်

ကစားပွဲ/ သွန်းဆစ် ။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။

၁၅၀ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ကစားပွဲ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

image art world

BURMESE CLASSIC

## အခန်း (၁)

"ဆောင်း" ဟု အမည်ပေါက်သော ရာသီဥတုတစ်ခု၏နှင်းတိုင်း ချစ်သော်လည်း "မိုးဦး" တို့အားလုံး အအေးဆိုင်လေးတစ်ခုမှာ ဆုံဖြစ်ကြသည်။

သင်တန်းက ကြည်ကြည်ပြီး၊ ပန်းအိတို့အပြင် တက္ကသိုလ်တုန်းက ခင်ခဲ့ရသော ခင်သက်ထွေးလည်း ရောက်နေသည်။ ရုံးကွက်ထဲက ဥမ္မာညိုလည်း ရောက်လာ၍ စကားဝိုင်းက ပိုစည်သွားသည်။

အပျိုစင်တွေ ပြည့်နှက်နေသည့် တဲတစ်လုံး၏အလိုရှိသည်ဟုဆိုသော "မှန်မာကဒါဖီ" အကြောင်းကို ဆွေးနွေးနေခြင်းတော့ မဟုတ်ပါ။ သူမတို့အားလုံး အပျိုတွေဖြစ်သော်လည်း ထို 'တဲ' ထဲမှာတော့ မနေချင်ရေး။

ဥမ္မာညိုက သူ ရည်းစားရသွားသည့်အကြောင်းကို အားမနာ ဝါးရော မရှက်မကြောက် ပြောကြားနေခြင်း ဖြစ်သည်။ အချိန်အတော်ကြာအောင် တဖွဲ့တနွဲ့ ပြောပြီးမှ ...

"အေး ... နင်တို့ သေသေချာချာ မှတ်ထားကြနော်၊ ဒါ ... ဆောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရန်တွေကိုပြောတာနဲ့ အတူတူပဲ၊ နင်တို့က တစ်ယောက်မှ ရည်းစား မရကြသေးဘူးဆိုတော့ ငါပြောတာတွေကို ခေါင်းထဲမှာ အလေးအနက် ထည့်ထားကြ၊ ဒါ . . . ကြုံလာရမယ့်ကိစ္စတွေ”

အားလုံးပဲ သူ့စကားအတိုင်း မှတ်ရမလိုဖြစ်သွားသည်။ ပြီး သူ့လို ရည်းစားမရှိသေးသည့်အတွက် မခံချိမခံသာ ဖြစ်ပေးရမလိုလည်း ဖြစ်သွားသည်။

BURMESE CLASSIC

ဥမ္မာညို့က ခေါင်းတညိတ်ညိတ်နှင့် . . .

“ငါက ကိုယ်တွေ့မို့လို့ နင်တို့ကို ပြောပြတာ”

ပန်းအိက သူ့အကျင့်အတိုင်း ‘ပက်’ခနဲ ဝင်ပြောသည်။

“ကိုယ်တွေ့ . . . ဟုတ်လား၊ တော်တော်ရော ကိုယ်တွေ့ ပြီးသွားပြီလား”

“ဟဲ့”

အဓိပ္ပာယ်ကို ချက်ချင်းတွေးမိပြီး ဥမ္မာညို့ ရှက်ရမ်း ရမ်းသွားတော့သည်။ သူမတို့အားလုံး “ဝါး” ခနဲ ရယ်လိုက်ကြ၏။

ဥမ္မာညို့က နှုတ်ခမ်းစူပြီး . . .

“အေး အေး . . . နင်တို့ရယ်ထားကြ၊ နင်တို့ကိုယ်တိုင် ရည်းစား ရတော့မှ မရှောင်တတ်၊ မတိမ်းတတ်တွေဖြစ်ပြီး ယက်ကန်ယက်ကန်လေးတွေနဲ့ ပါသွားမှာ မြင်ယောင်သေးတယ်”

မိုးဦးတို့အားလုံး ဥမ္မာညို့စကားကို မည်သို့မျှ မတုံ့ပြန်ဘဲ တစ်ယောက်ကိုတစ်ယောက် တဲ့တောင်ဖြင့် မသိမသာ တွတ်လိုက်ကြသည်။

အမှန်တော့ ဥမ္မာညို့ ရည်းစားရသွားသည်မှာ သုံးရက်နှင့် တစ်ပိုင်းမျှလောက်သာ ရှိသေးသည်။ ထိုသုံးရက်တစ်ပိုင်း အချိန်အတိုင်းအတာလေးတစ်ခုအတွင်းမှာ မည်သို့မည်ပုံ ဤမျှအတွေ့အကြုံ ရင့်ကျက်သွားသည်မသိရော့ မသိလျှင် သူပဲ ရည်းစားသက်တမ်း အကြာကြီး ရှိခဲ့ဖူးသူလိုလို။





“နင်တို့နော် နင်တို့ မသိကြသေးဘူး”

ဥမ္မာညို့က ခပ်ညည်းညည်းပြောသေးသည်။ တကယ်တော့ ဤစကားတွေသည် ထိုသုံးရက်တစ်ပိုင်းအချိန်အတွင်းမှာပင် သူမတို့အား အခေါက်ခေါက် မြောက်မြားစွာ အခွင့်အရေးရလျှင် ရသလို အားမနာ လျှာမကျိုး ပြောခဲ့ပြီးသား ဖြစ်သည်။

ပန်းအိက . . .

“နင်ပြောတာကို ငါတို့ သဘောပေါက်ပါတယ် ဥမ္မာညို့ရယ်၊ နင့်လို ရည်းစားမရှိသေးပေမယ့် ယောကျ်ားတွေရဲ့စိတ်ကို ငါ သဘောပေါက်ပါတယ်”

“ဘယ်လိုသဘောပေါက်တာလဲ . . . ပြောစမ်း”

ဥမ္မာညို့က လက်ညှိုးမထိုးရုံတမယ် မေးခြင်းဖြစ်သည်။ ပန်းအိက သူ့ကိုယ်ပိုင် ပြုံးတုံ့တုံ့မျက်နှာနှင့်ပဲ . . .

“ယောကျ်ားတွေကို လိုတာထက်ပိုပြီး အခွင့်အရေးမပေးသင့်ဘူး ဆိုတာပေါ့၊ သူတို့သဘာဝက အခွင့်အရေးနည်းနည်းပေးရင် အပြည့်လိုချင်ကြတယ်လေ၊ တစ်ခါတလေ စိတ်ကိုညစ်ရော”

“နင် ဘယ်လိုကြုံနေရလို့လဲ”

ခင်သက်ထွေးက စိတ်ဝင်တစား ဝင်မေးသည်။

“ဘယ်လိုကြုံရမှာလဲ . . . သင်တန်းမှာ ငါ့ကိုလိုက်နေတဲ့ သန်းဝေဆိုတဲ့ကောင်ပေါ့၊ စကားပြောခွင့်လေး တစ်ခါပေးမိပါတယ်၊ အခွင့်အရေးယူချင်တော့တာပဲ”

“သူက ဘာလုပ်လို့လဲ”

“ဘာမှတော့ မလုပ်ဘူးပေါ့၊ ဒါပေမဲ့ အဲလို စကားပြောမိကတည်းက အိမ်သာသွားတာတောင်မှ ကျားချောင်း လိုက်ချောင်းနေလို့”

“တယ်”

ခင်သက်ထွေးမှလွဲ၍ အားလုံး ဝါးခနဲ ရယ်ကြတော့သည်။ ပန်းအိတို့သည်



www.burmeseclassic.com

တိုင် စိတ်ဆောက်သာဟန်နှင့် လိုက်ရယ်ရင်း ...

"အဲဒါနဲ့ အဲဒီသန်းခေကို နွမ်းခွေအောင် အလွမ်းတွေ ပေးလိုက်တယ်"

"ဘယ်လိုလုပ်လိုက်လဲ"

"ကျွန်မမှာ ချစ်သူရှိတယ် ... ရှင် ငရဲကြီးလိမ့်မယ်ဆိုပြီးတော့ပေါ့"

"ဟင် ... အဲဒီတော့"

"အဲဒီစကားလည်းကြားရော ဘာဖြစ်သွားတယ်ထင်လဲ"

"နင်ပြောသလို နွမ်းခွေရောလား"

"ဟင့်အင်း ... ငရဲကြီးမှာကြောက်လို့ဆိုပြီး တခြားတစ်ယောက်ကို တစ်ခါတည်း ပြောင်းလိုက်တော့တာပဲ"

အားလုံးရယ်ကြပြန်သည်။

"အဲဒီတော့ ဘယ်မှာလဲ သူတို့ပြောတဲ့ ချစ်တယ်၊ ကြိုက်တယ်ဆိုတာတွေက၊ နောက်တစ်ယောက်ကိုလည်း ဒီလိုပြောဦးမှာပဲလေ"

ပန်းအိစကားအဆုံးမှာ သူမဘေးက ကြည်ကြည်ဖြိုးက ...

"အေး ... ဟုတ်တယ်၊ သူတို့က လျှာဖျားလေးနဲ့ပြောပြီး အခွင့်အရေးလိုချင်ကြတာလေ၊ တချို့တွေဆိုရင် ခင်မင်တာကို အကြောင်းပြုပြီး ထိကပါးရိကပါး လုပ်ချင်ကြသေးတာ၊ မတော်တဆလိုလိုနဲ့ လက်ကိုင်၊ ပန်းကိုင် လုပ်ကြတာပဲ မဟုတ်လား၊ ပြီးတော့"

ကြည်ကြည်ဖြိုးက စကားကိုရပ်ထားပြီးမှ သူ့ဘာသာသူ ဆက်၍ ...

"ကိုယ်ကလည်း ကြိုက်ပြီဆိုကတည်းက မိန်းကလေးဘက်က နစ်နာပြီပဲ မဟုတ်လား၊ ပြီး ဒီလောက်နဲ့မရပ်ဘဲ သွေးတိုးစမ်းမလာနိုင်ဘူးလို့ ပြောလို့ရမလား၊ အဲဒါကြောင့် ရည်းစားမထားတာ ကောင်းတယ်"

"ဟုတ်တယ် ... ရည်းစားမထားတာ ကောင်းတယ်"

ပန်းအိက ဝင်ထောက်ခံသည်။ ရည်းစားလက်ရှိဖြစ်နေပြီဖြစ်သော ဥမ္မာညိုက ထိုစကားကိုကြားကြားချင်းပဲ အမှုအရာတစ်မျိုးဖြစ်သွားပြီး ...





"အဲလို တစ်ဖက်သတ်ကြီးတော့ မပြောကြနဲ့လေဟာ၊ ယောက်ျားတိုင်းတော့ အဲလိုကြီး အခွင့်အရေးယူတတ်တာ မဟုတ်ပါဘူး။ ငါ့ကိုကိုဆိုရင် ငါ ပြောရင် ရပါတယ်"

ပန်းအိက မချိုမချဉ်မျက်နှာလုပ်ကာ ...

"နင်ပြောရပြီဆိုကတည်းက နင့်ကိုကိုက သွေးတိုးစမ်းလိုက်ပြီ မဟုတ်လား၊ ပြောစမ်း ... အပေါ်သွေး၊ အောက်သွေး ဘယ်လောက်ရှိတယ်ပြောလိုက်လဲ"

"ဟယ် ပန်းအိ ... ကောင်မစုတ် ... ပန်းစုတ် ပန်းပွဲမ၊ အယုတ်တမာမ"

ခွေ့ခွေ့ရန်သွားသော ဥမ္မာညိုကိုကြည့်ပြီး ရယ်သံတွေ တသောသောထွက်သွားကြသည်။ ဥမ္မာညိုက ပန်းအိကို မျက်စောင်းလှမ်းခဲကာ ရယ်သံတွေစဲသည်အထိ အောင့်အီးသည်းခံစောင့်နေပြီးမှ ...

"ဘာပဲဖြစ်ဖြစ် ငါတို့မိန်းကလေးတွေလည်း တစ်ချိန်ကျရင် အိမ်ထောင်ပြုရမှာပဲလေ၊ အဲဒီလို လက်ထပ်ဖို့အတွက်ရည်ရွယ်ပြီး ကိုယ်ချစ်တဲ့လူနဲ့ ကြိုကြိုက်လို့ ရည်းစားထားတာကိုရော မှားတယ်လို့ပြောမလား။ နော် ... ဟုတ်တယ်မဟုတ်လား သက်ထွေး"

သူ့ဘေးမှ ခင်သက်ထွေးကို စကားတောင်းလေသည်။ ခင်သက်ထွေးက သူကိုယ်တိုင်လည်း ရည်းစားရလုနီးနီးမို့ မိုက်လုံးကြီးဟန်နှင့် ...

"အေး ... ဟုတ်တယ်လေ၊ မှားတယ်ပြောလို့ ဘယ်ရမလဲ"

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့က ...

"ငါတို့ကတော့ မှားတယ်လို့ ပြောချင်တယ်"

"မမှားဘူး"

"မှားတယ်"

"မမှားဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရည်းစားထားတာ မှားတယ်၊ ရည်းစားထားတာ မမှားဘူး" ဆိုသော ခေါ်ဝေါ်အောက်သို့ အပွဲနှစ်ပွဲကွဲကာ ရောက်သွားကြတော့သည်။ သောကကြည့်နေသော မိုးဦးမှာ စကားနပန်းအစီအစဉ် တင်ဆက်သူ 'ညောင်ညောင်' လို နှစ်ဖက်စလုံးကို ရန်တိုက်ပေးရမလို ဖြစ်သွားပေါ့။

သို့သော် သူမတို့က စကားနပန်းစင်မြင့်ပေါ်မှာ သရုပ်ဆောင်နေကြသော သရုပ်ဆောင်များ မဟုတ်ချေ။ တကယ်တင်းမာလာလျှင် စကားနပန်း မဟုတ်ဘဲ တကယ့်နပန်းဖြစ်လာနိုင်ဖွယ်ရှိသဖြင့် မိုးဦး ထိုအကြံအစည်ကို လက်လျှော့လိုက်သည်။ ခုနကလို ရယ်ရွှန်းပတ်ရွှန်းလုပ်ကာ နားထောင်မနေနိုင်တော့ဘဲ ...

"ကဲ ... တော်ကြပါဟာ၊ နင်တို့ကလည်း ဘာမဟုတ်တာလေးနဲ့ စကားများကြဦးမယ်၊ ထားချင်တဲ့သူက ထား, မထားချင်တဲ့သူက မထားနဲ့ ... ဟုတ်ပြီလား"

မိုးဦးက ပြောပြောဆိုဆိုနှင့် ထရပ်လိုက်၍ ...

"ဟင် ... နင်က ဘယ်လဲ"

ဉမ္မာညိုက လှမ်းမေးသည်။ မိုးဦးက ...

"ဘယ်မှမဟုတ်ဘူးဟေ့ ... လိုအပ်လို့ရှိရင် လိုက်ဆွဲလို့ရအောင် ထဘီပြင်ဝတ်နေတာ"

"နင်ကလည်း"

"အေးလေ ... ငါတို့က တကယ်ရန်ဖြစ်မှာကျနေတာပဲ"

မကျေမနပ်အသံတွေကို မသိချင်ယောင်ဆောင်ပြီး မိုးဦး ပြန်ထိုင်လိုက်သည်။ မှားတယ် မမှားဘူးဆိုသော အသံတွေ ရပ်သွားကြသော်လည်း ဉမ္မာညိုက ...

"မိုးဦး ... နင်ကော ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ"





"အခု ငါတို့ပြောတဲ့ကိစ္စကိုပေါ့"

"ဘယ်လိုသဘောရ ရမှာလဲ"

"နင်က ငါတို့အားလုံးထဲမှာ အလှဆုံးနဲ့ ချစ်စရာအကောင်းဆုံးပဲလေ၊ ရည်းစားစကားလည်း အပြောခံရဆုံးဆိုတော့ နင့်သဘော တစ်ခုတော့ရှိမှာပေါ့"

"ဘာသဘောမှ မရှိဘူးဟာ၊ တစ်ခါမှလည်း မစဉ်းစားမိပါဘူး"

"ဟင် ... ဘယ်လိုဖြစ်လို့လဲ"

"ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်တယ်"

"ဟင် ... ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ဆိုင်တယ်လို့ပဲ မှတ်ထားကြတော့၊ အဲဒါ နင်တို့အားလုံးကို လိုက်စားကြဦးလို့ ခေါ်တာ၊ မလိုက်ချင်တဲ့လူ နေခဲ့"

"ဟီး ဟီး ... ဒါမျိုးကတော့ မငြင်းပါဘူး"

"မိုးဦး ... တခြား ဘယ်သူတွေကိုရော ဖိတ်ထားသေးလဲ"

"ဘာပွဲမှလုပ်တာ မဟုတ်လို့ ဘယ်သူ့ကိုမှ မဖိတ်ဘူး၊ ဒါပေမဲ့ မဖိတ်ထည်း လာမယ့်သုံးယောက်တော့ ရှိတယ်"

"ဟင် ... ဘယ်သူတွေလဲ"

"ဝေယံ, ဇညားနဲ့ ရဲခေါင်ပေါ့"

"သူတို့လာတာ ဘာဖြစ်လို့လဲ မိုးဦးရဲ့၊ နင်ပြောတဲ့ပုံက ထူးထူးဆန်းဆန်း"

မိုးဦး ထိုင်ရာမှထလိုက်ပြီး ...

"အေး ... ထူးဆန်းတာကိုသိချင်ရင် လိုက်ခဲ့ကြတော့"

ထိုသို့ဖြင့် အမှန်တကယ် ထူးဆန်းသောကိစ္စတစ်ရပ်ကို ထမ်းခေါ် ရောက်မှပဲ မိုးဦးပြောဖြစ်လေသည်။

▲▲▲

www.burmeseclassic.com

## အခန်း (၂)

ထိုထူးဆန်းသောကိစ္စသည် မနက်ပိုင်းသင်တန်းတစ်ခုအပြီး မိုးဦး အိမ်ပြန်လာချိန်မှာ ကြုံရခြင်းဖြစ်သည်။

ခါတိုင်းလို စကားလိုက်ပြောသူများထဲမှ တစ်ယောက်ကြောင့် ပြဿနာဖြစ်သွားခြင်းမျိုးလည်း မဟုတ်ပါ။ ဤနေ့တွင်တော့ ထူးထူးဆန်းဆန်း လမ်းတစ်လျှောက်လုံး အနှောင့်အယှက်ကင်းစင်နေသည်။ ခါတိုင်းလို စိတ်ရှုပ်စရာတွေလည်း မတွေ့ရသဖြင့် မိုးဦး စိတ်လက်ပေါ့ပါးစွာပင် အေးအေးဆေးဆေး ဖြစ်လျက်ရှိသည်။

သင်တန်းက ရပ်ကွက်ထိပ်နားမှာပဲဖြစ်သည်။ အိမ်နှင့် ခရီးမဝေးသည့်အတွက် မိုးဦးက ဘာကိုမှမစီးပါ။ ထိုသို့ပြောရသည့်အကြောင်းက ကယ်ရီလုပ်သော ဆိုင်ကယ်တွေသည် ရပ်ကွက်ထဲမှာ အများအပြားရှိနေ၍ ဖြစ်သည်။

ထိုကယ်ရီသမားတွေက မိုးဦးကိုတွေ့သည်နှင့် လက်ညှိုးတစ်ချောင်းစီ ထောင်ပြကြသည်။ သူတို့အချင်းချင်း အပြိုင်အဆိုင်လုပ်ကာ ခရီးသည်ခေါ်ခြင်း



ဖြစ်သော်လည်း မိုးဦးကတော့ တစ်ခါမှ ခေါင်းမညိတ် ပြဖြစ်ချေ။

မူလတန်းအရွယ် ကျောင်းသူဘဝက "ရှူးရှူး" ပေါက်ချင်လျှင် ဆရာမကို ထိုသို့ လက်ညှိုးလေးထောင်ကာ ခွင့်တောင်းရသည်ကိုပဲ တွေးမိပြီး မည်သို့မျှ ခံစား၍မရ။ ခံစား၍ရလျှင်လည်း ထိုကယ်ရီတွေကို စီးမည်မဟုတ်။ ဆိုခဲ့သည့်အတိုင်း သင်တန်းနှင့်အိမ်က ဝေးလှသည်မဟုတ်၍ လမ်းလျှောက်ပြန်ခြင်းပဲဖြစ်သည်။

စိတ်ပေါ့ပါးစွာနှင့်လျှောက်လာရင်း အိတ်ထဲမှ နားကြပ်လေးကိုထုတ်ကာ နားထောင်လိုက်သေးသည်။ ကွက်ကြည့်ကွက်ကြည့်လုပ်သွားသော ရှယ်တူကောင်လေးအချို့ကို မသိချင်ယောင်ဆောင်ကာ ဖြတ်ကျော်လာစဉ်မှာပဲ ...

"အဲ"

ပခုံးကိုလှမ်းတို့သော အထိအတွေ့ကြောင့် လှည့်ကြည့်လိုက်မိသည်။ လူကြီးတစ်ယောက်က လက်ဟန်ခြေဟန်လုပ်ကာ စကားပြောနေ၏။

မိုးဦး မျက်မှောင်ကြုတ်လိုက်မိပြီးမှ နားကြပ်ကို ကပျာကယာ ဆွဲချွတ်လိုက်ရင်း ...

"ဦးလေး ... ဘာပြောတာလဲ"

ထိုဦးလေးကြီးက မိုးဦးချွတ်လိုက်သော နားကြပ်ကို လိုက်ကြည့်ပြီးမှ ...

"ဟိုအရှေ့က တံတားလေးက မနက်ကမှ ကွန်ကရစ် ပြန်လောင်းထားတာ၊ အဲဒီမှာ မြင်လား ... ဆိုင်းဘုတ်ရေးထားတာ"

မိုးဦးကြည့်လိုက်တော့ ဝါးလုံးတစ်လုံးမှာ သံကြိုးနှင့်ချည်ထားသော ကတ်ထူပြားတစ်ပြားကို တွေ့ရသည်။ ကတ်ထူပြားပေါ်မှာက "တံတားမြင်းထားသည်၊ ကွေ့လျှောက်ပါ" ဆိုသော စာကြောင်းကို ရေးထား၏။

"အင်း ... တွေ့ပြီ ဦးလေး၊ အဲဒါ ဘာဖြစ်လို့လဲ"

စာကြောင်းက ကတ်ထူဝါဝါပေါ်မှာ ဆေးအဝါနှင့်ရေးထား၍ ရှုတ်တ



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ဆိုလျှင် မယဲကွဲချေ။ မိုးဦး နားမလည်ဖြစ်မိရင်း ပြန်မေးလိုက်၏။

ဦးလေးကြီးက ခေါင်းတစ်ချက်ညိတ်ပြပြီး . . .

"ဘာဖြစ်ရမှာလဲ . . . ခုနကပဲ လူသုံးလေးယောက် စကားတပြောပြောနဲ့လျှောက်လာရင်း မမြင်ဘဲ တက်နင်းသွားလို့ ပြန်ပြင်လိုက်ရသေးတယ်။ အခု သမီးကိုလည်း သတိမထားမိမှာစိုးလို့ ဦးက သတိပေးတာ"

"ရှင် . . . ဩော် . . . ဟုတ်ကဲ့ ဟုတ်ကဲ့"

မိုးဦး အောင့်သက်သက်ဖြစ်သွားမိသော်လည်း ဦးလေးကြီးရှေ့မှာယင် နားကြပ်တို့ အိတ်ထဲပြန်ထည့်ရင်း ဆက်လျှောက်ခဲ့လိုက်သည်။ "တံတားပြင် ထားသည်၊ ရှောင်လျှောက်ပါ" ဆိုသော ကတ်ထူဆိုင်းဘုတ်ကိုလည်း မျက်လုံးဖြင့် သေသေချာချာကြည့်ပြီး တံတားဘေးမှ သေသေချာချာပင် ကွေ့လျှောက်လာခဲ့ပါသည်။

ထိုဦးလေးကြီး သတိမပေးလျှင် ရှေ့ကသုံးယောက်လိုပဲ မမြင်ဘဲ နင်းမိသွားနိုင်သည်ဟုတွေးရင်း "ခိ" ခနဲ ရယ်မိသည်။

သူမရှေ့မှ စတိုင်ထွားထွားနှင့်လျှောက်လာသော သကောင့်သားတစ်ယောက် ခြေလှမ်းတွေ ပျက်သွား၏။ သူ့ကိုရယ်တာလည်း မဟုတ်ဘဲ ခြေလှမ်းတွေက အိုးနင်းခွက်နင်း ဖြစ်သွားသည်။ မိန်းမတွေကို ဂရုမစိုက်ဘူးဆိုသော မာန်တင်းထားသည့် ဟန်တစ်ခွဲသားပျက်သွားကာ လက်ကပဲ ခေါင်းကုတ်တော့မလို၊ ခေါင်းကပဲ လက်ကို ပြန်ကုတ်တော့မလို ဖြစ်သွား၏။

ပြီး မိုးဦးကိုတစ်ချက် ပြန်ကြည့်ရင်း သူ့ဘာသာသူ တစ်ဖက်သတ်ကြီး ရှက်ကိုးရှက်ကန်းဖြစ်ကာ ကမူးရှူးထိုး အတင်းဖြတ်ကျော်သွားလေသည်။

မိုးဦးကတော့ ဘာမှမဖြစ်ပါ။ ဒါက သဘာဝကို အံတုပြီး "မိန်းကလေးတွေကို စိတ်မဝင်စား" ဟု ကိုယ့်ကိုယ်ကိုယ် ဟန်လုပ်နေကြသည့် သကောင့်သား တချို့တလေ၏ကိစ္စ ဖြစ်သည်။ ပြီး ထိုအမူအရာတွေကို မိန်းကလေးတွေက သဘောကျသည်ဟုလည်း သူတို့မှာ မိုက်လုံးကြီးစွာ ထင်နေကြ၏။





ထားပါ . . . ဒါက ကိုယ့်ကိစ္စမဟုတ်။

မိုးဦး နားကြပ်လေးကို ပြန်တပ်ရန် ပြင်လိုက်စဉ်မှာပဲ . . .

'စွပ်'

"ဟာ . . . သွားပြီ"

"ဟော့ . . . မင်း ရေးထားတာ မမြင်ဘူးလားကွ"

မိုးဦးလှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်းပင်။ မိုးဦးကို အတင်းဖြတ်ကျော်သွားသော သကောင့်သား၏ ခြေထောက်တစ်ဖက်သည် တံတား၏ အုတ်ကျိုးအသစ်စက်စက်တစ်နေရာမှာ နစ်ဝင်လျက်သား ဖြစ်နေသည်။ မိုးဦးကို သတိပေးလိုက်သော ဦးလေးကြီးနှင့် စကားအချေအတင် ဖြစ်နေ၏။

"ခိ"

ဒါကတော့ ကိုယ်နှင့်မဆိုင်ဟုတွေးရင်း မိုးဦး ဆက်လျှောက်လာခဲ့သည်။ နားကြပ်ကို နောက်တစ်ကြိမ် ထုတ်တပ်ရန် ပြင်လိုက်စဉ်မှာတော့ သူမ နာမည်ခေါ်သံကို ကြားလိုက်သည်။

"မိုးဦး . . . ပြန်လာပြီလား"

"မိုးဦးရေ . . . ပြန်လာပြီလားဟ"

ကျက်ရုံအပြင် ချိုးကပ်သွားတာကိုကျော်ပြီး တူးသွားသည်အထိ မှတ်မိသောအသံတွေကြောင့် ဘေးသို့ လှည့်ကြည့်လိုက်သည်။

ဝေယံ . . . ဗညား . . . ရဲခေါင်။

လမ်းဘေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ ရှေ့မျက်နှာစာမှာ ထိုင်နေကြရင်း လှမ်းအော်နှုတ်ဆက်ခြင်းဖြစ်သည်။

မိုးဦး တစ်ချက်လှည့်ကြည့်ကာ အသံခပ်ဆတ်ဆတ်နှင့် . . .

"အေး . . . ပြန်လာပြီ၊ နင်တို့ပဲ အဲဒီမှာ အချိန်ဖြုန်းနေကြ"

ရယ်သံတွေ နောက်မှာကျန်ခဲ့သည်။ မိုးဦး နားကြပ်လေးကို ပေးတာ ဆက်လျှောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

စေယံ၊ ဗညားနှင့်ရဲခေါင်တို့က မိုးဦး၏ ရှားရှားပါးပါး ယောကျ်ား လေးလူငယ်ချင်းသုံးယောက်ဖြစ်သည်။ ကလေးဘဝကပဲ ခင်ခဲ့သော သူငယ်ချင်းတွေဟု ပြောရမည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပြီးတော့ တက္ကသိုလ်ကျောင်းပညာရေးတစ်ခု ပြီးသည်အထိပင်။

ပြီး မိုးဦးနှင့် မကြာခဏ ရန်ဖြစ်ရသောသုံးယောက်ဟု ဆိုရမည်။ သူတို့သုံးယောက်စလုံးလည်း တစ်ခါတလေ မတည့်ကြ။ စကားများပြီး ရန်လည်း မဖြစ်ကြဘဲ တစ်ယောက်နှင့်တစ်ယောက် မခေါ်မပြောနေကြသည်။ တည့်ပြန် လျှင်လည်း လင်မယားတွေလို ဖြစ်နေ၏။ မျက်စိအောက်ကပင် အပျောက်မခံ

မိုးဦးနှင့် မကြာခဏ စကားများကြသော်လည်း သူတို့သုံးယောက်မှာ တူညီသော အရည်အချင်းတစ်ရပ် ရှိကြသည်။ အဲဒါက မိုးဦးအပေါ်မှာသာ မဟုတ်၊ တခြား ဘယ်သူ့ဘယ်သူကိုမဆို မည်သူ့ကို မည်သို့ချော့ရမည်၊ မည်သူ့ကို အဘယ်သို့ပေါင်းရမည်ဆိုတာတွေကို အလိုလို ကျွမ်းကျင်နေကြခြင်း ဖြစ်သည်။

ရပ်ကွက်ထဲက ဥမ္မာညိုနှင့် ကျောင်းတုန်းက ခင်သက်ထွေးတို့ကိုပင် အဝေးကြီးမှာထား . . . မိုးဦး သင်တန်းတက်မှခင်ရသည့် ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့ကိုပင် သုံးမိနစ်အတွင်း ရင်းနှီးအောင် စွမ်းဆောင်နိုင်ကြလေသည်။

"အမေ့"

သီချင်းသံသာကြားနေရသဖြင့် အနားမှာ ဖြုန်းခနဲပေါ်လာသော ရဲခေါင်ကို အမြင်မှာ မိုးဦးလန့်သွားမိသည်။ ရဲခေါင်က သူ့ကိုယ်သူ အရှိန်လျှော့ရင် လက်ဟန် ခြေဟန်လုပ်ပြနေ၏။

"ဘာလဲ"

နားကြပ်ကိုချွတ်ရင်း ပြန်မေးလိုက်သည်။ ရဲခေါင်က ဘာမှပြန်မပြောဘဲ လက်ခါးကာပြ၏။ တစ်ကိုယ်လုံးလည်း ချွေးသံတရွှဲရွှဲနှင့် ပေါပေါဆိုက်နေ၏။ ဘာတွေအရေးကြီးလို့ ဒီလောက် ပြေးလာရသည် မသိ။

"မိုးဦး"

"အေး . . . ခဏနေဦး . . . ပြီးမှပြော၊ ဒီလောက်မောနေတာကို"

မောသံကြီးဖြစ်နေ၍ မိုးဦးက တားလိုက်သည်။ ရဲခေါင်က လက်ညှိုး တစ်ချောင်းထောင်ပြ၏။

"ဘာလဲ"

"တစ် တစ်မိနစ်တော့ စောင့်လို့ပြောတာ . . . ဟုတ်လား ဟဲ"

"အေး အေး . . . နင့်ဟာနင် ထိုင်ပြီး အမောဖြေပါဦး။ နောက်ကများ ကျားလိုက်လိုက်သလားမသိဘူး။ ပြေးလာလိုက်တာ"

ရဲခေါင်က လက်ညှိုးထောင်လျက်သားနှင့်ပင် အမောဖြေနေလေသည်။ တစ်မိနစ်အတိအကျလောက်မှာပဲ ထလာပြီး . . .

"မိုးဦး . . . ငါလိုက်လာတာ ဘယ်သူမှ မမြင်ပါဘူးနော်"

"ဘယ်သူက မြင်ရမှာလဲ၊ ဒီနားကလူတွေကတော့ မြင်မှာပေါ့၊ ကဲ ပြော . . . ဘာကိစ္စလဲ"

ရဲခေါင်က မပြောဘဲ ဟိုကြည့်ဒီကြည့်လုပ်သည်။ ခဏနေမှ . . .

"ရော့"

"ဘာလဲ"

"စာ"

"ဘာစာလဲ"

"ရည်းစားစာ"

"ဘာ"

"နင့်ဟာနင် အိမ်ရောက်တော့မှ ဖတ်ကြည့်တော့ဟာ၊ လောလော ဆယ် ငါက ပထမဆုံးနော်၊ အဲဒါ နင်မှတ်ထား"

"ဟဲ့"

ဘာမှ ပြန်မေးချိန်မရလိုက်။ ရဲခေါင်က သူ့ဟာသူပြောပြီး လှစ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောသွားသည်။ မိုးဦးမှာပဲ စာအိတ်ကလေးကိုကိုင်ကာ အငေးသားကျန်ခဲ့ရ

"ဒါဆို ရဲခေါင်က နင့်ကို ရည်းစားစာပေးသွားတာပေါ့ ... ဟုတ်လ

မိုးဦး"

ဥမ္မာညို့က မိုးဦးစကားအဆုံးမှာပဲ ကမန်းကတန်း ဝင်မေးလေသည်

မိုးဦးက ဘာဘာညာညာ ဟန်ပန်တွေမလုပ်ဘဲ ...

"အေး ... အိမ်ရောက်ရောက်ချင်း စာကို ဖတ်လိုက်တော့ ရည်း

စာပဲ"

"ရဲခေါင်က ဘယ်လိုဖြစ်ပြီး စိတ်တွေပြောင်းသွားရတာလဲ"

ပန်းအိစကားအဆုံးမှာ မိုးဦးက ...

"ကိစ္စက မဆုံးသေးဘူး ... ငါပြောတာ ဆက်နားထောင်ဦး"

"ဟင် ... ဘာဆက်ဖြစ်လို့လဲ"

ထိုစဉ်မှာပဲ ထီလှည်းတစ်လှည်းက သူမတို့၏မျက်နှာချင်းဆိုင်မှ

လျှောက်လာသည်။ သူမတို့အားလုံး ထီလှည်းကို ရှောင်လိုက်စဉ်မှာပဲ မိုးဦး

ထီလှည်းကို တစ်ချက်လှမ်းကြည့်ပြီး ...

"အဲဒီလို ထီလှည်းမျိုးနဲ့ တစ်ခါထပ်ကြုံရသေးတယ်"

"ဟင် ... ထီသည်က ရည်းစားစကား ပြောသွားလို့လား"

ခင်သက်ထွေး၏စကားကြောင့် မိုးဦးက ...

"ထီသည်က ပြောရင်တော့ ပေါက်အောင်ထိုးလိုက်မှာပေါ့ဟ ... ထီ

မဟုတ်ဘူး လူကို"

"နင်ပြောတော့ ထီလှည်းနဲ့ ကြုံတယ်ဆို"

"အေး ... ကြုံတာကတော့ ထီလှည်းနဲ့ပဲ၊ ဒါပေမဲ့ ထီသည် မဟု

ဘူး"

"ဒါဆို ဘယ်သူလဲ"

သူတို့ ထူးထူးဆန်းဆန်း ထပ်ဖြစ်သည်ကို လမ်းပေါ်မှာပဲ ထပ်ပြေ





ပြန့်သည်။

မိုးဦးအိမ်သို့ရောက်ရောက်ချင်းပဲ ရဲခေါင်ပေးစာကို ဖတ်လိုက်ပါသည်။ စာက သူငယ်ချင်းအချစ်ထက်ပိုသော ရည်းစားစာပဲ ဖြစ်၏။ ထွဲထွဲ့တော့ ရေးထားသည်။ သို့ပေမယ့် မိုးဦး ဘယ်လိုမှ ခံစားမရချေ။ သူငယ်ချင်းအချစ်ထက် မပိုနိုင်သောကြောင့်လားတော့ မသိ။

စာကို အခန်းထဲမှာပစ်ချထားခဲ့ရင်း မိုးဦး ဟိုလုပ်ဒီလုပ်နှင့် ထိုကိစ္စကို မေ့သွားသည်။

နေ့လယ်စာစားအပြီး အချည်ထုပ်ဝယ်ရန် လမ်းထိပ်ထွက်ခဲ့တော့ ကိစ္စတစ်ခုကို ထပ်ကြုံရ၏။

"(ဒူ ထောက် ... ဒူ ဒူ ထောက်)"

သူမအနားသို့ ထီလှည်းတစ်လှည်းက သံစုံတီးဝိုင်းကြီးတစ်ခု တင်ဆောင်လာသလို ရောက်လာသည်။ အနီးဆုံးအနေအထား ရောက်လျှင်ရောက်ချင်းပဲ ...

"အစ်မလေး ... ထီထိုးသွားပါဦးလား၊ ထီဖွင့်ဖို့ကလည်း ရက်ကမလို တော့ဘူးနော်၊ တစ်စောင်တည်းနဲ့ ကံထူးရှင်ဖြစ်သွားမယ့် အခွင့်အရေးက လက်တစ်ကမ်းမှာပဲ အစ်မလေးရဲ့"

မိုးဦး စိတ်ဝင်စားသွားသည်။ ခါတိုင်းလည်း မိုးဦးက လဆန်း၊ လလယ်၊ လဆုံး ထီထိုးနေကျဖြစ်၏။ မိတ်တွေက မဆင်းရဲသော်လည်း မိုးဦးက ထီထိုးရန် ဝါသနာပါသည်၊ သို့ပေမယ့် ထီမဟုတ်သော တခြားလောင်းကစားတွေကို ဝါသနာပါခြင်း လုံးဝမရှိပါ။

ထို့ကြောင့် ဝါသနာပါသော ထီကိုသာ တစ်စောင်ရွေးမေးပြီး ရွေးကောက်တွဲဝယ်လိုက်သည်။

ထီသည်က ...

"အစ်မလေး ... အတွဲတစ်ရွေးဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



မိုးဦး အလိုမကျမဖြစ်ဘဲ မျက်မှောင်တွန့်သွားမိသည်။ ထို 'အတိတ်' ဆိုသောအကြောင်းကို မိုးဦး ထိထိုးသည့်အခါတိုင်း မည်သည့်ထိသည့်မှ မမေ့နိုင်ရေး သို့သော်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထို 'အတိတ်'အကြောင်းကို ကြားဖူးနေကျဖြစ်၍ မိုးဦးက . . .

"အင်း . . . ရေးမယ်"

"ဘာရေးမှာလဲ အစ်မလေး"

မိုးဦး ခေတ္တမျှ စဉ်းစားလိုက်ပြီးမှ . . .

"ဗလာ"

ထိသည်က 'ဗျာ' ဟု ရေရွတ်သည်။ မိုးဦးက တခစ်ခစ် ရယ်လိုက်ရင်း . . .

"ငါလည်း တစ်ခါမှ အတိတ်မရေးဘူးလို့ ဘာစဉ်းစားရမှန်း မသိဘူး ဘာပဲဖြစ်ဖြစ် အတိတ်ရေးဖူးသွားတာပေါ့၊ အဲဒီအတိုင်းပဲ ရေးလိုက်"

"ဟုတ်ကဲ့ အစ်မလေး . . . ဒါဆို အစ်မလေးရဲ့ထီလေး ခဏလောက်"

ထိသည်က မိုးဦးလက်ထဲမှ ထီကိုယူကာ . . .

"အစ်မလေးရဲ့ နာမည်နဲ့လိပ်စာက"

"မိုးဦးနှင်းဆီ၊ လိပ်စာက"

ထိသည်က ထိလှည်းပေါ်ကိုင်းတိုင်းတိုင်းလုပ်ပြီး တစ်စုံတစ်ခုကို ရေးခြစ်လေသည်။ မိုးဦး ဟိုဟိုဒီဒီ လှည့်ကြည့်နေစဉ်မှာပဲ . . .

"အစ်မလေး . . . ရပါပြီခင်ဗျာ၊ အစ်မလေးပြောသလို ဗလာမဟုတ်ဘဲ သိန်းထောင်ချီပြီး ပေါက်ပါစေဗျာ"

"ကောင်းပါပြီရှင်"

ထိလှည်းက ဆက်ထွက်သွားသည်။ မိုးဦးသည်း ထီလက်မှတ်ကလေးကိုကိုင်ကာလျှောက်လာရင်း တစ်နေရာအရောက်မှာ မျက်မှောင်ကြုတ်မိသွားသည်။





ထီလက်မှတ်ကို ငုံ့ကြည့်လိုက်ရာ၌ လေးထောင့်ကွဲထီလက်မှတ်အဖိတ်အလေးက ဒီလောက် ထူထဲမနေသင့်။ 'အတိတ်' ရေးသည်ဆိုတာနှင့်တင်သင့် နေသလား။ ကိုယ်တိုင်လည်း မကြုံဖူးသဖြင့် ခဏမျှ ငုံ့ကြည့်နေပြီးမှ ဘာဘာညာညာ မစဉ်းစားတော့ဘဲ ထီလက်မှတ်အဖိတ်ကလေးကို ဖွင့်ကြည့်လိုက်သည်။

ထိုသို့ ဖွင့်ကြည့်လိုက်တော့မှ အကြောင်းရင်းကို သိလိုက်ရလေသည်။

"ဟင်"

ပန်းအိက တအံ့တသြ ရေရွတ်ပြီး . . .

"ဒါဆို အဲဒီထီတွေကြားထဲမှာ စာထည့်ပေးလိုက်တာပေါ့"

"အေး"

"အဲဒီ ထိသည်က ဗညားဆိုတာကို နင် မသိဘူးလား"

"ဘယ်လိုလုပ်သိမှာလဲ . . . သူက ဦးထုပ်အဝိုင်းကြီးကို မျက်နှာဖုံးအောင် ဆောင်းထားသေးတယ်၊ ပြီးတော့ သူဝတ်နေကျပုံစံ မဟုတ်ဘဲ ခပ်စုတ်စုတ် ဝတ်လာတာဟ၊ အသံကလည်း တစ်မျိုးဆိုတော့ . . ."

"ဘယ်လိုတစ်မျိုးလဲ"

"သူမှန်းမသိအောင် အသံဖျက်ပြီး ပြောတာလို့ ဆိုလိုတာလေဟာ"

ကြည်ကြည်ဖြိုးက ဝင်ပြောသည်။ စကားအဆုံးမှာပဲ ဥမ္မာညိုက . . .

"အဲဒီစာက ရည်းစားစာမှန်းသိတော့ နင် ဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုမှမဖြစ်ဘူး"

မိုးဦးက ပုံမှန်လေသံနှင့်သာ ပြန်ဖြေလိုက်သည်။ အားလုံး ငြိမ်သွားကြစဉ်မှာ ခင်သက်ထွေးက . . .

"ဒါဆို အဲဒီတစ်ရက်တည်းမှာပဲ ရဲခေါင်နဲ့ဗညားက နင့်ကို ရည်းစားစာပေးသွားတာပေါ့၊ ဒီကိစ္စက ထူးဆန်းမနေဘူးလား။ မိုးဦး . . . နင် ပါတိုင်းဆိုလိုချင်တာ အဲဒါလား"

မိုးဦး ဘာမှပြန်မဖြေဘဲ ခပ်ငြိမ်ငြိမ်ဖြစ်သွားစဉ်မှာ အားလုံး ဝိုင်းမေး



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းသွားသည်။ မိုးဦးက သက်ပြင်းတစ်ချက်ကို 'ဟင်း' ခနဲ ရှိုက်ထုတ်လိုက်ရင်း …

"အဲဒါက ဘာမှမဖြစ်သေးဘူး။ ငါလည်း ဘာမှမဖြစ်သေးဘူး"

"ဟင် … ဒါဆို ဘယ်အချိန်ကျမှ ဖြစ်သွားရတာလဲ"

ခင်သက်ထွေး၏ တအံ့တသြအမေးကို မိုးဦးက …

"ညနေရောက်မှပေါ့၊ ဝေယံက ငါ့ကို လူကိုယ်တိုင် ရည်းစားစကား လိုက်ပြောလို့"

"ဟယ်"

အားလုံး တစ်ပြိုင်နက် အသံထွက်သွားခြင်း ဖြစ်သည်။

"ဒါ … ဒါဆို တစ်ရက်တည်းမှာ ဒီကောင်သုံးကောင်စလုံး ဒီလို ဖြစ်သွားကြတာပေါ့"

ပန်းအိက သူ့ဆံပင်ကုပ်ဝဲကို လွှင့်ဝဲသွားအောင်ခါပြီး …

"ဒါ ဒါ ဘာသဘောလဲ"

"မသိဘူးလေ၊ ငါလည်း ဘယ်သူ့မှ ရင်မခုန်ပါဘူး၊ နင်တို့ကို ပြော ပြတာ"

"ဝေယံက လူကိုယ်တိုင် လိုက်ပြီးစကားပြောတယ်ဆိုတော့ ဘယ်လိုမျိုး လဲ"

"ဘယ်လိုမျိုးလဲဆိုတော့ နောက်မှပဲ ပြောပြမယ်၊ လောလောဆယ် တော့ အားရှုံး တိတ် ဆိတ် အမိန့်ပဲ"

မိုးဦးစကားအဆုံးမှာ အားလုံး ငြိမ်သက်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် သူမတို့အားလုံး မိုးဦး၏ ခြံတံခါးဝင်းရှေ့သို့ ရောက်လာကြပြီကြောင့်ပင်။

▲▲▲



## အခန်း (၃)

ရာသီဥတုက အနည်းငယ် အုံ့ပျက်ပျက် ဖြစ်နေသည်။

မိုးဦးတို့အားလုံး သင်တန်းရှိရာ အပေါ်ထပ်မှ အောက်သို့ ဆင်းခဲ့လိုက် သည်။ သင်တန်းအနီးရှိ ထိုင်နေကျ အအေးဆိုင်လေးကို မရောက်မီမှာဘဲ ပန်းအိက …

"မိုးဦး … နင် ဆိုင်ထိုင်ဖြစ်ဦးမှာလား"

"ထိုင်မှာပေါ့ … ခါတိုင်းလည်း ထိုင်နေတာပဲကို၊ ဘာလဲ … နင်က သွားစရာရှိလို့လား"

"မရှိပါဘူးဟ … ဒါပေမဲ့ နင် ဒီနေ့တော့ မထိုင်ဖြစ်တော့ဘူးလားလို့ မေးတာ"

"ငါက ဘာဖြစ်လို့ မထိုင်ဖြစ်ရမှာလဲ ပန်းအိရဲ့"

မိုးဦး မျက်ခုံးအတွန့်ချိုးလိုက်မိစဉ်မှာပဲ ကြည်ကြည်ဖြိုးက လေသံတိုး တိုးနှင့် …

"အအေးဆိုင်ထဲမှာ နင့်အချစ်တော်ကြီးသုံးယောက် ရောက်နေလို့



www.burmeseclassic.com

www.burmeseclassic.com

ပြောတာ"

"ဘာ"

"ရဲခေါင်, ဗညားနဲ့ ဝေယံ"

မိုးဦး လှမ်းကြည့်မိရင်း အာမေဋိတ်တစ်ခု ဖြစ်သွားရသည်။

" .........."

ပန်းအိက ...

"ကဲ ဘယ်လိုလဲ ... အအေးဆိုင်ထိုင်ဦးမှာလား"

မိုးဦး အကြည့်လွှဲကာ နှုတ်ခမ်းဖွဖွကိုက်လိုက်ရင်း ...

"ဆက်လျှောက်ဟာ ... နင်တို့လည်း လှည့်မကြည့်ကြနဲ့"

ရဲခေါင်၊ ဗညားနှင့် ဝေယံတို့က သူမတို့ဘက်ကို လှမ်းကြည့်မနေပါ။ သို့သော် မိုးဦးက တစ်စုံတစ်ခုကို မျက်တောင်တစ်ခတ်အတွင်း သိလိုက်ပြီး ဖြစ်သည်။ သူတို့သုံးယောက်က သူမတို့ကို မမြင်သလို လုပ်နေကြခြင်းပင်။

မိုးဦးတို့ကလည်း မသိသလို ဖြတ်ကျော်လာခဲ့ပါသည်။ အအေးဆိုင်လေး ရှေ့မှ ကျော်လွန်ပြီး တစ်နေရာအရောက်မှာ ကြည်ကြည်ဖြိုးက ...

"မိုးဦး ... ငါတို့ မနေ့က မသိလိုက်ရတဲ့ကိစ္စကို ပြန်မေးချင်လို့"

"ဘာလဲ"

မိုးဦး မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်သော်လည်း ကြည်ကြည် ဖြိုးက ဘာမှ ကွေ့ဝိုက်မနေဘဲ ...

"ဝေယံ နင့်ကို ရည်းစားစကားပြောသွားတာကို ပြောတာ၊ ဒီကောင်က ရဲခေါင်နဲ့ ဗညားတို့လို စာပေးတာမျိုးမဟုတ်ဘဲ ပါးစပ်နဲ့ပြောသွားတာဆိုတော့ ဘယ်လိုမျိုးလဲဆိုတာ သိချင်လို့"

"အေး ... ဟုတ်တယ် မိုးဦး၊ ငါလည်း အဲဒါကို သိချင်နေတာ"

ပန်းအိကပါ ဝင်မေးလေသည်။ မိုးဦးက သက်ပြင်းတစ်ချက်ချလိုက်ပြီး

"အေး ... အဲဒါက ဒီလိုဟာ"

ထိုအချိန်မှာ အအေးဆိုင်လေးအတွင်းရှိ ရဲခေါင်၊ ဗညားနှင့် ဝေယံ တို့မှာ ...

"ဟေ့ကောင်ဝေယံ ... အဲဒါ ဘာလုပ်နေတာလဲ"

"ပယောဂများ မိသွားတာလားမသိဘူး"

ရုတ်တရက် ငြိမ်ကျသွားသော ဝေယံကိုကြည့်ကာ ရဲခေါင်နှင့် ဗညားတို့ ပြောလိုက်သည်။

ဝေယံက မည်သို့မျှ ပြန်မဖြေ။ မျက်ဆန်များသာ လှုပ်ရှားနေပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားလေသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ"

"ပယောဂမိသွားတာ ဖြစ်ရမယ်ကွာ"

"ဖြစ်နိုင်တယ် ... ဒါဆို ဘယ်လိုလုပ်မလဲ"

"ကြိမ်လုံးရှာကွာ"

ဗညား ထိုင်ရာမှ ထထွက်သွားသည်။ ချက်ချင်းဆိုသလို ပြန်ရောက် [illegible] ...

"တွေ့ပြီကွ ... ဒီမှာ"

"ကြိမ်လုံးလား"

"မဟုတ်ဘူး ... ဝါးခြမ်းပြား၊ ဒါနဲ့လည်း ဖြစ်တာပဲ"

"အေး ... ချကွာ"

ရဲခေါင်က ဗညားလက်ထဲမှ ဝါးခြမ်းပြားကို လှမ်းယူသည်။ ဝေယံ [illegible] မတတ်နိုင်တော့ဘဲ ပါးစပ်ထဲမှာ ငုံထားသော ရေများကို ကမန်းကတန်း [illegible]တ်လိုက်ရင်း ...

"ဟေ့ကောင် နှစ်ကောင် ... ဆရာသခင်ကို စောစောစီးစီး [illegible] [illegible]လား။ ငရဲအိုးမှာ ချိုးကပ်ရုံတင်မက ခွာမရဖြစ်သွားမယ်"

"ဒါဆို မင်းက အဲဒါ ဘာလုပ်နေတာလဲ"





www.burmeseclassic.com

www.burmeseclassic.com



ဗညားခေါ် ခပ်ဆတ်ဆတ်အမေးကို ဝေယံက ချက်ချင်း ပြန်မဖြေသေးဘဲ ထေ့တဲ့တဲ့ ရယ်လိုက်ပြီးမှ . . .

"ငါ ကျင့်စဉ်တစ်ခုကို ကျင့်နေတာ"

"ဘာဖြစ်တယ် . . . ကျင့်စဉ်ကျင့်နေတာ . . . ဟုတ်လား"

"ကြီးကြီးကျယ်ကျယ် မင်းကများ၊ ဘာကျင့်စဉ် ကျင့်နေရတာလဲ"

"ဟဲ ဟဲ ဟဲ ဟဲ"

"မြန်မြန်ဖြေကွာ . . . လက်ထဲက ဝါးခြမ်းပြားက ငြိမ်ငြိမ်မနေချင်တော့ဘူး"

ဝေယံက . . .

"ငါ ဝစီပိတ်ကျင့်နေတာ"

"ဘာကွ"

"ဗုဒ္ဓေါရေ၊ အဲ . . . ငါလည်း ဘုရားကို သူငယ်ချင်းလို့ခေါ်မိပြန်ပါပြီ ကန်တော့ ကန်တော့ပါဘုရား။ အဲဒါ ဒီကောင်ဝေယံကြောင့် ဖြစ်တာပါဘုရား"

ဗညားက လက်အုပ်တချီချီလုပ်ရင်း . . .

"နေပါဦး . . . မင်းက ဘာတွေများ ဝစီပိတ်ကျင့်နေရတာလဲ၊ တစ်သက်လုံး ဘုရား တရားလိုက်စားတာလည်း မတွေ့မိပါဘူး"

ရဲခေါင်က မျက်မှောင်ကြုတ်လျက်ကြည့်နေသည်။ ဝေယံက . . .

"အဲဒီလို ကုသိုလ်ရေးရာလည်း မဟုတ်ပါဘူး"

"ဒါဆို မင်း ခုနက ရေတွေငုံနေရတဲ့အကြောင်းက ဘာလဲ"

ဝေယံက သူ့ရှေ့မှ အအေးခွက်ကိုမကာ အအေးလက်ကျန်ကို ကုန်အောင်မော့သောက်လိုက်သည်။

ပြီးမှ လေသံခပ်အေးအေးနှင့် . . .

"စကားနည်းအောင်"

ထိုစကားအဆုံးမှာပဲ ရဲခေါင်နှင့်ဗညားတို့၏ မေးမြန်းသံတွေနှင့်အတူ





ဝစီပိတ်ကျင့်ရသည့်အကြောင်းအရင်းဆီသို့ ဝေယံ့စိတ်တွေ ခဏတာ လွင့်မျောသွားသည်။

"မိုးဦး မိုးဦး"

"မိုးဦး"

မိုးဦးက လုံးဝလှည့်မကြည့်ချေ။

"နှင်းဆီ နှင်းဆီ"

ဖြတ်သွားဖြတ်လာလူတွေကသာ ဝေယံ့ကို လှည့်ကြည့်ကြသည်။ သို့သော် ဝေယံ့လက်ထဲမှာ မည်သည့်ပန်းကိုမှ ကိုင်ထားသည်ကို မတွေ့ရ၍ ပြန်လှည့်သွားကြသည်။

"မိုးဆီ မိုးဆီ"

"နှင်းဦး နှင်းဦး"

မိုးဦးနှင်းဆီဆိုသော သူငယ်ချင်းမလေးကတော့ လုံးဝ လုံးဝ လှည့်မကြည့်ချေ။

သူမအနားသို့ရောက်မှ . . .

"နေစမ်းပါဦး . . . နင်က ငါ့နာမည်ကို အဲလောက် အမျိုးမျိုး လှည့်ပတ်ခေါ်နေရအောင် သေတော့မလို့လား"

ဝေယံက . . .

"မသိဘူးလေဟာ၊ ငါက မိုးဦးလို့ ထိပ်စီးနဲ့ခေါ်တာလည်း နင်က လှည့်မကြည့်ဘူး၊ နှင်းဆီလို့ နောက်ပိတ်နဲ့ခေါ်လည်း လှည့်မကြည့်တော့ ဝတ်ရည်ရိုက်ပြီး ခေါ်ကြည့်တာပေါ့"

"သေလိုက်"

စကားအတိုင်း အမှန်တကယ် သေခိုင်းသည်မဟုတ်၍ ဝေယံ ရယ်မောလိုက်သည်။ မကြာသေးခင်ရက်ပိုင်းကမှ သူမကို စိတ်ဆိုးအောင် စထားသည့်အတွက် မကျေနပ်သေးဟန်နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦး ... အဲလောက်အထိ ခေါ်ရလောက်အောင် နင်က ဘာဖြစ်လာလို့လဲ"

ဝေယံက ခါးကိုပုတ်ပြရင်း ...

"ဒီဟာလေဟာ ဒီဟာ"

"ဘာ ... နင်မဗိုက်ရိုင်းနဲ့နော် ဝေယံ၊ ငါ ဆွဲထိုးပစ်လိုက်မှာ"

မိုးဦး အမှန်တကယ်ပင် ဒေါသဖြစ်သွားသည်။

ဝေယံက ...

"မနေ့က သစ်ပင်ပေါ်တက်ရင်း ပြုတ်ကျလို့ ခါးနာနေတာဟ၊ နင်က ငါခေါ်တာကို လှည့်မကြည့်ဘဲ တာတိုအပြေးသမားလို လျှောက်နေတော့ ငါ အော်ခေါ်ပြီး လိုက်လာရတာပေါ့"

မိုးဦးက "ဟွန့်" ခနဲ အသံပြုရင်း ...

"အေး ... ထားပါတော့၊ အဲလို လိုက်လာရတဲ့အကြောင်းက ဘာလဲ"

"ဟဲ ဟဲ ... ဒီလိုဟာ ... ဖြစ်ပုံကို စပြီးပြောရမယ်ဆိုရင်"

"တိုတိုပြော၊ လိုရင်းပြော၊ ချုံ့ပြော"

မိုးဦး၏ စိတ်မရှည်သံကြောင့် ...

"အေးပါဟာ ... လိုရင်းက ဘာလဲဆိုတော့"

ဝေယံ့ခြေထောက်အောက်မှ မြေကြီးက လှိုင်းတစ်ခု ရိုက်ခတ်သွားသလို ဖြစ်သွားသည်။ အာခေါင်တစ်ခုလုံးလည်း ကန္တာရလို ခြောက်ကပ်သွားရ၏။

မိုးဦးက မသက်မသာနှင့် ...

"ဝေယံ ... နင် မျက်နှာလာပြောင်နေတာတော့ မဟုတ်ပါဘူးနော်၊ ငါ သိပ်ပြီး စိတ်ကြည်သေးတာ မဟုတ်ဘူး"

ဝေယံက ကမန်းကတန်း ...

"မပြောင်ပါဘူး မိုးဦးရယ် ... မျက်နှာအပြင် တခြားလည်း ဘာမှ မပြောင်ပါဘူး"



"ဘာ"

"နပူးတို့ ဘာတွေပြောတာပါ၊ နင် ကြည့်ကြည့်ပါလား။ ငါ မချော့ဘူးလား"

"ငပေါ၊ အဲဒါကိုပြောချင်လို့ ငါ့ကို လိုက်ခေါ်တာပေါ့ ... ဟုတ်လား"

"မဟုတ်ပါဘူးဟာ ... ငါပြောချင်တာက တခြားပါ"

"ဒါဆို ဘာလဲ ... ပြော ... မြန်မြန်၊ ငါ စိတ်မရှည်တော့ဘူး"

"ဒီလိုဟာ"

"အေး"

"ငါလည်း ပြောမယ်ပြောမယ်နဲ့ စဉ်းစားနေတာ အတော်ကြာပြီ ဒါပေမဲ့ ငါနဲ့တွေ့လိုက်တိုင်း နင်က အပေါင်းအသင်းတွေနဲ့ဆိုတော့ ငါလည်း မပြောဖြစ်ဘူးပေါ့ဟာ၊ အခုလို နှစ်ယောက်တည်းတွေ့တဲ့အချိန်မှာတော့ ငါက နင့်ကိုပြောချင်တဲ့စကားကို ပြောရင် ကောင်းမလား၊ မပြောရင် ကောင်းမလား ချိန်ရင်း ..."

"ဝေယံ"

"အေး အေး ... ပြောပြီဟာ၊ ငါ ညက အိပ်မက်မက်တယ် ... သိလား"

"နင့်ဟာနင်မက်တာ ငါက ဘယ်လိုသိမလဲ"

"အေး ... အိပ်မက်ထဲမှာ နင်နဲ့ငါ လှေယာဉ်စီးနေကြတယ်တဲ့ လှေယာဉ်ကြီးကလည်း အကြီးကြီးဟာ၊ အဲဒီလှေယာဉ်ကြီးပေါ်မှာ နင်နဲ့ငါ နှစ်ယောက်အတူစီးရင်း 'ဝုန်း' ဆို ..."

"ဝေယံ ... ငါ စိတ်မရှည်ဘူးလို့ ပြောနေတယ်နော်"

"အေးပါဟာ ... ငါ နင့်ကိုချစ်တယ် ... ဒါပဲ"

"ဘာ"

ရဲခေါင်နှင့်ဗညားတို့ထံမှ အော်သံတစ်ပြိုင်တည်း ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လန့်လိုက်တာကွာ မင်းတို့ကလည်း။ ဒါလေးပြောတာကို ကျွှာ မျှော်သော့ဝယ့် အတိုင်းပဲ၊ မိုးဦးတောင် မင်းတို့လောက် မအော်ဘူး"

ဝေယံ့စကားအဆုံးမှာ ရဲခေါင်က ...

"နေ နေပါဦး ... မင်း အဲလိုပြောလိုက်တော့ မိုးဦးက ဘာပြန်ပြောလဲ"

"ဘာပြောရမှာလဲ"

"အေးလေ ... ဘာပြောလဲလို့ မေးနေတာ"

"ပြောတော့ ပြောတယ်ကွ ... အဲဒါကို ပြန်ပြောရမှာကျတော့"

ဇည္ဇားကစပြီး ...

"အေး ... ဘာပဲဖြစ်ဖြစ် မိုးဦးပြန်ပြောတဲ့စကားတွေကို ငါတို့ သိချင်တယ်"

ဝေယံ့ပုံစံက ခေတ္တမျှ ငိုင်သွား၏။ ပြီးမှ ...

"ငါတို့သုံးယောက် ပူးပေါင်းပြီး သူ့ကို နှောက်နေတာလားတဲ့"

"ဘယ်လို"

"အဲဒီနေ့မှာပဲ မင်းတို့နှစ်ယောက်လည်း သူ့ကို ရည်းစားစာပေးသွားကြတယ်ဆို"

"ဘာ"

ရဲခေါင်နှင့်ဇည္ဇား၏အော်သံက တစ်ပြိုင်တည်း ထွက်လာပြန်သည်။ ထို့နောက် နှစ်ယောက်စလုံး တစ်ယောက်မျက်နှာကိုတစ်ယောက် မဖြုံမဲ့ သလိုကြည့်ကာ ရဲခေါင်က အရင် ...

"မိုးဦးက အဲလိုပြောတာပေါ့ ... ဟုတ်လား ဝေယံ"

ဝေယံ ခေါင်းညိတ်ပြအပြီးမှာပဲ ရဲခေါင်က ဇည္ဇားဘက်သို့ လှည့်သွားပြီး ...

"ဇည္ဇား ... မင်း မိုးဦးကို ဘာကြောင့် ရည်းစားစာပေးတာလဲ"





"ဒါဆို မင်းကရော"

ဇည္ဇားက ပြန်မေးသည်။

ရဲခေါင်က မျက်နှာထားတည်တည်နှင့် ...

"ရှင်းနေတာပဲ ... သူငယ်ချင်းအချစ်ထက် ပိုချစ်သွားလို့ပေါ့ကွ မင်းကရော"

"အေး ... ငါလည်း အဲဒီအတိုင်းပဲ"

ဇည္ဇားဖြေသံအဆုံးမှာ နှစ်ယောက်စလုံး ဝေယံ့ဘက်ကို လှည့်လာကြပြီး ...

"ဝေယံ ... မင်းကရော"

"ငါလည်း မင်းတို့လိုပဲပေါ့"

သက်ပြင်းချသံ သုံးသံက အသီးသီး ထွက်ပေါ်သွားသည်။

"ထူးဆန်းတယ်ကွာ ... ကျောင်းတုန်းက မိုးဦးအပေါ် ငါတို့ ရှိသာခဲ့သလောက် အခုအချိန်ကျမှ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင် ပြောင်းလဲသွားရတာလဲ"

"မိုးဦး ပိုလှလာလို့လား"

"ဒါလည်း ဖြစ်နိုင်တယ်"

ရုတ်တရက် အခြေအနေပြောင်းလဲသွားကာ အေးအေးလူလူပုံစံဖြင့် စကားပြောဆိုနေကြသော်လည်း သူတို့သုံးယောက်စလုံး တစ်ယောက်ကိုတစ်ယောက် မသိမသာ အကဲခတ်နေကြသည်။ 'အကြိတ်ရန်သူ' ဆိုသောစကားကို သူတို့သူငယ်ချင်းသုံးယောက်ကြားမှာ သုံးစွဲသင့် မစွဲသင့် စဉ်းစားရ၏။

"ဒီလိုဆိုရင်တော့ မိုးဦး ငါတို့အပေါ် တစ်မျိုးထင်နေမှာပဲ"

"သေချာတာပေါ့ ... သူ ဘယ်သူ့ကိုမှ ယုံမှာမဟုတ်ဘူး"

"တစ်ရက်အတွင်းမှာ ဒီလိုဖြစ်သွားတာတော့ အံ့ဩတယ်ကွာ။ ဒါနဲ့ ဘယ်သူက အရင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

ဗညားက မေးခွန်းထုတ်သည်။ သက်ပြင်းရှည်အသီးသီး ထွက်ပေါ်လာ ကြသည်။

"ရဲခေါင်က ပထမဆုံး"

ဝေယံ့အဖြေကြောင့် အရာရာ ဦးဆုံးဖြစ်ရမှ ကျေနပ်သော ရဲခေါင်၏ မျက်နှာက ကျေနပ်စိတ်နှင့်အတူ ဝင်းလက်သွားသည်။

ဗညားက ...

"ဒါဆို ငါက ဒုတိယပေါ့။ အင်းလေ ... ဒါက တကယ်တော့ အရေး မကြီးပါဘူး။ အရေးကြီးတာက မိုးဦးအပေါ်မှာပဲ မူတည်တယ်"

ဝေယံက လေတစ်ချက်မှုတ်ထုတ်ရင်း ...

"သေချာတာပေါ့။ လောလောဆယ် ငါတို့ဘက်က အခြေအနေကြောင့် မိုးဦးက တစ်မျိုးထင်နေမှာပဲ၊ ဘယ်သူက အမှန်ဆိုတာကို သက်သေပြဖို့လိုတယ်"

ရဲခေါင် မျက်နှာတည်သွားသည်။ အဖြစ်အပျက်တွေကို စိတ်ကူးနှင့် ချိုင့်တွေးပြီး စိတ်ရှုပ်သွားပုံလည်းရ၏။ ပြီးမှ ...

"ဗညား ... မိုးဦးက မင်းကို အကြောင်းပြန်ပြီလား"

ဗညားက လျော့တိလျော့ရဲနှင့် ခေါင်းခါသည်။

"မင်းကိုရော"

ဗညားအမေးကို ဗညားလိုပင် ရဲခေါင်က ခေါင်းခါသည်။

"ဝေယံ မင်းကိုရော"

"ငါ အဲဒါကြောင့် ခုနက ရေငုံပြီး ဝစီပိတ်ကျင့်နေတာလေ"

ဝေယံစကားကြောင့် ရဲခေါင်နှင့်ဗညားတို့ မျက်မှောင်ကြုတ်သွားကြ သည်။

"အဲဒါနဲ့ မိုးဦးကိစ္စက ဘာဆိုင်လဲ"

"ဆိုင်တယ်လေ"

"ဘာဆိုင်တာလဲ"



"ငါ သူ့အနားမှာ နာရီဝက်တိတိ စကားမပြောဘဲ နေနိုင်ရင် ... ချစ်ခွင့်ပန်တာကို စဉ်းစားပေးမယ်တဲ့"

ရဲခေါင်နှင့်ဗညား တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း သက်ပြင်း ...သိစိကျသွားကြသည်။

"ဪ ... အဲဒါကြောင့် မင်းက ရေငုံနေတာပေါ့"

"ပေါ့ပါကွာ"

ဝေယံက မည်သို့မျှ ပြန်မပြော။ အခြေအနေက မည်သို့မှ ထွက်ပေါက် ...နေသည်ကို ရဲခေါင်နှင့်ဗညား သိလိုက်ပြီဖြစ်သည်။ ပြီးတော့ ဝေယံဆိုသော ...ကောင်သည် တစ်မိနစ်ပြည့်အောင်မျှပင် ပါးစပ်ပိတ်၍ မနေနိုင်သည်ကို သူတို့နှစ် ...ယောက်လုံး သိထားသည် မဟုတ်ပါလား။

▲

ထို့သို့ဖြင့် ...

*သူငယ်ချင်းမလေးတစ်ယောက်ကို တစ်ရက်တည်းမှာ ချစ်ခွင့်ပန်မိခဲ့သော သူငယ်ချင်း ...ကောင်ကြီး ပဋိပက္ခဆန်သော အခြေအနေတစ်ရပ်က ဘီလူးဆိုးလေးသွားနှင့်အတူ ထွက်ပေါ် ...ခဲ့တော့သည်။*

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ငါတော့ စိတ်ညစ်တယ်ဟာ"

သင်တန်းမှ ဆင်းဆင်းချင်း မိုးဦးပြောလိုက်သောစကားကြောင့် ပန်း

နှင့်ကြည်ကြည်ဖြိုးတို့နှစ်ယောက် ပြောလက်စ စကားတွေ ရပ်သွားကြသည်

ကြည်ကြည်ဖြိုးကာ ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း ...

"ဘာလဲ ... အအေးဆိုင်ထဲမှာ ဟိုသုံးယောက် ရောက်နေလို့လာ

မိုးဦး ဘာမှဆက်မပြောဖြစ်ဘဲ မျက်နှာကို မှုန်တေတေ လုပ်

လိုက်သည်။

ပန်းအိက ကြည်ကြည်ဖြိုးကြည့်ရာဆီသို့ လိုက်ကြည့်သည်။ ပြီး

အနားမှ ကပ်လျှောက်သွားသော ကောင်လေးတစ်ယောက်ကို မျက်စောင်း

လိုက်ကြည့်ရင်း သူ့ဆံပင်ကုပ်ဝဲကို လွင့်သွားအောင် ခါလိုက်သည်။

ပြီးမှ ...

"အဲဒါ ဘာဖြစ်လို့လဲ မိုးဦးရဲ့ ... ခါတိုင်းလည်း ဒီလိုလာထိုင်နေ





ကို ပြော် ငါသိပြီ ... သူတို့သုံးယောက် အခုလို တစ်စုတစ်ဝေးပဲ ဖြစ်နေတာကို နင် အလိုမကျဖြစ်နေတာလား"

မိုးဦး မည်သို့မျှ ပြန်မပြောမိ။ ကြည်ကြည်ဖြိုးက ...

"ဟုတ်လား မိုးဦး ... ဝေယံ ပရိုပိုစ်လုပ်တုန်းက ရဲခေါင်နဲ့ ဗညား သည်း နင့်ကို ရည်းစားစာပေးသွားတယ်ဆိုတာကို ဝေယံ့ကို နင်ပြောပြလိုက် တယ် မဟုတ်လား။ ဝေယံသိရင် အဲဒီအကြောင်းတွေကို ဟိုနှစ်ယောက်လည်း သိပြီလေ၊ ဝေယံ့ပါးစပ်က ငြိမ်ငြိမ်နေလို့မှ မရတာ၊ ဒါတောင် အခု သူတို့သုံး ယောက် တပူးတွဲတွဲဖြစ်နေတာ သဘောတစ်ခုတော့ရှိရမယ်၊ နင် အဲဒါကို စိတ်ညစ်နေတာလား"

"ဟဲ့ ... တိတ်တိတ်နေကြဦး"

အအေးဆိုင်ရှေ့မှ ဖြတ်အလျှောက်မှာ မိုးဦး ဟန့်လိုက်သည်။ ကြည် ကြည်ဖြိုးနှင့် ပန်းအိတို့ ပါးစပ်ကိုယ်စီပိတ်သွားကြ၏။

အအေးဆိုင်အတွင်းမှ မျက်လုံးသုံးစုံကို ကျော်လွန်လာတော့မှ ကြည် ကြည်ဖြိုးက စကားကို အားပါးတရ ထပ်ဆက်သည်။ လွတ်လပ်စွာ ပြောဆို ခွင့်ရပြီဟု ယူဆလိုက်ဟန်နှင့် ...

"မိုးဦး ... ခုနက ငါပြောတာ ဟုတ်လား"

"ဘာလဲ"

"သူတို့သုံးယောက် အခုလို တပူးတွဲတွဲ ဖြစ်နေတာကိုလေ"

"အေး ... ဝေယံသိရင် ရဲခေါင်နဲ့ဗညား သိနေပြီဆိုတာတော့ သေ ချာတယ်၊ ဒါပေမဲ့ ငါစိတ်ညစ်တဲ့ အဓိကအကြောင်းအရင်းက အဲဒါမဟုတ်ဘူး"

"ဟင် ... ဒါဆို နင်က ဘာကိုစိတ်ညစ်နေတာလဲ"

ကြည်ကြည်ဖြိုး၏ အမေးစကားအဆုံးမှာ ပန်းအိက ...

"ငါသိပြီ၊ သူတို့သုံးယောက် ပူးပေါင်းပြီး နင့်ကို အရှုံးလုပ်တော့မှာ စိုးလို့ချင်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးဦး ခေါင်းကိုခါယမ်းရင်း . . .

"မဟုတ်ဘူး"

"ဟင် . . . ဒါဆို နင့်ဟာက ဘာလဲ၊ ဟိုလိုလည်းမဟုတ်၊ ဒီ
လည်းမဟုတ်ဆိုတော့"

ကြည်ကြည်ဖြိုးက "အေးလေ" ဟု ဝင်ပြောသည်။ မိုးဦး သက်ပြ
တစ်ချက်ကို ချလိုက်ကာ . . .

"နင်တို့ပြောတဲ့ကိစ္စတွေကို ငါ့ခေါင်းထဲမှာ ရှိကိုမရှိဘူး။ အခု ငါစိ
ညစ်နေတာက သူတို့သုံးယောက်စလုံး အဖြေတောင်းနေကြလို့"

"ဘယ်လို"

"ဘုရား ဘုရား . . . အဲလိုကြီး . . . ဟုတ်လား၊ နင့်ကို ပရိုပိုစ်လု
ထားတာပဲ နှစ်ရက်တစ်ပိုင်းလောက်ပဲ ရှိသေးတာကို၊ သူတို့က"

မိုးဦး မည်သို့မျှ ပြန်မပြောဖြစ်ဘဲ လမ်းဘေးဝဲယာကို ကြည့်နေလို
သည်။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် နောင်တရပြီး အကြည့်ကိုလွှဲလိုက်သည်။ သူမ
ရပ်ကွက်ထိပ်ရှိ ကယ်ရီဂိတ်အနီး ရောက်နေခြင်းဖြစ်သည်။ ကယ်ရီသမားအာ
လိုလိုက လက်ညှိုးတစ်ချောင်းစီ ထောင်ပြနေကြ၏။

ကိုယ်သာ 'အင်္ဂလိမာလ' ဖြစ်လျှင် အတော်အဆင်ပြေမည်ဟု အ
ကတ်ကတ်နှင့် တွေးလိုက်မိစဉ်မှာပဲ . . .

'ဂူး . . ဗလူး . . ဖြင်း ဖြင်း'

"အမေ့"

မိုးဦးတို့သုံးယောက်စလုံး လန့်သွားမိသည်။ ဆိုင်ကယ်တစ်စီ
မြင်းကောင်ရေ ငါးထောင်ခန့်ရှိမည့်နှုန်းအားဖြင့် မိုးဦးတို့ရှေ့သို့ ရောက်လာခြ
ဖြစ်၏။

ဆိုင်ကယ်က သူမတို့သွားရာလမ်းကို ကန့်လန့်ဖြတ်ကာ ပိတ်နေသ
ဆိုင်ကယ်သမားက သူ့တစ်ကိုယ်လုံးကို ကောင်းဘွိုင်ဆန်ဆန် ဆင်ယင်ထ





ဆိုင်ကယ်နှင့်အတူ ခေါင်းပေါ်မှာ ဆိုင်ကယ်စီးဦးထုပ်ရှိနေခြင်းလေးတစ်ခုမှ
သာ ကောင်းဘွိုင်နှင့် ကွဲလွဲသည်။

ထိုဦးထုပ်အောက်မှ မျက်နှာကိုမြင်လျှင်မြင်ချင်းပဲ မိုးဦး စိတ်ရှုပ်သွား
သည်။

"ဟဲ ဟဲ . . . မမ"

"ဘာလဲ"

'သောင်းထွန်း' ဆိုသော ငနဲလေးတစ်ယောက်ဖြစ်သည်။ မိုးဦးတို့ရပ်
ကွက်ထဲပဲမို့ ကောင်းကောင်းသိပါ၏။ သို့သော် သူ့ကို 'သောင်းထွန်း' ဟု
မည်ရင်းအတိုင်း ဘယ်သူမှမခေါ်ကြ။ မနက်၊ နေ့၊ ညတိုင်း အရက်နံ့လေး
သင်းသင်းမို့ 'သောက်ထွန်း' ဟုသာ ခေါ်ကြသည်။ ထိုသို့ခေါ်ရလောက်
အောင်လည်း မည်မျှ သောက်လုံးကြီးသည် မသိချေ။

ထို 'သောက်ထွန်း' ဟူသော 'သောင်းထွန်း' က . . .

"အဟဲ . . . အခု မမ သင်တန်းပြီးလို့ အိမ်ပြန်မှာမဟုတ်လား၊
ကျွန်တော်လိုက်ပို့ပေးမယ်လေ"

"မလိုပါဘူး . . . ငါတို့မှာ ခြေထောက်တွေပါတယ်"

သောင်းထွန်းက တဟဲဟဲရယ်ရင်း . . .

"ခြေထောက်ပါတာတော့ သိတာပေါ့ မမရဲ့၊ မမ ဒီအတိုင်းပြန်ရင်
ခြေထောက်ညောင်းနေမှာစိုးလို့"

"ဒီမှာ"

မိုးဦး ခါးထောက်မိစဉ်မှာ သောင်းထွန်းက . . .

"မမရဲ့ သူငယ်ချင်းနှစ်ယောက်ကိုပါ လိုရာခရီးလိုက်ပို့မှာပါ မမရဲ့၊
ကျွန်တော်က ပိုက်ဆံမယူဘဲ အလကားလိုက်ပို့ပေးမှာ . . . ကာသိလ်ဖြစ်ပေါ့"

ကြည်ကြည်ဖြိုးနှင့် ပန်းအိတို့က မိုးဦးကို တံတောင်နှင့် မသိမသာ
တွဲကြသည်။ မိုးဦးက ဒေါသသံနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"နှင်းတော်တော် ကယ်ရီဆွဲချင်နေတာပေါ့ ...ဟုတ်လား"

သောင်းထွန်းက ရယ်ဖြုံဖြုံနှင့် ခေါင်းညိတ်သည်။ မိုးဦးက ခါးထောက်လျက်ပင် ...

"အေး ... အဲဒီလောက် ကုသိုလ်ဖြစ် ဆွဲချင်နေရင် ငါပြောမယ်။ ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းကို သိလား"

သောင်းထွန်း ယောင်နနနှင့် ခေါင်းညိတ်သည်။

"အေး ... အဲဒီဘုန်းကြီးကျောင်းမှာ ရေတွင်းတစ်တွင်းရှိတယ်။ ကုသိုလ်ဖြစ် ဆွဲချင်တယ်ဆိုရင် အဲဒီမှာ ရေသွားဆွဲပေးလိုက်၊ အဲဒါကမှ ကုသိုလ် အမှန်ရတာ"

"ဗျာ"

မိုးဦး လှည့်မကြည့်တော့ဘဲ ဆိုင်ကယ်ကို ကွေ့ဝိုက်ကာ လျှောက်ခဲ့လိုက်သည်။

ကြည်ကြည်ဖြိုးနှင့် ပန်းအိတို့ကလည်း ထက်ကြပ်မကွာပါလာ၏။

ကြည်ကြည်ဖြိုးက နောက်ကို လှည့်ကြည့် လှည့်ကြည့်လုပ်ရင်း ...

"မိုးဦး ... အဲဒါက ဘယ်သူလဲ"

မိုးဦး စိတ်ရှုပ်ရှုပ်နှင့် ပြန်ဖြေရသည်။

"ငါ့ကို လိုက်ကြောင်နေတဲ့ သောင်းထွန်းဆိုတဲ့ကောင်ပါဟာ၊ တွေ့တိုင်း ဒီလိုပဲ အမြဲစိတ်ရှုပ်ရတာ"

ကြည်ကြည်ဖြိုးက ပြုံးတီတီလေသံနှင့် ...

"စတိုင်ကတော့ မဆိုးဘူးနော် ... မိုက်တယ်"

"အေး ... မိုက်ရင် နင်ပြန်ကြိုက်လိုက်ပါလား။ အဲဒီကောင် အရက်သောက်လွန်းလို့ 'သောင်းထွန်း' ဆိုတဲ့နာမည်ပျောက်ပြီး 'သောက်ထွန်း' လို့ တွင်နေတာ"

"ဟယ်"



ကြည်ကြည်ဖြိုးပါးစပ်က ဆွဲစေစရာမလိုဘဲ ပိတ်သွား၏။

ပန်းအိက ...

"ဟုတ်သား ကြည်ကြည်ဖြိုးရယ်၊ ငါတောင် သူ့အနားက ဖြတ်လာတော့ အရက်နံ့ရသေးတယ်၊ နင်က အဲဒီစတိုင်မိုက်တာကိုပဲ ကြည့်နေ"

"ဟဲ့ ... ငါလည်း ဘာသိမှာလဲ၊ ဒီလိုပဲ ဘာရယ်မဟုတ် ပြောမိတာပါ"

"ဘာရယ်မဟုတ် ပြောစရာလားဟာ ... နင်ကလေ တစ်ခုဆိုရင်"

ကြည်ကြည်ဖြိုးနှင့်ပန်းအိတို့ ဘာရယ်မဟုတ် စကားများသွားကြသည်။ "စိတ်တိုရတဲ့အထဲ သူတို့ကလည်း တစ်မျောင့်"ဟု တွေးရင်း မိုးဦးလည်း ဘာရယ်မဟုတ် ဘာမှ ဝင်မပြောမိ။

သူတို့နှစ်ယောက်က မိုးဦးအိမ်သို့ ခါတိုင်းလိုပဲ လိုက်လာကြခြင်း ဖြစ်သည်။ ခါတိုင်းလိုမဟုတ်ဘဲ ဘာရယ်မဟုတ်သောအကြောင်းအရာနှင့် စကားများလာကြပြီးမှ ...

"တော်ပြီဟာ ... အဲဒါနဲ့ပဲ မိုးဦးကို ဘာမှမမေးလိုက်ရဘဲ ဖြစ်ဦးမယ်"

"အေး ... ဟုတ်တယ်၊ ပြန်မှ နင်နဲ့ငါ ဆက်ပြောမယ်"

ဘာရယ်မဟုတ် စကားများလာကြပြီးမှ ဘာရယ်မဟုတ် ရပ်နားသွားကြသည်။

ကြည်ကြည်ဖြိုးက ...

"မိုးဦး ... ဟဲ ဟဲ"

သူ့ဘာသာသူ ဘာမှန်းမသိ မလုံမလဲဟန်နှင့် ရယ်ပြီး သူ့ဘာသာ ရှက်နေပြီး ...

"နင့်ကို ဟိုသုံးယောက် အဖြေတောင်းတဲ့ကိစ္စကို ဆက်ဦးလေဟာ"

မိုးဦးက ကြည်ကြည်ဖြိုးကို မျက်နှာထားခပ်တည်တည်ဖြင့် ကြည့်လိုက်သည်။ ကြည်ကြည်ဖြိုး အိုးတိုးအတဖြစ်သွားစဉ်မှာပဲ မိုးဦးက ...



www.burmeseclassic.com

www.burmeseclassic.com

"အေး ... ပြောမယ်၊ သူတို့က ငါ့ကို ဂျက်လီကားတွေထဲကလို အဖြေတောင်းတာ"

"ဘယ်လို"

ပန်းအိခါး ဆံပင်ကုပ်ဝဲက တမင်မဝဲခါဘဲ လွင့်ဝဲသွား၏။ တအံ့တဩ အသံနှင့် ...

"ဂျက်လီကားထဲကလို အဖြေတောင်းတာ ... ဟုတ်လား၊ ဘာလဲ ... သူတို့သုံးယောက်က တစ်ယောက်နဲ့တစ်ယောက် ထိုးကြိတ်ပြီးမှ အဖြေလာ တောင်းလို့လား"

"မသိရင် နားထောင် ... ငါ ပြောပြမယ်"

စကားကိုမဆက်ခင်မှာ မိုးဦး သက်ပြင်းတစ်ချက်ချလိုက်သည်။ ဂျက်လီ ကားတွေထဲကလို ဟုတ်ဖို့ မဟုတ်တော့မသိ။ အဲဒီနေ့တုန်းကတော့ ...

▲▲▲



## အခန်း (၃)

မှတ်မှတ်ရရ ထိုနေ့သည် မည်သည့်သင်တန်းမှ မရှိသောနေ့ ဖြစ်သည်။ ကောင်းကင်မှာ မည်သည့်မိုးသားမျှ မရှိဘဲ ပကတိ ပြာစင်နေ၏။ မနက်ခင်း ရာသီဥတုကလည်း သူ့နိယာမအတိုင်း ညင်သာပျော့ပျောင်းကာ စီးကျလျက် ရှိသည်ပေါ့လေ။

ဥမ္မာညိုနှင့်အတူ ဈေးသို့သွားရင်း ခင်သက်ထွေးနှင့် ဆုံသည်။ ခင်သက်ထွေးက ဈေးထဲရှိ သူ့အမေ၏အထည်ဆိုင်သို့အသွား ဆုံခြင်းဖြစ်သည်။

ခင်သက်ထွေး၏အထည်ဆိုင်သို့ ခေတ္တဝင်ဖြစ်ကြ၏။ ခင်သက်ထွေး၏ အမေနှင့် ခေတ္တမျှ (တစ်နာရီခန့်) အာလာပသလ္လာပစကားတွေကို ဖောင်ဖွဲ့ အောင်ပြောဆိုပြီးသကာလမှာ နှုတ်ဆက်ပြန်ခဲ့ကြသည်။ ခင်သက်ထွေးကလည်း သူ့အမေကို ဟိုပြောသည်ပြောလုပ်ပြီး ရောယောင်ကာ လိုက်ပါလာ၏။

အပြန်လမ်းမှာ ခင်သက်ထွေးအတင်းဆွဲခေါ်သောကြောင့် မုန့်ဟင်းခါး ဆိုင် ထိုင်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီး ခင်သက်ထွေးက . . .

"မိုးဦး . . . ဟိုသုံးယောက်ဘက်က ဘာအခြေအနေထူးသလဲ"

ရဲခေါင်၊ ဗညားနှင့် ဝေယံတို့ကို မေးခြင်းဖြစ်သည်။ မိုးဦးက မုန့်ဟင်းခါးပန်းကန်ထဲကို ငရုတ်သီးတစ်ဇွန်း ထပ်ထည့်လိုက်ရင်း . . .

"ဘာမှ မထူးဘူး။ သူတို့ထူးလာလည်း ငါက ဘာမှထူးမှာ မဟုတ်ဘူး"

ပြောရင်း မုန့်ဟင်းခါးကိုသာ ရှူးရှူးရှဲရှဲ စားနေလိုက်သည်။ ခင်သက်ထွေးကလည်း ဘာမှ ဆက်မမေး၊ ဆက်မမေးသည့်အကြောင်းကို စားနေရင်းမှ သိလာရသည်။

"သက်ထွေး"

"ဟာ ကိုကလည်း . . . အဲလိုကြီး မခေါ်ပါနဲ့ဆိုတာကို"

"ကိုက ချစ်စနိုးနဲ့ခေါ်တာပါ သက်ထွေးရဲ့၊ အသက်ကလေးလို ထွေးပိုက်ထားချင်တဲ့သဘောလေ"

မိုးဦး မုန့်ဟင်းခါး နင်သွားရသည်။ လူတစ်ယောက်က သူမတို့ဝိုင်းမှာ ဝင်ထိုင်ရင်း ခင်သက်ထွေးနှင့် ပြောဆိုနေခြင်း ဖြစ်သည်။

"ကိုကို မိတ်ဆက်ပေးဦးလေ သက်ထွေးရဲ့"

"ဪ . . . အင်း အင်း၊ သူက မိုးဦးနှင်းဆီတဲ့ ကိုရဲ့၊ ဟောဒီက ဥမ္မာညိုကိုတော့ ကိုလည်း သိပြီးသားပဲ၊ ဟဲ့ မိုးဦး . . . သူ့နာမည်က 'ကိုဖြိုးကို' တဲ့၊ ငါ့ရဲ့ . . . ဟဲ ဟဲ . . . ပြီးတော့ သူက မုဂ်ကလေ၊ ပုဂ်ကို နင်သိတယ် မဟုတ်လား"

ခုမှပဲ ခင်သက်ထွေး အပြင်လိုက်လာရသည့်အကြောင်းရင်းကို မိုးဦးသိတော့သည်။ ဒင်းက ဒင်းရည်းစားရသွားတာကို ကြွားချင်၍ လိုက်လာသည်ကိုး။ အချိန်းအချက်လုပ်ထားပြီး အခွင့်သာတုန်း လိုက်လာခြင်းဖြစ်မည်။

ဒင်း၏ရည်းစားအသစ်စက်စက် ဖြိုးကိုဆိုသော သတ္တဝါက . . .

"ဟုတ်ကဲ့ . . . ကျွန်တော်ဖြိုးကိုပါ၊ ပုဂ်ကလာပြီး ဒီမှာ အလုပ်လာလုပ်တာပါ၊ မိုးဦးနှင်းဆီကိုတော့ သက်ထွေးပြောပြထားလို့ သိထားပါတယ်"

"ဪ . . . ဟုတ်ကဲ့"

ပုဂ်ကို မိုးဦးသိသော်လည်း ဖြိုးကို့ကိုတော့ မသိ၍ သေသေချာချာကြည့်မိသည်။ ဒင်း၏ခန္ဓာကိုယ်က နုံပြည်စုတ်သာသာပဲ ရှိ၏။ ခန္ဓာကိုယ်ကသာ နုံပြည်စုတ်သာသာဖြစ်သော်လည်း မျက်နှာကတော့ အရက်ဖောရောင်နေသူလို ဖောင်းဖောင်းကားကားဖြစ်သည်။ ပြီး အရပ်ပုပု၊ အသားအရောင်က ညိုညစ်ညစ်။

ခင်သက်ထွေးနှင့်မည်သို့မျှ မလိုက်ဖက်။ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် တောင့်တောင့်တင်းတင်းရှိလှသော ခင်သက်ထွေးက ထိုဖြိုးကိုဆိုသော လူနုံပြည်စုတ်ကို မည်သို့ကြည့်ကြိုက်သည်မသိ . . . ခင်သက်ထွေးတစ်ယောက် အမြင်အာရုံတွေများ ဖောက်ပြန်နေပြီလား မသိချေ။

ဒင်းကတော့ ဒင်းရည်းစားကို ချစ်ရည်ရွှန်းလဲ့သောအကြည့်နှင့် ရွှန်းရွှန်းစားစားကြီး ကြည့်နေလေသည်။ နုံပြည်စုတ်ကို အမြောက်နှင့်ချိန်သည်ဟု ပြောင်းပြန်ပြောရအောင်ကလည်း ခင်သက်ထွေးက မိန်းမသားဖြစ်နေသည်။

"ဒါနဲ့ ကိုဖြိုးကိုနဲ့ ခင်သက်ထွေးက ဘယ်လို စဆုံဖြစ်ကြတာလဲ"

သူတို့နှစ်ယောက် စ,ဆုံသည့်အကြောင်းကို အမှန်တကယ် မသိချင်သော်လည်း ခင်သက်ထွေးပြောလာတော့မည်ကို ကြိုသိသဖြင့် မိုးဦး မစောင့်တော့ဘဲ မေးလိုက်သည်။ ဒါမျိုးတော့ အကျောမခံနိုင်ချေ။

ဖြိုးကိုက သူ့မျက်နှာ ဖောင်းကားကားကိုပြုံးရင်း . . .

"စ,ဆုံတာကတော့ ဈေးထဲမှာပဲ ဆုံတာပါ၊ ဈေးထဲကို အလုပ်ကိစ္စနဲ့ လာရင်း ဆီးအရမ်းသွားချင်လာတာနဲ့ အိမ်သာ ကမန်းကတန်းရှာတုန်း"

"အို . . . ကိုကလည်း"

အခုမှ ခင်သက်ထွေးက ရှက်ဟန်ဖြင့် မှုန့်နေသေးသည်။ အိမ်သာ ရှာနေတာမှန်း သိသာလွန်းနေ၏။ ဒါမှမဟုတ် ဟိုက အိမ်သာရှာတုန်း သူ့တို







www.burmeseclassic.com

www.burmeseclassic.com



အိမ်သာဟုထင်ကာ ဝင်လာသောကြောင့် အရှက်တကွဲသည်းသွားခြင်းလား တော့ မဆိုနိုင်။

"ဟဲ ဟဲ ... အဲဒါနဲ့ အိမ်သာတွေ့လို့ ဝမ်းသာအားရနဲ့ ပြေးအသွား မှာ အိမ်သာတံခါးဖွင့်ပြီး ထွက်လာတဲ့ သက်ထွေးနဲ့ ဝင်တိုက်မိကြတာ"

"ရှင်"

"ကျွန်တော်ကလည်း ဇောနဲ့ဆိုတော့ 'ကျား၊ မ' ခွဲထားတာကို မကြည့်မိဘူးလေ၊ အဲဒီမှာ သက်ထွေးပြီး အဲ ... သက်ထွေးနဲ့ ဝင်တိုက်မိပြီး ဆိုတာ"

"ဪ"

အင်မတန် ကဗျာဆန်လှသော တွေ့ဆုံမှုပါလားဟုတွေးရင်း မိုးဦး ရယ်ချင်သွားမိသည်။ အကြည့်ချင်းမဆုံတဲ့ လူချင်း အရင်ဝင်တိုက်ကြသည်ကိုး။ ပြီး အိမ်သာရှေ့မှာဆိုတော့ အတော်ပင် ကြည်နူးဖွယ်ရာကောင်းပေလိမ့်မည်ဟု မိုးဦး ရွှတ်တွတ်တွတ်တွေးလိုက်သည်။ ရွှတ်တွတ်တွတ်အတွေးအတိုင်း ပါးစပ် ကလည်း ...

"အဲဒီမှာတင်ပဲ ရှင့်ကိစ္စပါ တစ်ခါတည်း ပြီးသွားရောလား"

"ဗျာ"

"ဟဲ့ မိုးဦး"

ဥမ္မာညိုက ဝင်ဟန့်သည်။ မိုးဦးကတော့ ဂရုမစိုက်ပါ။ ဖြိုးကို ကိုသာ ခပ်တည်တည်ကြည့်နေလိုက်သည်။ ဖြိုးကို ရှက်ကိုးရှက်ကန်းဖြစ်သွားကာ ခေါင်း ကုတ်လျက် ...

"အဲ အဲဒါကတော့ အိမ်သာထဲမှာပဲ ဖြေရှင်းလိုက်ပါတယ်၊ အိမ်သာ ထဲကပြန်ထွက်တော့မှ အမျိုးသမီးအိမ်သာ ဖြစ်နေမှန်းသိတာ"

"အဲဒီအချိန်ထိ ခင်သက်ထွေးက မသွားသေးဘဲ အိမ်သာရှေ့မှာ ရပ်နေတာမဟုတ်လား"





ခင်သက်ထွေး ခါး မတ်ခနဲ ဖြစ်သွားသေး၏။ မျက်လုံးဝိုင်းပြီး ...

"နင်က ငါရပ်နေသေးမှန်း ဘယ်လိုသိလဲ"

မိုးဦး ပြန်ပြီးမဖြေရှင်းတော့။ ဖြိုးကိုက ခေါင်းကုတ်လျက်ပဲ ...

"အဟဲ ... သက်ထွေးက ကျွန်တော့်ကို ရန်တွေ့ဖို့ စောင့်နေတာလေ၊ ကျွန်တော်ဖြေရှင်းပြလိုက်တော့မှ သူက သနားသွားပြီး အဟဲ ... အဲလို တွေ့ တယ်ဆိုပါတော့ဗျာ"

"ဪ ဪ ... ခင်သက်ထွေး ... နင်က သနားကရုဏာစိတ် အတော်ကြီးမားတာပဲနော်"

မိုးဦး ခပ်ရွှဲ့ရွှဲ့ပြောလိုက်သည်ကို ခင်သက်ထွေးက ...

"အဲဒီအချိန်မှာ တစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်ပေါ်လာတာဟာ၊ အရမ်းထူးဆန်းတယ်"

"ဪ ... အေး အေး ကောင်းတယ်"

"ဟင် ... ဘာလဲ ... ဘာကောင်းတာလဲ"

"ကောင်းတယ်ဆိုမှတော့ ကောင်းတယ်ပဲပေါ့ ခင်သက်ထွေးရဲ့၊ ငါတို့ သွားတော့မယ်၊ မုန့်ဟင်းခါးဖိုးတော့ နင်ပဲ ရှင်းလိုက်တော့"

မိုးဦးတို့ ထထွက်ခဲ့ကြတော့သည်။ ခင်သက်ထွေး အူကြောင်ကြောင် ဖြစ်သွားသော်လည်း မိုးဦးတို့ လှည့်အထွက်မှာပင် သူ့ရည်းစားနှင့် ကယုကယင် ဖြစ်ကာ ကျန်ခဲ့လေသည်။

ဥမ္မာညိုက လမ်းမှာ မသိနားမလည်စွာ မေးသေးသည်။

"မိုးဦး"

"ဘာလဲ"

"အိမ်သာရှေ့မှာ ခင်သက်ထွေး ရပ်စောင့်နေတာကို နင်က ဘယ်လိုသိ လဲ"

"ဥမ္မာညို"



www.burmeseclassic.com

www.burmeseclassic.com

"တော်"

"အဲလို ရပ်စောင့်နေမှ အိမ်သာထဲက ပြန်ထွက်လာတဲ့ ဟိုလူနဲ့တွေ့ပြီး စတ်လမ်းထပ်ဖြစ်တော့မှာပေါ့ဟ၊ နင်ကလေ ရည်းစားတစ်ယောက်လည်း ကိုယ်တွေ့ရပြီးပြီ၊ ဒါလေးတောင် မတွေးတတ်ဘူး"

"အင်"

လမ်းတစ်လျှောက်လုံး ဥမ္မာညို ပါးစပ်ပိတ်လာတော့သည်။ ထိုသို့ ပါးစပ်ပိတ်နေတာပဲ ကောင်းသည်ဟု မိုးဦးတွေးလိုက်၏။ မဟုတ်လျှင် သူ့ရည်းစားအကြောင်းကို ပါးစပ်တစ်ခုလုံး ရောင်ကိုင်းလာသည်အထိ အထပ်ထပ် ပြောလာဦးမည်။ ကိုယ်ကလည်း နားမထောင်ချင်ဘဲ နားတစ်ဖက်လုံး ရောင်လုမတတ် နားဆင်ရဦးမည်။ အခုတော့ အေးဆေးပဲဟု တွေးနေလိုက်သည်။

အတွေးက မဆုံးလိုက်။ မအေးဆေးသောကိစ္စက ချက်ချင်း ပေါ်လာသည်။ ခင်သက်ထွေးရည်းစားလို ဆီးသွားချင်လာခြင်းတော့ မဟုတ်။ လမ်းဘေး အုတ်တံတိုင်းတစ်ခုအပေါ်မှ လွှားခနဲ ခုန်ကျော်ဆင်းလာသော လူတစ်ယောက်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဝါးတစ်ရိုက်အကွာအဝေးလောက်ကပင် သူမတို့ မမြင် မြင်အောင် ပြုံးပြနေ၏။

"ရဲခေါင်"

ရဲခေါင်က ချက်ချင်းဆိုသလို အနားရောက်လာသည်၊ ကိုးကန်းတောင်မောက်ပုံစံဖြင့် ဟိုဟို ဒီဒီ ဝေ့ဝဲကြည့်ပြီးမှ . . .

"မိုးဦး . . . ပြန်စာအခြေအနေက ဘာထူးလဲ"

"ဘာပြန်စာလဲ"

"ငါက နင့်ကို ပေးစာပေးထားတာလေ၊ အဲဒီတော့ နင်က ငါ့ကို ပြန်စာပြန်ပေးရမှာပေါ့"

"အလိုတော်"

မိုးဦး မျက်လုံးပြူးကာ ရေရွတ်လိုက်သည်။ ရဲခေါင်က ခပ်တည်တည် မျက်နှာထားနှင့် . . .

"အရေးကြီးတာတစ်ခုကို ပြောဦးမယ် . . . နင် သိမှဖြစ်မှာ"

"ဘာလဲ"

"ဟိုနှစ်ကောင်ကိစ္စက ငါနဲ့မဆိုင်ဘူးနော် . . . သတ်သတ်စီ"

"ငါကရော ဆိုင်တယ်လို့ ပြောနေလို့လား"

"နင်သိရင် ကျေနပ်တယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဟိုနှစ်ကောင်ကိုတော့ မကျေနပ်ဘူး၊ ငါ နင့်ကို စာပေးမှန်းသိလို့ ဒီကောင်တွေ လိုက်လုပ်တာလို့ ယူဆတယ် . . . နင်ရော ဘယ်လိုထင်လဲ"

"ဘယ်လိုမှ မထင်ဘူး . . . အဲဒါတော့ နင်တို့အချင်းချင်းပဲ သိမှာပေါ့"

ရဲခေါင် တစ်စုံတစ်ခု တွေးလိုက်ဟန်နှင့် အမူအရာ ငြိမ်သွားသည်။ သူမတို့နှင့်အတူ လျှောက်လာကြရင်း နှုတ်ဆိတ်သွား၏။ အနည်းငယ် တိတ်ဆိတ်သွားပြီးမှ . . .

"ဒီကောင်တွေလည်း အဖြေတောင်းလာနိုင်တယ်၊ ဒီမှာ မိုးဦး"

မိုးဦး အကြည့်နှင့်သာ တုံ့ပြန်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် သုံးယောက်ထဲမှာ ငါက ပထမဆုံး ချစ်ခွင့်ပန်တာနော်၊ နင် စဥ်းစားမယ်ဆိုရင် ငါ့ကို ပထမဆုံး စဥ်းစားပေးရမယ်"

"နင်ပြောချင်တာ ဒါပဲလား . . . ပြီးရင် သွားတော့"

"နှင်မလွှတ်လည်း သွားမှာပါ မိုးဦးရယ်၊ အိုကေ မိုးဦး . . . ဆီးယူ"

ရဲခေါင်က လက်ပြရင်း လျှပ်တစ်ပြက်အတွင်းမှာပင် လမ်းဘေး အုတ်တံတိုင်းပေါ်သို့ လွှားခနဲ ခုန်တက်သွားသည်။ ထို့နောက် မြင်ကွင်းရှေ့မှ ချက်ချင်း ပျောက်သွား၏။

ဆက်လျှောက်လာကြရင်း ဥမ္မာညိုက ပါးစပ်ပိတ်ကာ မနေနိုင်တော့ဟန်နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"မိုးဦး ... ရဲခေါင်က တကယ်ချောတယ်နော်"

"အေး ... ဟုတ်တယ်၊ ရဲခေါင်က တကယ်ချောတယ်"

"ဒါပေမဲ့ ဘယ်ကိစ္စဖြစ်ဖြစ် ပထမဆုံးဖြစ်ချင်တဲ့ သူ့စိတ်က တစ်မျိုးပဲဟ၊ အတွန့်တက်နည်းနည်းဆန်သလားလို့"

"အေး ... ဘယ်ကိစ္စဖြစ်ဖြစ် ပထမဆုံးဖြစ်ချင်တဲ့ သူ့စိတ်က တစ်မျိုးပဲ အတွန့်တက်နည်းနည်းဆန်တယ်"

"အဲဒါ နင် ဘယ်လိုသဘောရလဲ"

"အဲဒါ ငါ ဘယ်လိုမှ သဘောမရဘူး"

"နင်ကလည်း ငါက စကားအကောင်းပြောနေတဲ့ဟာ"

"ငါကလည်း နင် စကားအကောင်းပြောနေတဲ့ဟာ"

"ရဲခေါင်ပြောသလို ဖြစ်လာမယ်ဆိုရင် သူပြောတဲ့အတိုင်း နင်က စဉ်း စားပေးမှာလား"

"ရဲခေါင်ပြောသလို ဖြစ်လာမယ်ဆိုရင်တောင် သူပြောတဲ့အတိုင်း ငါက စဉ်းစားမပေးဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ ရုံးတွေပိတ်တယ်လေ"

"ဟင် ... ဘာမှလည်း မဆိုင်ဘူး"

"အဲဒီကိစ္စကို ဘယ်ဌာနကိုမှ တင်ပြလို့မရလို့ အကန့်အသတ်မဲ့ ရွှေ့ဆိုင်းထားတယ်"

ဥမ္မာညို ဒုတိယမို့ ပါးစပ်ပိတ်သွားသည်။ မိုးဦး ကျိတ်ပြုံးမိ ချက်ချင်းပင် မဲ့ရမလို ဖြစ်သွား၏။

"ဗညားပါလား ... လာပြန်ပြီ နောက်တစ်ယောက်"

ဗညားက လမ်းကျဉ်းလေးတစ်ခုအတွင်းမှ ကဆုန်မစိုင်းရုံတမ အပြေးတစ်ပိုင်းနှင့် ထွက်လာခြင်းဖြစ်သည်။ ဥမ္မာညိုထံမှ "ရဲခေါင်ပြော





သာပြီထင်တယ်" ဆိုသော တအံ့တသြရေရွတ်သံအဆုံးမှာ ဗညားတ အနား ရောက်လာသည်။ ချွေးသံတရွှဲရွဲနှင့်မို့ မိုးဦး နှာခေါင်းရှုံ့လိုက်ရင်း ...

"လေ့ကျင့်နေတယ်ဆိုရင်လည်း ဆက်ပြေးလေ၊ ဖါတို့က ပြန်တော့မှာ"

ဗညားက 'တဟဲဟဲ' ရယ်ရင်း ခန္ဓာကိုယ်ကို (၁၈၀°)အပြည့် ပြန်လှည့် ... ည်။ ဘယ်လောက်တောင်ပြေးလာသည်မသိ။ အသက်ရှူသံ တရှူးရှူးကို ဆိုင်းသား ကြားနေရသည်။

ဥမ္မာညိုက စိတ်မသက်သာသံနှင့် ...

"ဗညား ... နင့်နောက်မှာ တာလီဘန်တွေ လိုက်လာတာတော့ ... တ်ပါဘူးနော်"

"ဟဲ ဟဲ ... တာလီဘန်လောက်ကတော့ ပြေးစရာမလိုပါဘူးဟာ၊ ... ကိစ္စက မိုးဦးပြေးနိုင်းလို့"

"ဟင် ... မိုးဦးက နင့်ကိုပြေးခိုင်းပြီး စမ်းသပ်နေတာလား"

ဥမ္မာညိုစကားကြောင့် မိုးဦး စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။ ... တားအတိုင်း စမ်းသပ်ချင်လျှင် တခြားနည်းလမ်းတွေ အပုံကြီးရှိသည်။ ... လို ပြေးခိုင်းပြီး ဘာကိုစမ်းသပ်ရမည်နည်း။ သူတို့၏ အမောခံနိုင်ရည် ... အားကို သိချင်စရာအကြောင်းလည်း မိုးဦးမှာ မရှိချေ။

ထို့ကြောင့် လေသံ ဆတ်ဆတ်ထွက်သွားရသည်။

"ဗညား ... နင့်ကို ငါ ဘယ်တုန်းက ပြေးခိုင်းဖူးလို့လဲ"

ဗညားက တဟဲဟဲရယ်ရင်း ...

"ဒါက ဒီလိုဟာ ... နင်ပြေးခိုင်းတာမဟုတ်ပေမယ့် နင်ပြေးခိုင်းသလို ... နေလို့ ငါက သွယ်ဝိုက်ပြီးပြောတာ"

"ပြေးခိုင်းသလိုဖြစ်အောင် ငါက ဘာလုပ်နေလို့လဲ"

"နင် ငါ့ကို ပြန်မပေးသေးဘူးလေ"

"ဘာဖြစ်တယ်၊ ပြန်မပေးသေးဘူးပြောရအောင် ငါ နင့်ဆီက ဘာယူ



www.burmeseclassic.com

www.burmeseclassic.com



ထားစီလိုလဲ ... ပြောပါဦး"

"အက္ခရာတွေနဲ့ စာတစ်ရွက်"

"ဩော် ... ဩော်"

မိုးဦး သဘောပေါက်သွားသည်။

"နင့်ကို အဲလို စာတစ်ရွက်ပြန်ပေးဖို့ ငါ့မှာ ဘောလ်ပင်နဲ့စာရွက် မပါဘူး"

"နင့်အိမ်မှာတော့ ရှိမှာပေါ့၊ အိမ်ရောက်မှ အေးအေးဆေးဆေး ရေးပြီ နောက်နေ့မှ"

"အိမ်က ဘော်လ်ပင်တွေလည်း မှင်ကုန်နေတယ်"

"ဆိုင်တွေမှာ လိုသလောက် ရပါတယ်ဟာ"

"အဲဒီဆိုင်တွေကလည်း ငါ့ကိုမရောင်းဘူးတဲ့၊ စာရွက်ချည်းပဲ ယူချ ရင်တော့ နောက်နေ့လာယူလေ၊ အိမ်မှာပေါ့လွန်းလို့ အလကားတောင် ဝေဝေ နေတာ"

"မိုးဦး အဲ ..."

ဗညား အခြေအနေတစ်ရပ်ကို တွက်ဆမိလိုက်ပုံပေါ်သည်။ ခြေလှ အနည်းငယ် နှေးသွားပြီးမှ ...

"မိုးဦး ... ရဲခေါင် လာသွားပြီမဟုတ်လား"

"အေး"

မိုးဦးအနေနှင့် ကွယ်ဝှက်စရာလည်း မလိုချေ။ ဗညားက သက်ပြင် တစ်ချက်ချ၍ ...

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ... ငါ တစ်ခုတော့ ပြောချင်တယ်"

"ပြော"

"ငါပေးတဲ့စာရွက်စာတမ်းက အက္ခရာတွေက ငါ့နှလုံးသားထဲ အတိုင်း အတိအကျပါပဲ၊ အဲဒီအက္ခရာတွေကို နင့်နှလုံးသားနဲ့ မြင်အောင်ဖ

ကြည့်ပေါ့၊ ပြီးတော့မှ နင့်နှလုံးသားထဲက အက္ခရာအတိုင်း ငါ့ကိုစာပြန်ပေး"

မိုးဦး သက်ပြင်းချလိုက်သည်။ ဗညားကို ခပ်တွေတွေ ပြန်ကြည့်လိုက် ပြီး ...

"နင်ပြောချင်တာ ဒါပဲမဟုတ်လား။ ငါ အခု အိမ်ပြန်ချင်ပြီ"

"ရက်(စ်) ... ကျေးဇူးမိုးဦး။ ဒီလောက်နားလည်ရင် ငါကျေနပ်ပြီ နင်လည်း အိမ်ပြန်ချင်ပြီဆိုတော့ ငါ လစ်ပြီ ... သိလား"

စကားအဆုံးမှာ ဗညားက (ခစ်ခစ်) အပြည့် ပြန်လှည့်သွားသည်။ သူ ထွက်လာသော လမ်းကြားလေးထဲသို့ပဲ ကဆုန်မစိုင်းရုံတမယ် ပြေးဝင်ပျောက် ကွယ်သွားလေသည်။

ဆက်လျှောက်လာကြရင်း ဥမ္မာညိုက အသံတစ်မျိုးဖြင့် ...

"ဗညားလည်း ချောတာပဲနော် မိုးဦး။ ရဲခေါင်အောက်တော့ မလျော့ ဘူး"

"အေး ... နင်ပြောသလိုပဲ ဗညားလည်း ချောတယ်"

"ဒါပေမဲ့ သူ့ကိုယ်သူ အရမ်းယုံကြည်မှုရှိတယ်ဆိုပြီး လုပ်နေတဲ့ပုံစံက အမျိုးပဲဟာ၊ သူ့ကိုယ်သူ အထင်ကြီးနေလို့လား၊ ဒါမှမဟုတ် အနိုင်ရလိုစိတ် ကြောင့်ပဲလား မသိဘူး"

"အေး ... ငါလည်း မသိဘူး။ နင်ပြောသလိုပဲ ထင်တာပဲ"

ဥမ္မာညိုက အကြည့်တစ်မျိုးနှင့် လှည့်ကြည့်သည်။ မိုးဦးလည်း အကြည့် တစ်မျိုးနှင့် ပြန်ကြည့်ပေးလိုက်၏။

ဥမ္မာညိုက ...

"ဝေယံလည်း သူတို့လိုပဲ ရောက်လာနိုင်တယ်နော် မိုးဦး"

"အေး ... ဝေယံလည်း သူတို့လိုပဲ ရောက်လာနိုင်တယ်"

"သူ ဘယ်လိုပြောလာမယ်လို့ နင်ထင်လဲ"

"သူ ဘယ်လိုမှပြောမယ်လို့ ငါမထင်ဘူး"





www.burmeseclassic.com

www.burmeseclassic.com

"တင် . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူးလေ၊ အခုပဲ အိမ်ရှေ့ရောက်လာပြီ၊ ဒီနေ့တစ်နေ့လုံး ငါ အခြင်တွက်စရာ အကြောင်းလည်းမရှိတော့ဘူးဆိုတော့ သူနဲ့ တွေ့စရာ အကြောင်းလည်း မရှိတော့ဘူး၊ အဲဒါကိုပြောတာ"

စကားအဆုံးမှာ ဥမ္မာညို့က ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး . . .

"ဟုတ်သားပဲ . . . နင့်အိမ်ရှေ့တောင် ရောက်နေပြီ . . . အဟီး"

ရယ်ရင်း သူ့ဘာသာသူဆက်၍ . . .

"အေးလေ . . . ဒီကောင်ရောက်မလာတာတဲ ကောင်းပါတယ်၊ ရောက် လာရင် ဟိုနှစ်ယောက်ထက် ပိုပြီး နားငြီးကွခံစားရဦးမှာ"

ဥမ္မာညို့နှင့် စကားခဏရပ်ပြောကာ နှုတ်ဆက်ပြီးနောက်မှာတော့ မိုးဦး ခြံထဲဝင်ခဲ့လိုက်သည်။ ထိုကိစ္စဝိစ္စတွေကိုလည်း ခေါင်းထဲမှထုတ်လိုက်ပြီး ခြံတံခါးကိုပါ တစ်ပါတည်း သော့ခတ်လိုက်သည်။

ဒီနေ့အဖို့တော့ ဝေယံနှင့် ထပ်တွေ့စရာအကြောင်း လုံးဝမရှိဟု ထင်ခဲ့မိသည်။

▲▲▲



## အခန်း (၆)

အိမ်ထဲဝင်သဖြင့် အိမ်ထဲရောက်လာသည်ကတော့ အကြောင်းမဟုတ်ပါ။ ကိုယ့်မိဘအိမ်သည် ကိုယ့်အိမ်ပဲမို့ မိုးဦးကို ဘယ်သူမှလည်း ထွက်မတားကြချေ။ သို့သော် ထိုသို့တားမည့်သူရှိလျှင် ကောင်းမည်ဟု မိုးဦး အတွေးဖြစ်မိရသည်။

အဘယ်ကြောင့်ဆိုသော် ဧည့်ခန်းရှေ့ရောက်သည်နှင့် ဧည့်ခန်းထဲမှာ အချိုးလတ်လတ်ကြီးထိုင်နေသော ဝေယံကို ငြားငြားစွင့်စွင့်ကြီး မြင်လိုက်ရသောကြောင့်ပင်။ မိုးဦး၏ မာတာမိခင် ကျေးဇူးရှင်ဖြစ်သော ဒေါ်မိုးကလျာနှင့် ရယ်ကာမောကာ စကားပြောနေ၏။

ဧည့်ခန်းအဝမှာ ရပ်နေသော မိုးဦးကို မေမေက မြင်သွားပြီး . . .

"သမီး လာလေ . . . ဘာရပ်ကြည့်နေတာလဲ၊ ဒီမှာ မောင်ဝေယံ ဆောင် ရောက်နေတာကြာပြီ၊ သူ့ကို သမီး အိမ်လာဖို့ခေါ်ထားတယ်ဆို"

မိုးဦး နှုတ်ခမ်းကို မသိမသာမဲ့လိုက်သည်။ ဝေယံကတော့ ခပ်တည်တည်။ ခပ်တည်တည်လုပ်နေသော်လည်း ဒင်းတစ်ကိုယ်လုံးမှာ အပြုံးတွေရည်း


www.burmeseclassic.com

www.burmeseclassic.com

ဝဲဆိုတာ မိုးဦး ကောင်းကောင်းသိသည်။

"ကဲ ပြော . . . လိုရင်းကို"

မိုးဦး ဆက်တီမှာ ခပ်ဆောင့်ဆောင့်ဝင်ထိုင်လိုက်ရင်း မေးလိုက်သည် ဝေယံက မေမေ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီးမှ . . .

"နင်ပဲ ငါ့ကိုလာဖို့ ချိန်းထားပြီးမှ ဘာမသိချင်ယောင် ဆောင်နေတ လဲ"

"အောင်မာ . . . ငါက ဘာကိစ္စကို မသိချင်ယောင်ဆောင်ရမှာလဲ ပြီးတော့ နင့်ကိုရော ဘယ်တုန်းက လာဖို့ချိန်းထားလို့လဲ"

"မိုးဦး . . . နင်ဟာလေ"

"ဘာလဲ"

"နင်ဟာလေလို့"

"ငါက ဘာဖြစ်လဲ"

"နင် ချိန်းတုန်းက ချိန်းပြီးမှ အတိတ်မေ့သလိုလို ရှေ့မျှော်သလို လုပ်တာပေါ့ . . . ဟုတ်လား။ အဲဒီအကွက်က ရိုးနေပါပြီဟာ"

"အောင်မာ"

မိုးဦး မခံချိမခံသာဖြစ်သွားမိသည်။ ယောကျ်ားလေးသူငယ်ချင်း အ ယောက်အထဲမှာ ရိုက်ချင်စရာကောင်းလှအောင် စကားပြောအတတ်ဆုံး ဝေယံပဲဖြစ်သည်။ ပါးစပ်သာ ငြိမ်ငြိမ်မနေသည် မဟုတ်၊ အမူအရာကလည် အမြဲလိုလို လှုပ်ရှားနေတတ်သည်။ မျောက်နဲ့လောက် စပ်ကျထားတဲ့ကောင် မိုးဦး တစ်ခါက နာမည်ပေးဖူးသေး။

အခုလည်း ဝေယံ့အမူအရာက ပိုးထိုးသလို လှုပ်ရှားလာကာ . . .

"နင်ပဲ ငါ့ကို အဖြေပေးမယ်ဆိုပြီး ချိန်းထားတာလေ"

"ဘာ"

မိုးဦးအော်သံကြောင့် မေမေ့ခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားသည်

ဦးဘတ်ကို လက်ဝါးနှင့်ဖိရင်း . . .

"တိုးတိုးသက်သာလုပ်စမ်းပါ မိုးဦးရယ်၊ ငါ့ နှလုံးမကောင်းတာကို သည်း နင်သိသားနဲ့၊ ဒါနဲ့ မောင်ဝေယံပြောတဲ့ အဖြေဆိုတာက ဘာတုံး"

မိုးဦး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။ ဝေယံရောက်နေသည့် အကြောင်းကို သူမ သိသော်လည်း မေမေ့ကို ထိုသို့ပြန်ပြော၍မှ မဖြစ်သည်တဲ့။

ဝေယံက ရယ်သံတစ်ဝက်နှင့် ဝင်ပြောသည်။

"ဒီလို အန်တီရေ . . . ကျွန်တော် အဖြေတောင်းတယ်ဆိုတဲ့ ကိစ္စက ခြားတော့မဟုတ်ဘူး"

"ဝေယံ"

မိုးဦးအော်သံကြောင့် မေမေက ရင်ဘတ်ထပ်ဖိကာ . . .

"ဘယ်လိုဖြစ်နေရတာလဲ မိမိုးဦးရယ် . . . ဘာကြောင့် ဒီလောက် အော်နေရတာလဲ၊ ကြာရင် ငါ နှလုံးရောဂါရတော့မှာပဲ"

"ကန်တော့ ကန်တော့ မေမေ၊ သမီး တမင်လုပ်တာ မဟုတ်ပါဘူး"

မေမေ့ကို လက်အုပ်ချီရင်း ဝေယံ့ကို မျက်စောင်းထိုးထည့်လိုက်သည်။ သော် ဝေယံက ပြန်ကြည့်မနေသဖြင့် မျက်စောင်းက အလကားဖြစ်သွားရသေး။

ဟင်း နော် . . .။

မေမေက . . .

"ကဲ ပြောကြပါဦး . . . ခုနက အဖြေတောင်းတယ်ဆိုတဲ့ကိစ္စက ဘာ

မေမေ့ပုံစံက အမှန်တကယ် သိချင်နေသည့်ပုံစံဖြစ်သည်။ မိုးဦးက ယံ့ကို အံကြိတ်ပြလိုက်သည်။ သို့သော် ဤတစ်ကြိမ်မှာလည်း ဝေယံက ကြည့်မနေသဖြင့် မိုးဦးမှာပဲ မေးညောင်းသွားရပြန်သည်။

ဝေယံက မေမေ့မျက်နှာကို ကြည့်ပြီး . . .

"ကျွန်တော်က သူ့ကို မေးခွန်းတစ်ခုမေးထားလို့ အန်တီ၊ အဲဒါကို





www.burmeseclassic.com

www.burmeseclassic.com



မဖြေနိုင်သေးလို့ အခုလိုလုပ်နေတာ''

မေမေက တွေခနဲဖြစ်သွားပြီးမှ သူ့ဘာသာသူ အဓိပ္ပာယ်တစ်

ပေါက်သွားပုံနှင့် ...

''ဩော် ... ငါက ဘာများလဲလို့၊ မင်းတို့က မကြီးမငယ်နဲ့ ပဟေ

ဖွက်တမ်း ကစားနေကြတာကိုး''

''ဟီး ဟီး ... ဟုတ်တယ် အန်တီ၊ အဲဒါကို မဖြေနိုင်လို့ မိုး

တမင်ညစ်နေတာ''

''တယ် ... ဒီကလေးတွေနဲ့တော့ ခက်တော့တာပဲ၊ ကြီးကောင် ဖြ

မားတွေနဲ့''

မေမေက သဘောကျဟန်နှင့် တဟင်းဟင်းရယ်လေသည်။ မေ

ရယ်လျှင် မျက်ပေါက်နှစ်ခုစလုံး ပိတ်သွားတတ်၏။ ထိုသည်ကို အခွင့်ကော

ယူပြီး ဝေယံက အမူအရာတစ်မျိုး လုပ်ပြသည်။

''သေလိုက်''

မိုးဦးအသံကြောင့် မေမေ့မျက်လုံးနှစ်ဖက် ဖျတ်ခနဲ ပြန်ပွင့်လာသည်

''မိမိုးဦး ... အဲဒါ ဘာပြောတာလဲ''

မိုးဦး ကမန်းကတန်းပင် ...

''ဟာ ... မေမေကလည်း မေမေ့ကို သမီးက အဲလိုပြောစရာလ

ဟိုကောင် ဝေယံကို ပြောတာ''

မေမေ့ကို ဒုတိယမ္ပိ လက်အုပ်ချီလိုက်ရင်း ဝေယံကိုပါ တစ်ဆက်တ

မျက်စောင်းပစ်ထိုးထည့်လိုက်သည်။ ဝေယံက ရယ်ကျဲကျဲသာ။ ဒင်းက လ

ညှိုးလက်မ အချင်းချင်း ထိစပ်ကာ အသည်းနှလုံးပုံစံ လုပ်ပြပြီး ''သူ့ကို

မလား'' ဟု အသံတိတ်ပြောခြင်း ဖြစ်သည်။ ထို့ကြောင့် မိုးဦးလည်း 'သေလို

ဟု ပီယဝါစာ ပြောလိုက်ခြင်းဖြစ်သည်။

ဝေယံက ရယ်ကျဲကျဲနှင့်ပဲ ...



''အန်တီ့သမီးက သူ အရှုံးမပေးချင်တိုင်း ရှုးချင်ယောင်ဆောင်နေ

တာ အန်တီရဲ့''

မေမေက မိုးဦးကိုကြည့်သည်။ ထင်တော့ထင်သားပဲဆိုသည့် အကြည့်

မျိုးနှင့်ကြည့်ကာ ...

''သမီးရယ် ... ပဟေဠိဖွက်တာပဲ၊ မှားမှားမှန်မှန် ဘာဖြစ်တာမှတ်

လို့ အရှုံးမပေးချင်တိုင်း ကျစ်မတိုက်နဲ့လေ၊ ကိုယ့်သူငယ်ချင်း အချင်းချင်းတွေပဲ

ဥစ္စာ၊ အဖြေပေးလိုက်ပေါ့''

''အာ ... မေမေ မသိပါဘူး''

မေမေ့ကိုပြန်ပြောရင်း မိုးဦး နေမထိ ထိုင်မထိ ဖြစ်သွားရသည်။

ဝေယံ့ကို ပြောချင်ဆိုချင်စိတ်တွေ အတော်ဖြစ်သွားရသော်လည်း မေမေ့ရှေ့မှာ

ဖြစ်နေ၍ ဘာမှလုပ်လို့မရ။ ဒင်းကိုသာ တစိမ့်စိမ့်ကြည့်သလိုကြည့်ပြီး အသည်း

တွေယားပြီးရင်း ယားနေရသည်။

မေမေကပါ ဘုမသိ ဘမသိ အဖြေပေးခိုင်းနေသဖြင့် ဝေယံ့မျက်နှာက

ချေမချဉ် ဖြစ်လာသည်။ ချက်ချင်းပင် စပ်ဖြဲဖြဲ ဖြစ်လာပြီး ...

''ဟဲ ဟဲ ဟဲ ... ဟုတ်သားပဲ နင်ကလည်း၊ ငါတို့က အချင်းချင်း

တွေပဲဥစ္စာ၊ အန်တီပြောတာ တရားနည်းလမ်းကျသားပဲ''

''ဟဲ့ ... အကောင်စုတ်ရဲ့''

ရေစားပွဲပေါ်မှ ပန်းအိုးနှင့် ကောက်မပေါက်မိအောင် မိုးဦး တော်တော်

ထိန်းထားရလေသည်။ မေမေ့မျက်နှာကို အရိပ်အခြည် ကြည့်လိုက်ပြီးမှ ...

''ဝေယံ ... နင် ငါ့ကို စိတ်အနှောင့်အယှက် လာပေးနေတာလား''

''မပေးပါဘူး။ အဖြေယူမလို့ လာတာကို''

''နင်တော့နော် နင်တော့၊ နေဦး ... ဟဲ့ ရွှေရည်''

အိမ်အကူကောင်မလေးရွှေရည်က မလှမ်းမကမ်းမှာ ရပ်သိ နားသိလုပ်

နေ၍ မိုးဦး လှမ်းခေါ်လိုက်သည်။ ရွှေရည်က မိုးဦးခေါ်တာကို ကြားရေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူခေါ်ခေါ် ထူးမှာလည်း မဟုတ်ချေ။ သူမက မွေးရာပါ စကားမပြောတတ်သူလေးဖြစ်သည်။ ရိုက်နှက်ပြီး အတင်းထုနိုင်းလျှင်လည်း 'ဗွေဗွေ ဝါးဝါး' အသံသာ ထွက်လာမည်။

ခွံ့အသော်လည်း နားကတော့ အရမ်းပါးသည်။ ထို့ကြောင့် မိုးဦးခေါ်လိုက်သည်နှင့် ချက်ချင်းဆိုသလို အနားရောက်လာ၏။ 'ဘာခိုင်းမလဲ' ဆိုသည့် သဘောနှင့် လက်ဟန်ခြေဟန်လုပ်ပြသည်။

ဝေယံက မသက်သာဟန်နှင့် ...

"မိုးဦး ... နင် ဘာလုပ်မလို့လဲ၊ ပေါက်ကရတော့ မလုပ်နဲ့နော်"

အသံကာလာက "နင် ဉာဏ်များတော့မှာ ငါသိတယ်" ဆိုတာမျိုး။ သူကပဲ တစ်မြွန်ကြီး ပြောရသေးသည်။ ဒင်းကမှ တစ်ကိုယ်လုံးမှာ (မရှိမသေပြောရလျှင်) ယိုသည့်အီးအီးမှာပါ အကြံတွေချည်း။

သို့သော် ဝေယံထင်သလို မိုးဦးက ဘာမှ ဉာဏ်မများဘဲ ...

"အဲဒီပန်းအိုးကို အနောက်ဘက်ယူသွားလိုက် ရွှေရည်"

စားပွဲပေါ်က ပန်းအိုးကို လက်ညှိုးညွှန်ကာ ပြောလိုက်သည်။ စကားမပြောတတ်သဖြင့် ရွှေရည်က "ဟုတ်ကဲ့" ဟု မပြောဘဲ ခေါင်းသာညိတ်ပြကာ ပန်းအိုးကိုယူပြီး ထွက်သွားသည်။

မေမေက မျက်မှောင်ကြုတ်ကာ ...

"ဟဲ့ ... အဲဒီပန်းအိုးက ဘာဖြစ်လို့တုန်း"

မိုးဦးက ဘာကိုမှ မကြုတ်ဘဲ ...

"မနက်က ကြည့်လိုက်တော့ အဲဒီပန်းအိုးမှာ အက်ရာပေါ်နေတာ တွေ့တယ်၊ မကြာခင် ကွဲတော့မယ့်အရိပ်အယောင်မြင်လို့ သိမ်းခိုင်းလိုက်တာ"

"ဟုတ်လား ... မေမေတောင် သတိမထားမိဘူး"

မေမေက မိုးဦးစကားကို တကယ်ထင်သည်။ အဓိပ္ပာယ်ပေါက်သွားသော ဝေယံက သူ့ခေါင်းကို သူ့လက်နှင့်ပွတ်ပြကာ ခေါက်ပြ၏။ ခေါင်းမာသည်

www.burmeseclassic.com



ပေါ့လေ။

မိုးဦး လေသံဆတ်ဆတ်နှင့် ...

"ဝေယံ ... နင် ဘယ်နေရာရောက်နေလဲဆိုတာတော့ သိပါတယ်နော်"

"သိတယ်လေ ... နင့်အဖေနဲ့အမေပိုင်တဲ့အိမ်၊ လောလောဆယ် နင်နဲ့ ဆိုင်ရုံသာဆိုင်သေးတဲ့အိမ်"

"အဲဒါကို နင်က ဒါတွေ ပြောစရာလား"

"မပြောပါဘူး ... နင့်ဆီက အဖြေကို သိချင်ရုံသက်သက်ပဲဟာ"

"တော်တော်ကြားချင်နေတယ်ပေါ့ ... ဟုတ်လား"

"အခုတော့ နင် ဆန္ဒရှိမှပါ"

"အေး ... ပြောပြမယ်၊ နားဆင်ချည်"

ဝေယံ ခါးမတ်သွားကာ ...

"အေး ... ဘာလဲ"

မိုးဦး ထိုင်ရာမှ ထလိုက်ပြီး ...

"သွားတော့ ... ငါ မအားတော့ဘူး၊ လုပ်စရာတွေရှိသေးတယ်"

"ဟင် ... ဘာမှလည်း မပြောရသေးဘူး။ နင်ပဲ နားဆင်ချည်ဆို"

"နားဆင်ဂျီလို့ပြောတာ အဖြေကိုသိချင်ရင် အဲဒီတီရွှာန်တွေကို သွားမေးလို့ပြောတာ"

"အဲ"

ထိုသို့ပြောပြီး မိုးဦး အိမ်ထဲဝင်ခဲ့လိုက်သည်၊ ဝေယံ ဘာမှ ပြန်မပြောနိုင်ဘဲ ခါးမတ်မတ်ကြီးနှင့်ပင် ဧည့်ခန်းမှာ ဒီအတိုင်းကျန်နေခဲ့သော ခါတော့ ... မိုးဦးနှင့်အတူ အိမ်ထဲလိုက်လာလို့မှ မဖြစ်သည်ဘဲ။ ထိုသို့ လိုက်လာလျှင်လည်း မိုးဦးအဖို့ ပါးရိုက်ရန်မှတစ်ပါး အခြားမရှိချေ။

သို့သော် ဝေယံကလည်း လိုက်မလာပါ။ ထို့ကြောင့် မိုးဦးလည်း ငါး

www.burmeseclassic.com



ဆိုက်ခြင်း ရှားရှားပါးပါး ယောကျ်ားလေးသူငယ်ချင်းသုံးယောက်သာက ဖြစ်စဉ်တွေတိုတွေးရင်း . . .

"ဗိုက်တောင်ဆာလာပြီ"

ထမင်းစားခန်းသို့ပဲ ဝင်ခဲ့လိုက်တော့သည်။



## အခန်း (၇)

အားလုံး၏စကားသံတွေအဆုံးမှာ ခင်သက်ထွေးတစ်ယောက် မျက်လုံးပြူးသွားသည်။ သောက်လက်စ အအေးပင် နင်သလိုဖြစ်သွားကာ ချက်ကိုခုံပေါ် ကမန်းကတန်းပြန်ချရင်း . . .

"ဒါ ဒါဆိုရင် ဒီကောင်သုံးကောင် နင့်ကို အဖြေတောင်းတော့သည်းတစ်ရက်တည်းပဲပေါ့ . . . ဟုတ်လား"

"အေးလေ"

"ဟုတ်လို့ပဲ ဟုတ်တဲ့အကြောင်း ပြောပြီးပြီကို"

ခင်သက်ထွေးက ခေါင်းကို ဘယ်ညာယမ်းခါလျက် . . .

"ငါ ယုံတောင်မယုံနိုင်ဘူး"

ထိုစကားကြောင့် စိတ်တိုသွားရသူက မိုးဦးပဲဖြစ်သည်။

"အေး . . . ဟုတ်တယ်၊ ငါက အဲလို အထင်ခံချင်လွန်းလို့ ထိုးသားပြီးပြောတာ . . . ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အလန့်တကြားဖြစ်သွားကြသည်။ မိုးဦးအသံကလည်း ကိုးမောင်းမှု့ ကျယ်သွားသည်ကိုး။

"မိုးဦးရယ် နင်ကလည်း"

"အေးလေ … သက်ထွေးက အခုမှ စသိလို့ ဖြစ်သွားတာကို"

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့ ဝင်ပြောကြသည်။ မိုးဦး ဘာမှ ပြန်မပြောဘဲ သက်ပြင်းတစ်ချက်သာ ဆောင့်အောင့်ချလိုက်၏။

ခင်သက်ထွေးမျက်နှာလေးက လက်ရှိထက် အဆနှစ်ဆယ်လောက် ပိုငယ်သွားသလို ဖြစ်သွားကာ …

"ငါက အံ့သြလွန်းလို့ မယုံနိုင်ဘူးလို့ပြောမိတာပါ မိုးဦးရယ်၊ နင့်ကို လိမ်ဆယ်တယ်လို့ စွပ်စွဲတာ မဟုတ်ပါဘူးဟာ၊ နင့်ကို ငါ အဲလိုပြောရအောင်လည်း နင်နဲ့ငါက တက္ကသိုလ်တုန်းကတည်းကပဲ အတူတက်ပြီး ခင်လာခဲ့တဲ့ သူငယ်ချင်းတွေ မဟုတ်ဘူးလား"

ပြောရင်း ခင်သက်ထွေးအသံက ဝမ်းနည်းသံပါလာသည်။ အကြောင်းသိချင်းမို့ ခင်သက်ထွေး နှပ်တရှုပ်ရှုပ်လုပ်မလာခင်မှာ မိုးဦးက …

"ခင်သက်ထွေး"

"ဟင်"

"နင့်စကားကြောင့် ငါ စိတ်ဆိုးတာမဟုတ်ဘူး။ ငါ ကြုံနေရတာတွေကို မကျေမနပ် ဖြစ်နေတာ"

"ဟင် … ဘာ"

"နင့်ကို စိတ်ဆိုးစရာအကြောင်း ငါ့မှာ ဘာရှိလို့လဲ၊ ဟိုသုံးယောက်ကြောင့် စိတ်ရှုပ်နေရတာကိုပြောတာ"

"အဲလိုလား"

မိုးဦး ချော့ပြောလိုက်တော့မှ ခင်သက်ထွေးမျက်နှာက အဆနှစ်ဆယ် ပြန်ကြီးသွားသည်။ မူရင်းမျက်နှာထားအတိုင်း ဖြစ်သွားပြီးမှ ချက်ချင်းပင်ဆယ်ဆမျှ ပိုကြီးသွားပြီး …

"ဒါများမိုးဦးရယ် … သူတို့ဘက်က နင့်အပေါ် တကယ် ဟုတ်လား မဟုတ်ဘူးလားဆိုတာကိုသိအောင် အော်ပရေးရှင်းတစ်ခု လုပ်လိုက်ပေါ့ဟ"

"ဘာအော်ပရေးရှင်းလဲ"

"Counter Attack လေဟာ … တန်ပြန်တဲ့ပြန်မှုပေါ့၊ အဲဒါကို စစ်ဆင်ရေးတစ်ရပ်အနေနဲ့ အော်ပရေးရှင်း (Operation) လုပ်ဖို့ပြောတာ"

ခင်သက်ထွေးစကားကို မိုးဦး ဘာရယ်မဟုတ် စဉ်းစားသွားရသည်။ အခြေအနေကလည်း မိုးဦးအတွက် စဉ်းစားစရာ ဖြစ်လာပြီကိုး။

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့ကလည်း …

"ဟုတ်တယ်မိုးဦး၊ နင် ဒီအတိုင်းနေတာထက်စာရင် ခင်သက်ထွေးပြောသလို လုပ်လိုက်တာက တစ်ခုခု ပိုပြီးထူးခြားလာလိမ့်မယ်"

"ဟုတ်တယ် … အနည်းဆုံးတော့ ဘယ်သူက နင့်အပေါ်ကို သဘောထားအမှန်လဲဆိုတာ သိလာမှာပဲ မိုးဦး"

မိုးဦး ခေါင်းတဆတ်ဆတ်ညိတ်ကာ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေး … နင်တို့ပြောသလို လုပ်မယ်ဆိုရင်တောင် လောလောဆယ်အချိန်မှာ စဉ်းစားလို့ရမယ် မထင်ဘူး"

မိုးဦး၏ ခပ်လျော့လျော့လေသံကြောင့် …

"ဘယ်လိုဖြစ်လို့လဲ မိုးဦးရဲ့"

"အေးလေ … နင်စဉ်းစားရင် ရနိုင်မှာပါဟာ"

အားလုံးထဲမှာ မိုးဦးက ဉာဏ်အထက်ဆုံးနှင့် စဉ်းစားတွေးခေါ်နိုင်သောကြောင့် အားလုံးပဲ အားမလိုအားမရ ဖြစ်သွားကြသည်။

မိုးဦး သက်ပြင်းတစ်ချက် ထပ်ချရင်း …

"သိချင်ရင် ဆိုင်အပြင်ကို လှမ်းကြည့်ကြ"

မိုးဦးစကားအဆုံးမှာပဲ ဆိုင်အပြင်သို့ ခေါင်းအားလုံးကိုယ်စီလှည့်သွား





www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ...

"ဟယ် ... ရဲခေါင်"

"ဟိုမှာ ဗညား"

"ဝေယံက ဟိုဘက်မှာဟ"

မိုးဦးက အခြေအနေအားလုံးကို တွက်ဆလိုက်ပြီးဖြစ်သည်။ ရဲခေါင် ဗညားနှင့် ဝေယံတို့က အတူတကွ လာခြင်းမဟုတ်။ တကွဲတပြားစီ ရောက်လာကြပြီး ဆိုင်ရှေ့မှာ ဆုံခြင်းဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး တစ်နေရာစီမှာ ရပ်နေကြသည်။

ပြီး သူတို့၏အမူအရာတွေအရ တစ်ယောက်နှင့်တစ်ယောက် မခေါ် မပြောဖြစ်နေကြပြီဆိုတာ မိုးဦး ကောင်းကောင်းသိသည်။

အားလုံးလည်း သဘောပေါက်စွာ တီးတိုးဖြစ်သွားစဉ်မှာပဲ ဆိုင်ထဲ ပထမဦးစွာ လျှင်လျှင်မြန်မြန်ရောက်လာသူက ရဲခေါင် ဖြစ်သည်။

ရဲခေါင်က ခုံတစ်ခုံကိုယူကာ မိုးဦးနှင့် မနီးမဝေးမှာချရင်း ဝင်ထိုင်သည်။ ဆိုင်အပြင်ရှိ ဗညားနှင့်ဝေယံကို ဝေ့ဝဲလှမ်းကြည့်ပြီးမှ ...

"ငါ ထင်တော့ထင်သားပဲ၊ ဒါကြောင့် ဒီကိုလာကတည်းက စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတာ"

သူ့ဘာသာသူပြောရင်း သူ့ဘာသာသူ သက်ပြင်းချကာ ...

"မိုးဦး"

မိုးဦး ခပ်တည်တည်သာ လုပ်နေလိုက်သည်။ ရဲခေါင်က ဒုတိယမြောက် သက်ပြင်းကို ချလျက် ...

"ငါ ဒီကိုလာတုန်းကတော့ နင်နဲ့အေးအေးဆေးဆေး စကားပြော ချင်လို့ပဲ၊ ဒါပေမဲ့ ဟိုကောင်နှစ်ကောင်ပါ ရောက်လာတော့ ပြောဖြစ်တော့ မဟုတ်ဘူး"

ပြောရင်း တတိယမြောက် သက်ပြင်းကို ထပ်ချသည်။





"ငါပြောချင်တာက နင့်ကို ငါတို့သုံးယောက်စလုံး တစ်နေ့တည်းမှာ အဖြေတောင်းမိသွားပြီ၊ ကျွတ်(စ်) ... ဒါလည်း ဟိုနှစ်ကောင်"

ရဲခေါင်က စကားကို အဆုံးမသတ်ဘဲ မကျေမချမ်းတာနှင့် ရှည်လျား စွာပြားစွာ ညည်းတွားလေသည်။

ပြီးမှ စတုတ္ထမြောက်သက်ပြင်းကို ပင်ပန်းဆင်းရဲကြီးစွာပုံစံနှင့် မှုတ် ထုတ်ရင်း ...

"ဘာပဲဖြစ်ဖြစ်ဟာ ... နင် အဖြေပေးမယ်လို့ စဉ်းစားရင် ပထမဆုံး အဖြေတောင်းထားတဲ့ ငါ့ကို ဦးစားပေး၊ ဒါဆို ငါကျေနပ်တယ်"

စကားအဆုံးမှာ ရဲခေါင်က ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ချက်ချင်း ထွက်သွားသည်။ ဘယ်သူမှလည်း "နေပါဦး" ဟု လိုက်မပြောကြ။

ရဲခေါင်ထွက်သွားသည်နှင့် ချက်ချင်းရောက်လာသူက ဗညား ဖြစ် သည်။ ရဲခေါင် ထိုင်သွားသည့်ခုံမှာပင် ဝင်ထိုင်ရင်း ...

"ဘယ်လိုလဲ မိုးဦး ... ရဲခေါင်က သူ့ကို ပထမဆုံးအဖြေပေးပါလို့ တောင်းဆိုသွားတာမဟုတ်လား။ ဒီကောင်နဲ့တော့ ခက်တယ်"

မိုးဦး ဘာမှပြန်မပြောဘဲ နေလိုက်သည်။ ဗညားက မိုးဦးကို ကြည့်ကာ ပြုံးပါးပါးနှင့် ...

"နင့်အနေနဲ့ ဆုံးဖြတ်ရခက်နေမယ်ဆိုတာ ငါနားလည်ပါတယ်၊ ဘာ ပဲဖြစ်ဖြစ် ဆုံးဖြတ်ချက်တစ်ခုဆိုတာ မှန်ကန်ဖို့တော့ လိုတယ်နော် မိုးဦး။ နင့် အနေနဲ့ ဘယ်လိုဆုံးဖြတ်သင့်သလဲဆိုတာကို ငါမပြောတော့ဘူး၊ နင် တွေးကြည့် ရင် သိမှာပါ ... ဘယ်သူက ဘယ်လိုဆိုတာကို"

ဗညားပုံစံက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေသည့်ဟန်။ ပြီး ... ရာမှထလျက် ...

"ငါယုံကြည်ထားတဲ့အတိုင်း နင် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ပါစေ ... ဦး"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသော ခြေလှမ်းကျဲကြီးတွေ

နှင့် ထွက်သွားလေသည်။

"အင်း ... နှစ်ယောက်တော့ပြီးပြီ" ဟု မိုးဦးတွေးလိုက်သည်။

နောက်ဆုံးအလှည့်ကျရောက်လာသူကတော့ ဝေယံပဲဖြစ်သည်။ ဗညာ

ဆိုင်ထဲမှ ထွက်သွားသည်နှင့် ဝေယံကလည်း သွက်လက်စွာ ဝင်လာပါသည်။

သို့သော် ဝေယံက ရဲခေါင်တို့ထိုင်သွားသောခုံမှာ ဝင်မထိုင်ဘဲ မိုးဦး

တို့နှင့် ခပ်လှမ်းလှမ်းတစ်နေရာမှာ သူ့ဘာသာသူ တစ်ပိုင်းသတ်သတ် ထိုင်

သည်။ ပြီး မိုးဦးတို့ဆီကိုလည်း လုံးဝမကြည့်ဘဲ သူ့ခါးကြားထဲမှ စာအုပ်

တစ်အုပ်ကို ထုတ်ကာ အထူးတလည် စိတ်ဝင်စားနေဟန်ဖြင့် ဖတ်နေ

ဟိုနှစ်ယောက်လို မဟုတ်ဟု လုပ်နေတာ ဖြစ်ချင်ဖြစ်မည်။

မိုးဦး တစ်ချက်သာလှမ်းကြည့်ပြီး မျက်နှာလွှဲနေလိုက်သည်။ ခင်

အကြောင်းမသိလျှင် ခက်မည်။ တကယ်မလာလျှင်လည်း ကောင်းသည်

မိုးဦး တွေးလိုက်၏။

"မိုးဦး ... ဝေယံက ဘယ်လိုလဲဟ ... ငြိမ်လှချည်လား"

"အေးလေ ... ငါက ဒီကိုလာမလားလို့"

ကြည်ကြည်ဖြိုးနှင့် ပန်းအိတို့က အံ့ဩတကြီးပြောကြသည်။ မိုးဦး

လက်ကာပြရင်း "ဂရုမစိုက်နဲ့" ဟု ပြန်ပြောလိုက်သည်။ ခင်သက်ထွေး

အတွေးတစ်စ ဖမ်းမိဟန်ဖြင့် ငြိမ်နေ၏။

ထို့နောက် အမှန်တကယ် ဂရုမစိုက်ဟန်ဖြင့် သူမတို့အားလုံး ရော

တတ်ရာရာတွေကိုပြောရင်း ဝေယံ့ကို တကယ်မေ့သွားကြသည်။

နာရီဝက်မျှ ကြာသွား၏။

ပြောပြီး ဆိုပြီး အာညောင်းအပြီး ပြန်ရန်ပြင်လိုက်ကြစဉ်မှာ ခင်သက်

ထွေးက ...

"ဟဲ့ မိုးဦး"



အသံဗေသွားရာကို သဘောပေါက်စွာ မိုးဦး လှည့်ကြည့်လိုက်တော့

...

"ဩော်"

ဝေယံက မူလနေရာမှာပင် မူလအတိုင်း စာအုပ်ဖတ်လျက်သား ရှိ

နေသေးသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေသည့်ပုံစံနှင့် အထူးပင်

ငြိမ်သက်နေ၏။ မိုးဦးလည်း အထူးပင် သက်သာမကင်းဖြစ်သွားရသည်။

ပန်းအိက လေသံတိုးတိုးနှင့် ...

"ဝေယံ ဒီလိုလုပ်နေတာ ဘာသဘောလဲ"

မိုးဦးကိုယ်စား ခင်သက်ထွေးက ဝင်ဖြေသည်။

"ဘာသဘောမှ မဟုတ်ဘူး။ သူရှိနေရင် ရဲခေါင်နဲ့ဗညာ အနားကပ်မှာ

မဟုတ်တော့ဘူးလေ၊ သူတို့သုံးယောက်က အခု တည့်မှမတည့်ကြတော့ဘဲ၊

အဲဒါကြောင့် ဟိုနှစ်ယောက် မိုးဦးအနားရောက်မလာအောင် လုပ်နေတာ ဖြစ်

မယ်"

"အဲလိုကြီးလား ... ဟုတ်လား မိုးဦး"

ပန်းအိအမေးကို မိုးဦးက ...

"ဟုတ်,မဟုတ် သိချင်ရင် ပြန်ကြအောင်လေ၊ နင်တို့ စောင့်ကြည့်"

မိုးဦးတို့ ဆိုင်အပြင်ထွက်ခဲ့ကြသည်။ ဆိုင်မှ အတော်ဝေးဝေး လျှောက်

လာပြီးမှ ပန်းအိက ...

"မိုးဦး ... ထူးခြားပြီဟ ထူးခြားပြီ"

"ဘာလဲ"

"ဝေယံ အနောက်ကလိုက်လာတယ်"

အားလုံး နောက်သို့ တစေ့တစောင်းကြည့်ကြပြီးမှ ရှေ့သို့ပြန်လှည့်ကာ

ဆက်လျှောက်ကြသည်။

အမှန်ပင် ဝေယံက မလှမ်းမကမ်းအနေအထားမှာ ငြိမ်ငြိမ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးက ...

"ဟဲ့ ... နင်တို့ ကြက်ခြေမပျက်စေနဲ့နော်၊ ခပ်တည်တည်ဆက်လျှောက်ကြ"

မိုးဦးတို့အားလုံး ကြက်ခြေမပျက် ဆက်လျှောက်လာသလို ဝေယံကလည်း ကြက်ခြေမပျက်ပင် လိုက်ပါလာသည်။ လှည့်မကြည့်သော်လည်း မိုးဦးသိနေပါ၏ အားလုံးက လှည့်ကြည့် လှည့်ကြည့်လုပ်ကာ တီးတိုးပြောလာကြသည်ကို။

တစ်နေရာအရောက်မှာ မိုးဦးအတွက် အခက်ကြုံရသည်။

"ကဲ မိုးဦး ... ငါ ဒီနေရာကပဲ ပြန်တော့မယ်ဟာ၊ အိမ်မှာ ငါ့အမေက နေမကောင်းဘူး"

ပန်းအိစကားအဆုံးမှာ ကြည်ကြည်ဖြိုးကလည်း ...

"ငါလည်း ငါ့ဦးလေး နိုင်ငံခြားကပြန်လာတာကို လေဆိပ်အမီ သွားကြိုရဦးမှာ မိုးဦးရဲ့၊ ငါလည်း ပြန်လိုက်တော့မယ်"

မိုးဦး မည်သို့မှပြန်မပြောဘဲ ကြည့်နေလိုက်သည်။ ခင်သက်ထွေးကလည်း လုပ်လာပြန်၏။

"မိုးဦး ... ငါလည်း ငါ့အစ်ကိုကိစ္စလေးတစ်ခု လုပ်ပေးစရာရှိလို့ဟာ ပြီးတော့ ငါ အခုလို အပြင်မှာကြာနေရင် အမေက ငါ့ကိုဆူမှာဟ၊ အမေက ငါနဲ့ ငါ့'ကို' အကြောင်းကို ရိပ်မိသလိုဖြစ်နေတာ ... အဲဒါကြောင့်လေ"

"ပြန် ပြန် ... ပြန်ကြ"

မိုးဦး ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောလိုက်သော်လည်း အားလုံး ဝမ်းသာအားရ ပြန်သွားကြသည်။ သက်ပြင်းတစ်ချက်သာ ချရင်း မိုးဦး အားလုံးကို ခွင့်လွှတ်လိုက်ပါသည်။ သူတို့မှာလည်း သူတို့ကိစ္စတွေနှင့် သူတို့။

ကိုယ့်ကိစ္စကိုလည်း ကိုယ့်ဟာကိုယ် ဖြေရှင်းရမည်လေ။ ထို့ကြောင့် မိုးဦးလည်း နောက်သို့ တစ်ချက်မှလှည့်မကြည့်ဘဲ ဆက်လျှောက်လာခဲ့ပါသည်။

အနောက်မှာ ဝေယံ ထက်ကြပ်မကွာ ပါလာသည်ကိုတော့ မိုးဦး





အတွေ့အထိရှိရထားသလို အလိုလိုသိနေပါသည်။

ဆက်လျှောက်လာရင်း အနောက်သို့ ဖျတ်ခနဲလှည့်ကြည့်တော့ ဝေယံကလည်း သူ့နောက်ကျောသို့ ပြန်လှည့်ကြည့်သည်။ မိုးဦးရပ်လျှင် သူကလည်း ရပ်နေသည်။ မိုးဦးဆက်သွားလျှင် သူက ဆက်သွားသည်။

ထိုသို့ပင် လမ်းတစ်လျှောက်လုံး အကြိမ်ကြိမ်ပင် 'ရပ်၊ ကြည့်၊ သွား' ကစားလာခဲ့ကြသည်။

အိမ်ရှေ့အရောက်မှာတော့ မိုးဦး ခါးထောက်ရပ်ကာ စောင့်နေလိုက်သည်။ ဝေယံက လက်နှစ်ဖက်ကို နောက်ပစ်ကာ လျှောက်လာ၏။ သို့သော် မိုးဦးကို မကြည့်၊ လမ်းကိုသာ ငုံ့ကြည့်ပြီး လျှောက်လာသည်။

မိုးဦးရှေ့ ဖြတ်အလျှောက်မှာလည်း အလွန်မတန် တည်ကြည်ငြိမ်သက် ခံ့ညားသောအသွင်အပြင်နှင့်။ မသိလျှင် ထိုင်ရှိခိုးမိဦးမည်။

သိသဖြင့် ထိုင်မရှိခိုးချင်သော မိုးဦးကတော့ ခါးထောက်လျက်ပင် ပါးစပ်ကို ခပ်မာမာ အလုပ်ပေးလိုက်သည်။

"ဝေယံ"

ဝေယံ့ခြေလှမ်းတို့က ဖြည်းညင်းစွာရပ်သွားသည်။ ခန္ဓာကိုယ်ကလည်း ဖြည်းညင်းစွာပင် လှည့်လာရင်း အသံကလည်း ဖြည်းညင်းစွာနှင့်ပင် ...

"ပြော မိုးဦး ... ဘာလဲ"

"နင် အဲဒါ ဘာလုပ်နေတာလဲ"

"လမ်းလျှောက်နေတာလေ"

"အဲဒါကိုပြောတာ မဟုတ်ဘူး ... အအေးဆိုင်မှာကတည်းက နင်လုပ်နေတဲ့ပုံစံကို ပြောတာ"

"ဪ ... ဒါလား"

ဝေယံက လွန်စွာအေးဆေးလှစွာပင် ...

"နင် ငါ့ကို တစ်မျိုးထင်နေပြီ မှတ်တယ်၊ တကယ်တော့ ငါက နင်



www.burmeseclassic.com

ထင်သလို မဟုတ်ပါဘူး . . . ဒီမှာ တွေ့လား"

ဝေယံက နောက်ပစ်ထားသော လက်တစ်ဖက်ကို မြှောက်ပြသည်။ ထိုလက်ထဲမှာ စာအုပ်တစ်အုပ် ကိုင်ထား၏။

"အဲဒါ ဘာဖြစ်လဲ၊ နင် ဟိုဆိုင်ထဲမှာ ဟန်ဆောင်ပန်ဆောင်ဖတ်နေတဲ့ စာအုပ်ပဲ မဟုတ်လား"

ဝေယံက ခေါင်းကို ဖြည်းညင်းစွာပင် ညိတ်ရင်း . . .

"ဟုတ်ပါတယ်၊ ဒါပေမဲ့ စာအုပ်ကို နင်ကြည့်ဦး၊ စာအုပ်နာမည်က 'အချစ်နဲ့ ဝိပဿနာ' တဲ့၊ ကိလေသာတဏှာကနေ ဝိပဿနာကို ဘယ်လို ကူးပြောင်းရမယ်ဆိုတာ ရေးထားတာ၊ နင် ဖတ်ကြည့်ဦးမလား"

မိုးဦး ဘာပြောရမည်မသိ ဖြစ်သွားရသည်။ စာအုပ်ကလည်း အမှန် ပင် ထိုစာအုပ်ဖြစ်နေ၏။ ဆရာတော် 'ရဝေနွယ် (အင်းမ)' ၏ စာအုပ်ဖြစ်သည်။ ဝေယံက စာအုပ်ကို လက်ထဲမှာ တဆဆကိုင်ရင်း . . .

"ငါက အိမ်မှာ စာဖတ်မရလို့ အဲဒီဆိုင်မှာ လာဖတ်တာပါ၊ အခြေအနေ တွေက တိုက်ဆိုင်သွားတော့ နင် အထင်လွဲစရာဖြစ်သွားတာ နေမှာပါလေ"

"ဪ . . . ဪ"

မိုးဦး အထင်ကြီးလေးစားရမလိုဖြစ်သွားသည်။ တကယ်ပဲ ကိလေ သာတွေ ဖျောက်ပြီး ဝိပဿနာဘက်ကို ကူးပြောင်းတော့မည်လား မသိ။ ဖျတ်ခနဲဖြစ်သွားသော တွေးမိတွေးရာ အတွေးပင် မဆုံးလိုက်။ ဝေယံ့အမူအရာ က ချက်ချင်းပင် သူ့မူရင်းအတိုင်း ပြောင်းသွားကာ . . .

"မပူပါနဲ့ဟာ . . . နင့်ဆီက အချစ်ကိုရမှပဲ ဝိပဿနာဘက်ကို ကူး ပြောင်းဖို့အတွက် ငါ ဒီစာအုပ်ကို ကြိုဖတ်ထားတာပါ"

"ဘာ"

"နင်လည်း လောကုတ္တရာကုသိုလ်တွေ ပြည့်ဝအောင် ငါ့ကို ပြန်ပြီး ချစ် ချစ်"





"ဝေယံ"

မိုးဦးအော်သံအဆုံးမှာပဲ ဝေယံက တာတိုအပြေးသမား ခြေလှမ်းတွေ ဖြင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သည်။ မိုးဦးမှာပဲ ဒေါသရင်ဝယ်ပိုက်ကာ ကျန်ခဲ့ရ၏။

"ဟွန်း"

"ငပေါ"

"အရူး"

"ငရဲအိုး ချိုးကပ်မယ့်ကောင်"

ထိုသို့ တစ်ယောက်တည်းပြောရင်း ခြံထဲဝင်ခဲ့ရတော့သည်။ တစ်ဆက် တည်း ခင်သက်ထွေးပြောသော တန်ပြန်တိုက်စစ်အကြောင်းကို တွေးမိပြီး

"ဟင်း ဟင်း . . . မိုးဦးတဲ့ . . . တစ်ဦးတည်းရှိတယ်"

မိန်းမပီပီ လက်သီးဆုပ်ပြီး ကြုံးဝါးလိုက်သည်။

တွေ့ပြီ . . . ထိုအကောင်သုံးကောင်စလုံး မိုးဦးနှင့်တွေ့ပြီပေါ့။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လမ်းဘေးမီးတိုင်တွေ စတင်လင်းလက်လာချိန်ဖြစ်သည်။

ခေတ်မီသပ်ရပ်သော ဘီယာစတေရှင်တစ်ခုအတွင်းသို့ လူငယ်တစ်ယောက် ဝင်ရောက်လာသည်။ သာယာလှသော ညဦးခင်းဖြစ်၍ ဘီယာစတေရှင်တစ်ခုလုံးမှာ စားပွဲလွတ်မရှိတော့သလောက် ဖြစ်နေသည်။

လူငယ်က ဟိုဟိုဒီဒီ မျက်စိကစားလိုက်ပြီး စားပွဲလွတ်တစ်ခုကို တွေ့ရှိသွားသည်။ ထိုစားပွဲလွတ်ဆီသို့ပဲ တန်းတန်းမတ်မတ် လျှောက်သွားကာ ဝင်ထိုင်လိုက်သည်။ အနားရောက်လာသော ဝိတ်တာတစ်ယောက်ကို လက်က ပြရင်း လူငယ့်ပုံစံက မရိုးမရွဖြစ်နေသည်။

သူ့ပုံစံက တစ်စုံတစ်ယောက်ကို အရေးကြီးကိစ္စနှင့် စောင့်မျှော်နေ မျိုး။ အချိန်အနည်းငယ်မျှ ကြာသည်ထိ မည်သည့်စားသောက်ဖွယ်ရာမှ မမှာ ယူဘဲ လည်တဆန့်ဆန့် လုပ်နေပုံထောက်လျှင်တော့ မည်ကာမတ္တကိစ္စ မဟုတ် နိုင်ချေ။





ထိုလူငယ်မှလွဲ၍ ဆိုင်တစ်ခုလုံးကတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် စားရင်း (သောက်ရင်း) ပြောရင်းဖြင့် အတန်ငယ် ဆူညံလာသည်။

မကြာခင်မှာပဲ ဆိုင်အတွင်းသို့ နောက်ထပ်လူငယ်တစ်ယောက် ဝင်လာသည်။ ပထမလူငယ်လိုပဲ ဆိုင်ထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ပြီး တစ်စုံတစ်ယောက်ကို ရှာဖွေဟန်လုပ်၏။ ထို့နောက်မှ ပထမလူငယ် ထိုင်နေသော ဝိုင်းဆီသို့ ခြေလှမ်းကျဲကြီးများနှင့် လျှောက်သွားလေသည်။

မရှေးမနှောင်းမှာပဲ တတိယလူငယ်တစ်ယောက် ထပ်ရောက်လာပြန်သည်။ ဆိုင်ပေါက်ဝမှာ စက္ကန့်အနည်းငယ်မျှ ရပ်နေပြီးမှ ခေါင်းတစ်ချက်ညိတ်ကာ လူငယ်နှစ်ဦးထိုင်နေသော ဝိုင်းဆီ ခြေလှမ်းဦးတည်လိုက်သည်။

မကြာခင်မှာပဲ လူငယ်သုံးယောက်ထိုင်နေသောဝိုင်းသို့ ဘီယာတစ်ဂျားနှင့် စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

ပတ်ဝန်းကျင်တွင် စားသံသောက်သံများ ဆူညံလာသည်နှင့်အမျှ ဘီးလုံးသံစဉ်အချို့ကလည်း ခပ်ကြမ်းကြမ်း ထွက်ပေါ်လာ၏။ ပေါက်ကွဲချင်သူတွေကလည်း သူ့အဖွဲ့နှင့်သူ ပေါက်ကွဲနေကြပြီ။

ဘီယာတစ်ဂျားကုန်သည်အထိ လူငယ်သုံးယောက်တို့ တစ်ယောက်ကို တစ်ယောက် စကားမဆိုကြ။ တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲကြည့်လိုက်ကြသော အကြည့်တွေထဲတွင်မတော့ အရိပ်အယောင်ကိုယ်စီ လှုပ်ရှားနေကြသည်။

ဒုတိယတစ်ဂျားကုန်ချိန်လောက်မှာတော့ သူတို့သုံးယောက်၏ အမူအရာတွေက အနည်းငယ်ငြိမ်သက်လာကြသည်။

သက်ပြင်းကိုယ်စီချကြပြီးနောက်မှာတော့ ပထမလူငယ်က စကားစဆိုသည်။

"မင်းတို့ ဒီကိစ္စကို ဘယ်လိုထင်လဲ"

မေးခွန်းနှင့်စက္ကန့် အနည်းငယ်မျှ ကြာချိန်မှာ ဒုတိယလူငယ်က...

"မဖြစ်နိုင်တော့ဘူးလို့ထင်တယ်၊ ငါတော့ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



တတိယလူငယ်ကလည်း . . .

"သေသေချာချာ စဉ်းစားဖို့တော့လိုတယ်"

စကားသုံးခွန်းသာထွက်လာပြီး ပြန်၍ ငြိမ်သက်သွားပြန်သည်။ ထိုလူငယ်သုံးယောက်ကတော့ အားလုံးတွေးထားမိသည့်အတိုင်း ရဲခေါင်၊ ဗညားနှင့် ဝေယံတို့ပဲ ဖြစ်သည်။ ထားပါတော့ . . .။ ဒါက အရေးမကြီးပါ။

အရေးကြီးတာက သူတို့သုံးယောက်ကြားမှ ကိစ္စဖြစ်သည်။ ယခုလို အရေးတကြီးပုံစံနှင့် ချိန်းဆိုတွေ့ဆုံရလောက်အောင် မည်မျှကြီးကျယ်သောကိစ္စ ပေါ်ပေါက်လာသလဲ။ သူတို့၏စကားတွေကို နားထောင်ကြည့်ကြပါဦးစို့။

ရဲခေါင်က ဘီယာခွက်ကို နှုတ်ခမ်းဆီမှပြန်ချကာ . . .

"မိုးဦးဆီက အဲဒီစကားကြားကြားချင်း ငါ ဘယ်လိုမှ မယုံနိုင်ဘူးကွာ၊ သူ့အိမ်က ပေးစားမယ်ဆိုတဲ့လူက ဘာကြောင့် ရုတ်တရက်ကြီး ပေါ်လာရတာလဲ"

ဘီယာတစ်ကျိုက် မော့နေသော ဗညားဆီမှ "အွန်း အွန်း" ဟု အသံထွက်လာသည်။ လက်ဝါးကာပြထားပြီးမှ . . .

"မဟုတ်သေးဘူး ရဲခေါင် . . . အဲဒါက အရေးကြီးတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒီကိစ္စအပေါ်မှာ ငါမသက်ဘူး"

"မင်းက ဘယ်လိုထင်လို့လဲ"

"မင်း စဉ်းစားကြည့်လေ . . . မိုးဦးက သူ့မှာ အဲလိုကိစ္စမျိုး ရှိတယ်ဆိုတာကို အရင်တုန်းက တစ်ခွန်းတစ်စတောင် ပြောဖူးလို့လား"

"အေးလေ . . . ငါလည်း အဲဒါကြောင့် မယုံနိုင်ဘူးလို့ ပြောတာပေါ့ ဝေယံ . . . မင်းကရော ဘယ်လိုထင်လဲ"

ဝေယံက ဝက်အူချောင်းကြော်တစ်ဖတ်ကို တစ်ဝက်မျှထိ မြှုလိုက်ရင်း . . .

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒီကိစ္စမျိုးဆိုတာက မိန်းကလေးတစ်

ယောက်အနေနဲ့ အာလာပသလ္လာပ ပြောရမယ့်ကိစ္စမှ မဟုတ်တာ၊ သူ့စိတ်ထဲမှာ ထားခဲ့တာဖြစ်နိုင်တာပဲ"

ဝေယံစကားကြောင့် ရဲခေါင်နှင့်ဗညား သက်ပြင်းကိုယ်စီ တင်းခနဲ ချိုက်ကြသည်။ မကြာခင် ဘီယာနောက်တစ်ဂျားက သူတို့ဝိုင်းဆီ ထပ်ရောက်လာပြန်၏။

သူတို့ရင်ဆိုင်နေရသည်က အထက်ပါအတိုင်းပဲ ဖြစ်သည်။ သူတို့နှင့် တစ်ကြိမ် ထပ်အတွေ့မှာ မိုးဦးနှင်းဆီက "ငါ့မှာ အိမ်ကပေးစားမယ့်လူ ရှိတယ်၊ အဲဒီလူကိုပဲ ငါလက်ထပ်ရမှာ"

ဟု ပြောလာသည်လေ။

ထိုသို့ ကိုယ်စီ အပြောခံလိုက်ရသဖြင့်လည်း သူတို့သုံးယောက် ယခုလို ဆွေးနွေးပွဲလေး ဖြစ်လာရသည် မဟုတ်ပါလား။

ခွက်အချင်းချင်း နှစ်ခေါက်မျှ ထိတွေ့ပြီးနောက်မှာတော့ စကားသံများ အနည်းငယ် ပြင်းထန်လာကြသည်။

"ငါကတော့ မယုံဘူးကွာ၊ မိုးဦး တမင်ပြောလိုက်တာလို့ ယူဆတယ်"

"တမင်ပြောတာဆိုရင် ဘာကြောင့်ပြောတာလို့ ယူဆလဲ"

"အေး . . . ဟုတ်တယ်၊ အဲဒါ မေးစရာဖြစ်သွားပြီ၊ ဘာကြောင့်လဲ"

"နှစ်ချက်ရှိတယ်"

"ဘာနှစ်ချက်လဲ"

"တစ်အချက်က ငါတို့ချစ်နေတာကို မိုးဦးက မယုံကြည်လို့ အစမ်းတစ်ခုကို ဖန်တီးတာ"

"နောက်တစ်ချက်ကကော"

"သူပြောတဲ့အတိုင်း သူ့အိမ်က ပေးစားမယ့်လူ တကယ်ရှိနေလို့"

"အေး . . . အဲဒီပေးစားမယ့်လူဆိုတာကိုပဲ ငါ့စိတ်ထဲမှာ မရှင်းဖြစ်နေတာ၊ အခုမှ ပြုန်းစားကြီး ဘာကြောင့်ပေါ်လာရတာလဲ"

www.burmeseclassic.com



"နေပါဦး … မိုးဦးပြောတဲ့ အဲဒီလူနာမည်က မှ … ဘယ်သူ"

"မှုတဲ"

"အေး … အဲဒီနာမည်ကိုက မဟုတ်တာ၊ မှုတဲဆိုတာ မဲတူကို ပြောတာပါ၊ နာမည်ကိုက မဖွယ်မရာ"

"အေး … ဟုတ်တယ်၊ ဒါပေမဲ့ သူ့နာမည်ရင်းက ညှိဝင်းတဲ့၊ အသားမည်းလို့ မှုတဲလို့ ခေါ်ကြတာ"

"ဘာပဲဖြစ်ဖြစ်ကွာ … အဲဒီ မှုတဲဆိုတဲ့လူနဲ့ ကိုယ်တိုင်တွေ့ရမှ မိုးဦးပြောတာကိုယုံမယ်"

"မှုတဲ မဟုတ်ပါဘူးကွ … မဲတူပါ"

"အတူတူပဲကွာ … အဓိပ္ပာယ်ကတော့ မဖွယ်မရာ ဖြစ်တာချည်းပဲ"

ထို့နောက် ဘီယာတွေ တစ်ဂျားပြီးတစ်ဂျား မှာကြသည်။ အမြည်းတွေ တစ်ပွဲပြီးတစ်ပွဲ မှာကြ၏။ အတော်လည်း မူးကြပါသည်။ စကားတွေကလည်း တောင်ကျစမ်းရေလို မဟုတ်ဘဲ တောင်စဉ်ရေမရတွေ ဖြစ်ကုန်ကြသည်။

"ရဲခေါင် … မင်းက မိုးဦးကို ဘယ်လောက်ချစ်လဲ"

"အများကြီးချစ်တာပေါ့ … ရင်ထဲမှာတောင် မဆံ့ဘူးကွ ဗညား"

"မင်းက ရင်ထဲမှာ မဆံ့ရုံဘဲ ရှိသေးတာ၊ ငါဆို ပွင့်ထွက်နေပြီ ဝေယံ … မင်းကရော"

"ငါက မိုးဦးကို မင်းကွန်းခေါင်းလောင်းကြီးလောက် ချစ်တာကွ"

"ဘယ်လို … မင်းကွန်းခေါင်းလောင်းကြီး … ဟုတ်လား"

"အေး … ဘယ်လောက် ထုထည်ကြီးမားတယ်ဆိုတာ မင်းတို့အသိ ပဲ"

တဖြည်းဖြည်း ပိုပြီး အရှိန်တက်လာကြတော့ တစ်ယောက်ကို ကျိကြည့် ကြည့်လာကြသည်။

"ငါက မိုးဦး အထက်တန်းကျောင်းသူဘဝကတည်းကပဲ ချစ်တာကွ"





"ငါက အလယ်တန်း၊ အို … မူလတန်းကတည်းကချစ်တာ"

"မင်းတို့နှစ်ယောက်စလုံး နားထောင်၊ ငါက မိုးဦးမွေးလာကတည်းက ချစ်တာ"

"ဟေ့ကောင် … အဲဒါတော့ လွန်သွားပြီ"

"လွန်လွန်၊ မလွန်လွန် … ငါ့စိတ်နဲ့ ငါချစ်တာ"

BURMESE CLASSIC

"ဒါဆို ငါက မိုးဦး ဗိုက်ထဲမှာကတည်းက ချစ်တာကွာ … ကဲ"

အော်ကြီးဟစ်ကျယ် ငြင်းကြ ခုံကြသည်။ အရှက်နည်းလောက်အောင် လည်း မူးရူးနေကြပြီကိုး။ မနက်ရောက်မှ လာတောင်းပန်ရသည်။ ဘီ(လ်)ရှင်း ကြတော့ ရဲခေါင်နှင့်ဗညားက ဘီယာဖိုး တစ်ယောက်တစ်ဝက်ကျခံကာ ဝေယံက အမြည်းဖိုးအားလုံး ရှင်းလိုက်ရသည်။ မှာထားသမျှ အမြည်းအားလုံးလိုလိုက လည်း ဝေယံ့ ဗိုက်ထဲမှာပဲကိုး။ ဒါကတော့ ဘယ်လောက်မူးမူး သူတို့အချင်းချင်း နားလည်မှုကြသည်။

အပြန်လမ်းမှာတော့ တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ သီချင်း တွေ အော်ကြီးဟစ်ကျယ်ဆိုလာကြသည်။ "မိုးဦးရေ ဘာဖစ်တယ်၊ ညာဖစ်တယ်" ဟုလည်း တစ်ယောက်တစ်ပေါက် လုပ်လာကြ၏။

လမ်းမီးတွေ မှောင်မိုက်နေသော လမ်းဆုံလမ်းခွတစ်ခုသို့ အရောက် လမ်းချိုးတစ်ခုသို့ အဝင် …

ယိုင်ထိုးနေသော သူတို့၏အမြင်အာရုံရှေ့မှာ ကားမီးရောင်စူးစူးကို မြင်လိုက်ရပြီး …

"အား"

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၉)

ဥမ္မာညို၏စကားအဆုံးမှာ မိုးဦး တခစ်ခစ်ရယ်မိတော့သည်။ ရယ်

ရင်းပင် ...

"ဒီကောင် သုံးကောင်စလုံး အဲလောက်ထိ ကြောင်တောင်တောင်ဖြ

လောက်အောင် မူးရူးလာတာပေါ့ ... ဟုတ်လား"

ကျန်သည့်သူငယ်ချင်းတွေအားလုံး ငြိမ်နေကြသည်။ ဥမ္မာညိုက

...

"အေးလေ ... အဲဒီဘီယာဆိုင်မှာ သူတို့ စ,ထိုင်ကတည်းကပဲ သူ

ဝိုင်းဘေးမှာ ငါ့ဦးလေးထိုင်နေတာကို သတိမထားမိကြဘူး"

"ဟီ ဟီ ... မိုးဦးပြောတဲ့ကိစ္စကြောင့် မှန်နေကြမှာပေါ့"

ပန်းအိက ဘာမှန်းမသိ သူ့ခန္ဓာကိုယ်ကို လှုပ်ရင်းဝင်ပြောသည်

မိုးဦးက ...

"ကဲပါ ... ဆက်ပြောပါဦး"



တစ်ခေါက်ကြားပြီးသား ဖြစ်သော်လည်း မိုးဦး ထပ်မေးလိုက်သည်။

ဥမ္မာညိုက ဘူးသီးကြော်တစ်ခုကို အချဉ်ရည်ခွက်ထဲနှစ်ရင်း ...

"သူတို့ ဘီယာဆိုင်ကပြန်လာတော့လည်း ငါ့ဦးလေးက သူတို့အနောက်

က ပါလာတာပဲ၊ တစ်လမ်းလုံး ယိုင်ထိုးလာတာပဲတဲ့ ... သိလား"

"အင်း"

"ပါတို့အိမ်မှာလည်း ညှိသည်တွေရောက်နေတာဟ၊ သူတို့က ကားကို

လမ်းဆုံမှာပဲ ရပ်ထားခဲ့တာ၊ သူတို့အပြန် ကားထဲဝင်ပြီး ကားမီးဖွင့်တုန်းမှာပဲ

ဒီကောင်သုံးကောင် လမ်းထဲကွေ့ဝင်လာပြီး ရပ်ထားတဲ့ကားကို ဝင်တိုက်ကြ

တာလေ၊ ပြီးတော့ သူတို့ကို ကားတိုက်ပါပြီဆိုပြီး အော်ဟစ်နေကြသေးတယ်"

မိုးဦး တသိမ့်သိမ့် လှိုက်ရယ်မိသည်။ ဥမ္မာညို၏ဦးလေးကြောင့် ပြန်သိ

ရသည့် အကြောင်းအရာ ဖြစ်လေသည်။

ဥမ္မာညိုက ဘူးသီးကြော်ဝါးလျက်ပင် မိုးဦးကိုကြည့်ကာ မျက်မှောင်

ကြုတ်သွားပြီး ...

"ဒါနဲ့ နေပါဦး မိုးဦးရဲ့ ... သူတို့က မှုတဲဆိုတဲ့လူကို တွေ့ချင်

ပါတယ်လို့ ပြောလာရင် နင် ဘယ်လိုလုပ်မလဲ"

"အေး ... ဟုတ်တယ် မိုးဦး"

"အဲလိုဆို နင် ဘယ်လိုလုပ်မလဲ"

ပန်းအိနှင့်ကြည်ကြည်ဖြူးတို့ကလည်း သိချင်စိတ်အပြည့်နှင့် မေးကြ

သည်။

မိုးဦး ပြုံးစစ လုပ်လိုက်ရင်း ...

"ဘယ်လိုမှ လုပ်စရာမလိုဘူးလေ၊ သူတို့တွေ့ချင်တဲ့ မှုတဲနဲ့

ပေးတွေ့လိုက်ရုံပေါ့"

"ဟင် ... ဒါဆို အဲဒီလူက အပြင်မှာ တကယ်ရှိတာပေါ့"

"မိုးဦး ... ဘာတွေလဲဟ၊ ဒါဆို နင် ရဲခေါင်တို့ကို ပြောလိုက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com

က အမှန်တွေလား"

"ငါတို့သိအောင် ပြောစမ်းပါဦး မိုးဦးရယ်"

မိုးဦး ပြုံးစပယ် လုပ်နေလိုက်သည်။ ဥမ္မာညို့တို့က မိုးဦးစကားကို ကြားချင်စိတ်အပြည့်နှင့် ငံ့လင့်နေကြ၏။ သူတို့ရှေ့မှ အကြော်ပန်းကန်တွေကိုပင် မတို့ကြ။

ထိုအချိန်မှာပဲ မိုးဦး မျက်မှောင်ကြုတ်သွားရသည်။ လေသံကို နှိမ့်ရင်း ...

"ပြီးမှ ရှင်းပြမယ်ဟာ၊ လောလောဆယ် ဟိုမှာ ရောက်လာကြပြီ"

"ဟင်"

ရဲခေါင်၊ ဗညားနှင့် ဝေယံတို့သုံးယောက်စလုံးက မိုးဦးတို့ထိုင်နေသော အကြော်ဆိုင်လေးရှေ့သို့ သုံးယောက်ပူးကြီး ရောက်လာခြင်းဖြစ်သည်။ သုံးယောက်ပူးကြီးဟု ဆိုသော်လည်း မိုးဦးတို့စားနေသော အကြော်တွေလို တစ်ရှုံးတစ်ခု ခွာမရအောင် ပူးကပ်နေသည် မဟုတ်။ သွေးသောက်ညီအစ်ကိုတွေလို ရင်ပေါင်တန်းပြီး ရောက်လာခြင်းဖြစ်သည်။

အကြော်ဆိုင်လေးအတွင်းသို့ ဝင်လာကြပြီး သူတို့ဘာသာသူတို့ ဝင်ထိုင်ကြသည်။ ထိုင်လိုက်သည်နှင့် ရဲခေါင်က အရင် ...

"မိုးဦး ... ငါ ကိစ္စတစ်ခုကို ရှင်းရှင်းလင်းလင်း သိချင်တယ်"

ဗညားကလည်း ...

"မှတဲ့ဆိုတာ ဘယ်သူလဲ"

ဝေယံကတော့ သူ့အတွက် မေးစရာမကျန်တော့၍လားမသိ၊ မိုးဦး၏ အကြော်ပန်းကန်ထဲမှ အကြော်တွေကိုသာ နှိုက်ကာ တစ်ဖြုံ နှစ်ဖြုံ စားနေလေသည်။

မိုးဦး သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"နင်တို့သုံးယောက်စလုံး ငါပြောတာကို မယုံလို့ သူနဲ့ တွေ့ချင်နေတာမဟုတ်လား။ နင်တို့ယုံအောင် ငါ သက်သေပြရမှာပေါ့"

"ဘယ်လို သက်သေပြမှာလဲ"

ရဲခေါင် မေးသည်။ မိုးဦးက ...

"ဘယ်လိုသက်သေပြမှာလဲဆိုတော့ နင်တို့ကို သူနဲ့ တွေ့ပေးမယ်လေ"

ရဲခေါင်၊ ဗညား၊ ဝေယံတို့သုံးယောက်စလုံး ကျောက်ရုပ်လို ငြိမ်သွားကြသည်။ ဝေယံက အကြော်တစ်ခုကို ကိုက်လျက်သားနှင့် တွေတွေကြီးကြည့်နေ၏။

မိုးဦးက ...

"မနက်ဖြန် နေ့လယ် (၁၁) နာရီမှာ ငါတို့သင်တန်းအောက်က ဆိုင်မှာ သူရှိနေလိမ့်မယ်၊ သူ့ပုံစံက ဒီလို ...၊ နင်တို့ သွားတွေ့ဖို့ ဆန္ဒရှိရင်တော့ ..."

အကြော်ဆိုင်ရှင်အဒေါ်ကြီး၏ ဒယ်အိုးဆီမှ ဆီကြော်သံ ရှဲခနဲ ထွက်လာလေသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မှန်းတည့်မတိုင်မီ တစ်နာရီခန့်အလို ဖြစ်သည်။

သင်တန်းတစ်ခု၏ အောက်ထပ်ရှိ ကော်ဖီဆိုင်လေးအတွင်းမှာ ထိုင်ရင်း မှုတဲတစ်ယောက် အလုပ်တွေများနေရသည်။ သင်တန်းရှိရာ အပေါ်ထပ်နှင့် အောက်ထပ်သို့ ကူးချည်သန်းချည်လုပ်နေကြသော အရွယ်ရောက် ချော လက်ရောင်စုံမလေးတွေကို ကြည့်ရင်း သက်ပြင်းချမိသည်။

ကော်ဖီတစ်ခွက်မှာကာ ဖိမ်နှင့်နှပ်နေလိုက်၏။ မြင်ကွင်းတွေကို လိုက် ကြည့်ရင်း အရာအားလုံးသည် မှုတဲအတွက် အေးအေးဆေးဆေး ဖြစ်နေသည်။

သို့သော် မကြာခင်မှာပဲ မအေးဆေးသောအကြောင်းတစ်ခုက ရောက် လာသည်။ ထိုအကြောင်းက သူထိုင်နေသည့်စားပွဲဆီသို့ပဲ တည့်တည့်ကြီး ရောက် လာခြင်းဖြစ်၏။

"ခင်ဗျားက ကိုမှုတဲဆိုတာလား"

လူငယ်တစ်ယောက် ဖြစ်သည်။ သူ့ရှေ့တည့်တည့်မှာဝင်ထိုင်ရင်း မေ





သည်။ မှုတဲစိတ်ထဲ ခေတ္တမျှကြောင်သွားမိ၏။

"ဘာဖြစ်လို့လဲ ... ကိုမှုတဲ မဟုတ်လို့လား"

လူငယ့်မေးသံအဆုံးမှာ မှုတဲက ...

"သြော် ... ဟုတ်ပါတယ်၊ ကိုယ့်နာမည်က ညှို့ဝင်းပါ။ အသားညိုလို့ ဟိုခေါ်ရာကနေ မှုတဲ ဖြစ်သွားတာပါ၊ ဒါနဲ့ ညီလေးက"

"ရဲခေါင်"

ရဲခေါင် ...။ နာမည်ကို ရေရွတ်စဉ်းစားရင်း မှုတဲ ခေါင်းစားသွားရ သည်။ သူ့အပေါင်းအသင်း မိတ်ဆွေတွေထဲမှာ ဒီကောင်လေးလို အသက် အရွယ်မျိုး များများစားစား မရှိပါ။ ပြီး ရဲခေါင်ဆိုသည့် နာမည်မျိုးလည်း ကြားဖူးတာ ကျိန်းသေသည်။

ဒီလိုလူငယ်တွေနှင့် ပတ်သက်စရာအကြောင်းလည်း သိပ်မရှိလှသဖြင့် သူ့ထဲ မျက်မှောင်ကြုတ်သွားမိသည်။

ရဲခေါင်ဆိုသော ကောင်လေးက ...

"ကျွန်တော့်ကို မသိဘူးလား ကိုမှုတဲ"

စေ့စေ့စိုက်ကြည့်ကာ မေးလာသည်မို့ မှုတဲက ...

"အဟဲ ... အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကိုယ် ညီလေးကို မှတ်မိနိုင်ဘူးကွာ၊ ကိုယ် မေ့နေတယ်ဆိုရင် ညီလေးပဲ အစဖော်ပေးပါဦး"

ရဲခေါင်ဆိုသော ကောင်လေးက စေ့စေ့ကြည့်လျက်ပဲ ...

"မမေးလည်း ကျွန်တော်က ပြောမှာပါ၊ မိုးဦးကိုတော့ ကိုမှုတဲ သိမှာ ပေါ့ ... မိုးဦးနှင်းဆီလေ"

မိုးဦးနှင်းဆီ ...။ မှုတဲ ခေါင်းစားသွားရပြန်သည်။

"ဘယ် ဘယ်က မိုးဦးနှင်းဆီလဲ"

မှုတဲအမေးကို ရဲခေါင်ဆိုသောကောင်လေးက ချက်ချင်း [illegible] သူ့မျက်နှာကိုကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



“မသိရင်လည်း ပြောပြရတာပေါ့၊ ကျွန်တော်က မိုးဦးနှင်းဆီရဲ့ ချစ်သူပဲ”

မှုတဲ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရသည်။ ရဲခေါင်ဆိုသော ကောင်လေး၏ စကားတွေကိုလည်း တစ်လုံးမှ နားမလည်မိချေ။

ရဲခေါင် ... မိုးဦးနှင်းဆီ ...။ ပြီး ရဲခေါင်ဆိုသောကောင်လေး မိုးဦးနှင်းဆီ၏ ချစ်သူဆိုပါလား။ ဟာ ... ဘာတွေလဲ။ ငါက အဲဒါတွေနဲ့ ဘာ ဆိုင်လို့လဲ။

မှုတဲ အတွေးနှင့်ငြိမ်သွားမိစဉ်မှာပဲ ရဲခေါင်ဆိုသော ကောင် လေး ...

“ဘယ်လိုကြီးပဲဖြစ်နေနေ ကျွန်တော်ကတော့ မိုးဦးကို အဆုံးရှုံးခံ မဟုတ်ဘူး။ မိုးဦးနဲ့ပတ်သက်လာရင် ကျုပ်ရန်သူပဲ၊ အဲဒါ ခင်ဗျားသိအောင် လာပြောတာ”

ပြောရင်း ရဲခေါင်ဆိုသောကောင်လေးက ထိုင်ရာမှထကာ ထွက်သွား တော့သည်။ မှုတဲ မျက်မှောင်ကြုတ်ကာ ကျန်ခဲ့ရ၏။

အတန်ကြာအောင် စဉ်းစားနေမိပြီးမှ ခေါင်းကိုယမ်းကာ သက်ပြင်း တစ်ချက် ချပစ်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် တွေးရင်းလည်း ပြုံးမိသွား

အခုခေတ် ကောင်လေးတွေက ဘာရယ်မဟုတ် ... သူတို့နှင့် သိ မသိသိ ... အလွတ်ကြီးဝင်ရောကာ ခေါင်းစားတတ်သည်ပဲ။ သူတို့အကွက်ထဲ ဝင်သွားလျှင် ကိုယ်ပဲ ပေါကြီးဖြစ်ဦးမည်။

“ဟင်း ဟင်း”

ခေါင်းထဲမှ ထုတ်ပစ်လိုက်ပြီး မှုတဲ ကော်ဖီဆက်သောက်နေလိုက် သည်။ ရောင်စုံချောကလက်မလေးတွေကိုကြည့်လိုက်၊ ကော်ဖီငုံသောက်လိုက် နှင့် အာရုံတွေက ပြန်ပြီးလန်းဆန်းလာသည်။

ထိုအချိန်မှာပဲ သူ့ရှေ့တည့်တည့်ရှိခုံမှာ တစ်စုံတစ်ယောက် ဝင်ထိုင်ပြီး ... ကိုက်သည်ကို သိလိုက်ပြီး ...

“မှုတဲဆိုတာ ခင်ဗျားလား”

ခုနကကောင်လေး နောက်တစ်ခေါက် ထပ်ရောက်လာတာလားဟု သော အတွေးနှင့် မှုတဲ မော့ကြည့်လိုက်သည်။

“ဟင်”

ခုနက ကောင်လေးနှင့် ရွယ်တူခန့်ရှိမည့် ကောင်လေးတစ်ယောက်ပဲ ဖြစ်သည်။ ခုနက တစ်ယောက်လိုပင် သူ့ကို စေ့စေ့ကြည့်လျက် ...

“ကိုမှုတဲ ဟုတ်ပါတယ်နော်၊ ဒီ အဝတ်အစား ဒီဒီဇိုင်းနဲ့ဆိုတော့ မှုတဲဆိုတာ ကျွန်တော် ကျိန်းသေသိတယ်”

မှုတဲ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိ ငုံ့ကြည့်လိုက်ရင်း ...

“ကိုယ် မှုတဲဆိုတာ ဟုတ်ပါတယ် ... ဒါနဲ့ ညီလေးက”

“ဗညား”

ဗညား ...။ မှုတဲ စဉ်းစားသွားရပြန်သည်။ ဗညားဆိုသော ကောင်လေးက ...

“ကိုမှုတဲ ကျွန်တော့်ကို သိချင်မှသိမယ်၊ အဲ ... သိလည်း သိနေနိုင် သယ်”

သေချာတာကတော့ မှုတဲ လုံးဝမသိပါ။ ထို့ကြောင့် တကူးတကလည်း စဉ်းစားတော့ဘဲ ...

“ဆောရီး ညီလေး ... ကိုယ် ညီလေးကို မသိဘူးကွာ၊ ဒါနဲ့ မင်း ပြောတဲ့ကိစ္စက”

“မိုးဦးကိစ္စ”

“မိုးဦးကိစ္စ ... ဟုတ်လား”

မှုတဲ သံယောင်ရေရွတ်မိသည်။ ကောင်လေးက ခေါင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

“မိုးဦးနှင်းဆီလေ”

“အဲ”

လာပြန်ပြီတစ်ယောက်ဟု မှုတဲ တွေးလိုက်သည်။ ခုနက ကောင်လေး တုန်းကလည်း ထို ‘မိုးဦးနှင်းဆီ’ ဆိုတာကို ပြောသွားသေးသည်။

“ဘယ်လိုလဲ … သိသွားပြီမဟုတ်လား ကိုမှုတဲ”

“သိ အဲ … မသိ”

မှုတဲ ဘာပြန်ပြောရမည်မသိ ဖြစ်သွားရသည်။ ဗညားဆိုသော ကောင်လေးက ‘ဟက်’ ခနဲ တစ်ချက်ရယ်ပြီး …

“မသိချင်ယောင်ဆောင်ရင်လည်း သိအောင် ပြောရတော့မှာပေါ့ … မိုးဦးနှင်းဆီနဲ့ ဟောဒီက ဗညားဆိုတဲ့ ကျွန်တော်က ချစ်သူတွေပဲ ကိုမှုတဲ အဲဒါကို သိထားပါ”

ဘာတွေလဲဟ။ မှုတဲ မျက်မှောင်ကြုတ်သွားမိသည်။ ခုနက တစ် ယောက်တုန်းကလည်း မိုးဦးနှင်းဆီဆိုတာ သူ့ချစ်သူလို့ ပြောသွားသေးတယ်

“အဲဒါ ဘာဖြစ်လို့လဲ”

ကိုယ်နှင့်လည်း ဘာမှမဆိုင်ဘဲ လာအသိပေးခြင်းကို ခံနေရ၍ မှုတဲ အိပ်မက်ယောင်သူလို ပြန်မေးမိသည်။

ဗညားဆိုသောကောင်လေးက ထိုင်ရာမှ ထလိုက်ပြီး …

“ဘာဖြစ်လို့လဲဆိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က မိုးဦး လုံးဝ အခုံးရှုံးခံမှာ မဟုတ်ဘူးဆိုတာပဲ၊ ကိုမှုတဲသိအောင် အဲဒါကို လာပြောတာ စဉ်းစားပေါ့ဗျာ … ကျွန်တော့်ဘက်ကတော့ အလျှော့ပေးမှာ မဟုတ်ဘူး။ အဲ ကိုမှုတဲ”

ဖျတ်ခနဲ ကျောခိုင်းသွားသော ကောင်လေး၏ကျောပြင်ကို လိုက်ကြည့် ရင်း မှုတဲ ကြောင်အမ်းကာ ငုတ်တုတ်ကျန်နေခဲ့ရသည်။

အတွေးတွေ နောက်ကျိသွားရ၏။ သက်မောတစ်ခုကို ‘ဟူး’ ခ



တ်ထုတ်ရင်း “ဘယ်လိုအဖြစ်အပျက်မျိုးတွေနဲ့ လာကြုံနေရတာပါလိမ့်” ဟု းစားမရ ဖြစ်နေသည်။

ထိုအချိန်မှာပဲ အနားကပ်ပြီး ကြားလိုက်ရသောအသံကြောင့် မှုတဲ ည့်သွားမိသည်။

‘ဝီ ဝီ’

“အောင်မယ်လေး”

လှည့်ကြည့်လိုက်တော့ ကောင်လေးတစ်ယောက်ပဲ ဖြစ်သည်။ စောစော ကောင်လေးနှစ်ယောက်နှင့် ရွယ်တူသာသာဖြစ်သော်လည်း လက်ထဲမှာတော့ လေးတွေ လက်ညှပ်ကာဆော့သည့် ‘ဝီ ဝီ’ ဟု အသံမြည်သော ပစ္စည်းလေးကို င်ထားသည်။

ထိုကောင်လေးက …

“ကျွန်တော် ဝေယံပါ ကိုမှုတဲ”

သူ့ကိုယ်သူ မိတ်ဆက်ပြီး ဝင်ထိုင်သည်။

“လာပြန်ပြီဟ နောက်တစ်ယောက်”

ဟု တွေးလိုက်ရင်း မှုတဲက …

“မိုးဦးနှင်းဆီကိစ္စလား”

ကြိုမေးလိုက်တော့သည်။

ဝေယံဆိုသောကောင်လေးက ဘာမှပြန်မပြောဘဲ သူ့မျက်နှာကိုသာ က်ကြည့်နေသည်။ မှုတဲ အနေခက်သွားပြီးမှ …

“ပြီးတော့ မင်းနဲ့မိုးဦးနှင်းဆီက ချစ်သူတွေပဲ မဟုတ်လား”

ကောင်လေးမျက်နှာ တည်သွားသည်။ မည်သို့ ပြန်ပြောမလဲဟဲ က်နှာတည်နေပြီးမှ သူ့လက်ထဲမှာကိုင်ထားသော ပစ္စည်းလေးက …

‘ဝီ ဝီ … ဝီ ဝီ’

မှုတဲ လန့်သွားမိပြန်သည်။ ကောင်လေး၏အကြည့်က သူ့ဆီ ရွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"ဒီလိုဆိုရင်တော့ ဘာမှ ပြောစရာမရှိတော့ဘူး"

သူ့ဘာသာသူ ပြောသလိုနှင့် ရေရွတ်ကာ ကောင်လေးက မတ်တပ်ထရပ်သည်။ ခြေလှမ်းပြင်လိုက်ပြီးမှ ခေါင်းငဲ့လာပြီး ...

"ကျေးဇူးပါပဲ ကိုမှုတဲ"

'ဝိ ဝိ ပိ'

"အဲ"

လက်ညှပ်ပစ္စည်းလေးကို တပိပိလုပ်ရင်း ဝေယံဆိုသော ကောင်လေး ထွက်သွားတော့သည်။

မှုတဲ စိတ်အိုက်စွာပင် ကျန်နေခဲ့ရ၏။ နောက်ထပ် ဘယ်သူလာဦး မလဲဟု ဟိုဟိုဒီဒီကြည့်နေမိသေးသည်။ အတော်ကြာသည်အထိ မည်သည့် အရိပ်အယောင်မျှ မတွေ့ရတော့မှ သက်ပြင်းတစ်ချက်ကို လွှတ်လွှတ်လပ်လပ် ချလိုက်သည်။

"ဟင်း"

ကော်ဖီနောက်တစ်ခွက် ထပ်မှာလိုက်ရင်း ကိုယ်နှင့်မဆိုင်ဘဲ ကိုယ်နှင့် လာဆိုင်သွားသောကိစ္စကို စဉ်းစားနေမိသည်။ ဘာမှတော့ ရေရေရာရာ တွေး

"ဟော"

သင်တန်းလွှတ်ပြီထင်သည်။ ရောင်စုံချောကလက်မလေးတွေ တစ်ဖွဲ့ တစ်ဖွဲ့ ဆင်းလာကြ၏။ တို့အထဲမှ ချောကလက်မလေးတစ်ယောက်က မှု ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး သူ့ဘေးမှာ ဝင်ထိုင်လေသည်။

"ဟင် ... ကိုကြီးက ကော်ဖီနှစ်ခွက်တောင် သောက်ထားတယ် ... ဟုတ်လား။ ပြီးမှ နှလုံးခုန်မြန်တယ် ဘာညာ လုပ်ဦးမယ်"

ချောကလက်မလေးက စူပွပွဆိုသည်။ ထိုချောကလက်မလေး တခြားတော့ မဟုတ်ချေ။ မှုတဲ၏ တစ်ဦးတည်းသော ညီမငယ်လေး ဖြစ်သည်

'တင်မျိုးလွင်' ဖြစ်သည်။

မှုတဲက ညီမငယ် တင်မျိုးလွင်ခေါင်းကို ခပ်ဖွဖွ ပုတ်လိုက်သည်။

"ကိုကြီး နည်းနည်းစောပြီးရောက်လာလို့ နှစ်ခွက်သောက်မိသွားတာ ပါ ညီမလေးရဲ့ ... ဘာမှ မဖြစ်ပါဘူး"

တင်မျိုးလွင်က ...

"ပြီးရော ဒါဆိုလည်း ပြန်မယ်လေ၊ သြော် ... ဒါနဲ့ လမ်းမှာ နှင်းဆီ ဝန်းဆိုင်ဝင်ဦးမှာနော်၊ ကိုကြီး မေ့နေမှာစိုးလို့"

"မမေ့ပါဘူး ညီမလေးရဲ့ ... စိတ်ချ"

နှင်းဆီပန်းကြိုက်သော ညီမငယ်၏စကားကို ခေါင်းညိတ်ပြလိုက်ရင်း မှုတဲခေါင်းထဲ အတွေးတစ်ချက် ဝင်လာသည်။

"သြော် ... ဒါနဲ့ ညီမလေး ... ညီမလေးသင်တန်းမှာရော နှင်းဆီ နာမည်ပါတဲ့ ကောင်မလေးတွေနဲ့ မခင်ဘူးလား"

တင်မျိုးလွင်က မျက်လုံးလေး ထောင့်ကပ်ကာ ...

"နှင်းဆီနာမည် ပါတာ ... ဟုတ်လား၊ အင်း ... ရှိတော့ရှိတယ် အစ်ကိုကြီးရဲ့၊ သိပ်တော့ မခင်ဘူး။ အဲ ဟိုမှာလေ ... အခုဆင်းလာတဲ့ သုံး ယောက်ကို တွေ့တယ်မဟုတ်လား။ အဲဒီအလယ်ကတစ်ယောက်က မိုးဦးနှင်း ဆီတဲ့၊ ညီမလေးတို့သင်တန်းမှာတော့ အလှဆုံးပဲ"

မှုတဲ၏အကြည့်များက ညီမငယ်ညွှန်ပြရာဆီသို့အရောက်မှာ သံလိုက် ကိုကပ်သွားသော သံမှုန်တစ်စလို ငြိတွယ်ပါသွားသည်။ နှလုံးသွေးတွေ တဒိုင်း ဒိုင်း မြန်ဆန်လာပြီး ရုတ်တရက် အသက်ရှူမဝသလို ဖြစ်သွားရသည်။

ကော်ဖီနှစ်ခွက်ကြောင့်လား ...။ လုံးဝမဟုတ်မှန်း မှုတဲ ကိုယ်တိုင် ကိုယ် ချက်ချင်းသိလိုက်၏။ နှလုံးသွေးခုန်နှုန်းတွေ မြင့်တက်လာခဲ့တာ သူ့ ခန္ဓာကိုယ်တစ်ခုလုံးအတွင်းမှာ ရွှေရောင်ဖြိုပ်ပေါင်းတစ်စု တိုးဝင်လာသော ကြောင့် သာသလို။



www.burmeseclassic.com

www.burmeseclassic.com

ဟိုကောင်လေးသုံးယောက်ပြောတဲ့ မိုးဦးနှင်းဆီဆိုတာ သူများလား။

ဒါဆိုရင်တော့ လှလှပပလေး လမ်းလျှောက်သွားသော မိုးဦးနှင်းဆီ၏ကျောပြင်ကို လိုက်ကြည့်ရင်း မှတဲ့ အတွေးတွေထဲ . . .

▲

ထိုအဖြစ်အပျက်များ၏နောက် မရှေးမနှောင်းအချိန်မှာပဲ ကော်ဖီဆိုင်အတွင်းတစ်နေရာရှိ အိမ်သာတစ်ခုအတွင်းမှ လူတစ်ယောက် တံခါးဖွင့်ပြီး ထွက်လာသည်။

သူ့တစ်ကိုယ်လုံးတွင်လည်း ချွေးများ ရွှဲနစ်လျက်ရှိပြီး အားအင်ကုန်ခမ်းနေသူ တစ်ယောက်လို နွမ်းဖပ်နေ၏။

အတန်ငယ်လည်း မောဟိုက်နေလေသည်။

လက်ကိုမြှောက်ပြီး လက်ပတ်နာရီကို ကြည့်လိုက်သည်။

ချက်ချင်း မျက်လုံးပြူးသွားကာ အလန့်တကြားဖြစ်သွား၏။

ထို့နောက် ကော်ဖီဆိုင်အတွင်းသို့ ပြေးဝင်သွားသည်။

ဆိုင်အတွင်းမှာ လူသူများများစားစား မရှိလှတော့။ ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ ဆိုင်အတွင်းတစ်နေရာမှာ ထိုင်နေသူတစ်ယောက်က . . .

"မှတဲ့ . . . ဟိုသုံးယောက်က မင်းနဲ့နာမည်တူတစ်ယောက်နဲ့ တွေ့သွားပြီကွ"

ထိုစကားအပြီးမှာ အိမ်သာထဲမှ ထွက်လာသူ၏မျက်နှာက ရှုံ့မဲ့သွားလေသည်။

"ဟာ . . . ဒါဆိုရင်တော့"



ထိုလောက်သာ ရေရွတ်ပြီး မိုက်ကိုနိုင်ကာ အိမ်သာရှိရာသို့ တစ်ဖန်ပြေးဝင်သွားတော့သည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

" ..........

...အဲဒါပဲဟာ"

ခင်သက်ထွေး၏စကားအဆုံးမှာ အားလုံး တစ်ယောက်တစ်ပေါက် ဖြစ် သွားကြလေ၏။ တစ်ယောက်တစ်ပေါက်စီမို့ ပြောသံဆိုသံတွေလည်း စုံသွား၏။

"ဒါဆို ရဲခေါင်တို့နဲ့တွေ့သွားတဲ့ မှုတဲဆိုတာ နင့်အစ်ကို မဲတူ မဟုတ်ဘူးပေါ့"

"အဲဒါဆို အားလုံး လွဲပြီပေါ့ဟဲ့၊ မိုးဦး ... နင် အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး ... နင်တို့ပါးစပ်တွေကို ခဏပိတ်ထားကြဦး"

မိုးဦးက စကားဝိုင်းကို ခဏရပ်သည့်အနေနှင့် အားလုံးကို ဟန့်လိုက်ပြီးမှ ...





"ခင်သက်ထွေး"

"ဟေ မိုးဦး"

"ငါ့ကို တစ်ခုချင်းစီ ပြန်ပြောပြ၊ ခုနကလို ကျားလိုက်တဲ့လေသံမျိုးနဲ့ မဟုတ်ဘဲ အေးအေးဆေးဆေးပြော"

ဖြည်းဖြည်းရှည်ရှည် ပြောရတော့မည့်အတွက် ခင်သက်ထွေးက လေရှည်ရှည် ရှူလေသည်။

သူက စကားပြောမြန်သဖြင့် စကားလုံးတစ်လုံးစီ အကွာအဝေးကို စိတ်တွက် တွက်လိုက်ပြီးမှ ...

"အစကနေ တစ်ခုချင်း ပြောရမယ်ဆိုရင်တော့ ဒီလိုဟာ"

"ရတယ် ... အဲလောက်ထိလည်း နေးစရာမလိုဘူး"

"အေး ... ငါက နင်ပြောထားတဲ့အတိုင်းပဲ ငါ့အစ်ကိုကို အကူအညီတောင်းကြည့်တယ်ဟာ၊ သူကလည်း လက်ခံတယ်၊ နင့်အတွက်ဆို ကူညီမယ် တဲ့ သူကလည်း နင့်ကို ..."

"မဆိုင်တာတွေလည်း ဖယ်ထားခဲ့"

"အေး အေး ... အဲဒါနဲ့ သူက ဝမ်းနုတ်ဆေးစားရော"

"ဟင် ... နင့်ဟာက ဘာဆိုင်လဲ၊ လိုတာတွေပါ ကျော်ကုန်ပြီ"

"အေးလေ ... နောက်ကို နည်းနည်းပြန်ဆုတ်"

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့၏ စကားကြောင့် ခင်သက်ထွေးက ...

"ဒီလိုဟာ ... အဲဒီနေ့မှာပဲ ငါ့အစ်ကိုက မှာထားတာကို မေ့ပြီး နက်အစောကြီးထပြီး ဝမ်းနုတ်ဆေးစားလိုက်မိတယ်၊ ငါလည်း မနက်ရောက်တော့ ကောင်းကောင်းဆူလိုက်တယ်၊ နင့်ကို ကူညီမယ်လို့ ပြောထားပြီး လောက်တောင် သတိမထားမိရလား၊ ဘာလားပေါ့၊ သူကလည်း [illegible] ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကို နည်းနည်းကျော်၊ နှင်လည်း မေယံနဲ့ အမျိုးတော်ချင်လာပြီ ထင်တယ်"

"အဲဒီမှာဟာ အခြေအနေစောင့်ကြည့်တော့ သူလည်း ဘာမှမဖြစ်တာနဲ့ ထွက်လာခဲ့တာ၊ မတော်တဆ တစ်ခုခုဆိုရင် အကူအညီရအောင်ဆိုပြီး သူ့သူငယ်ချင်းတစ်ယောက်ကိုပါ ခေါ်လာခဲ့သေးတာ၊ သူ့သူငယ်ချင်းက ဂျူဒိုမှာ ရွှေတံဆိပ်လေ၊ ပြီးခဲ့တဲ့နှစ်ကတောင် ..."

"ရွှေတံဆိပ်ကို နှင့်လည်ပင်းမှာ ချိတ်ထား၊ စကားကိုပဲ ရှေ့ဆက်"

"အဲ ... ဆိုင်ကိုရောက်တဲ့အထိလည်း ဘာမှမဖြစ်သေးဘူးဟ၊ (၁၀) နာရီထိုးခါနီး၊ ရဲခေါင်တို့လာချိန်နီးမှ ဗိုက်အရမ်းရစ်လာလို့ဆိုပြီး ဆိုင်က အိမ်သာကို ခဏဝင်တာ"

"ဘယ်လောက်ကြာသွားလဲ"

"နာရီဝက်နဲ့ ခုနစ်မိနစ်ခွဲတဲ့"

"မဟုတ်တဲ့နေရာကျတော့ တိကျလိုက်တာ၊ အဲဒါဆိုတော့ ရဲခေါင်တို့ သုံးယောက် ရောက်လာတာကို ဟိုဂျူဒိုသမားကပဲ တွေ့လိုက်တာပေါ့ ... ဟုတ်လား"

"အေး ... သူ ပြန်ပြောတာတော့ လူမှားခံရတဲ့ ဟိုတစ်ယောက်ကလည်း ငါ့အစ်ကိုဝတ်သွားရမယ့် အင်္ကျီ ဘောင်းဘီပုံစံမျိုးနဲ့တဲ့"

"ရဲခေါင်တို့စကားတွေကို သူက မကြားဘူးလား"

"နာမည်ပါတူနေတော့ သူလည်း ကြောင်သွားမှာပေါ့၊ သူမသိတဲ့ အကြောင်းဆိုတော့ ဘာမှန်းမသိ ဖြစ်နေမှာပေါ့ဟ၊ ရဲခေါင်တို့ကလည်း အပီအပြင် ပြောသွားကြတာတဲ့လေ၊ သူတို့က နှင့်ရဲ့ချစ်သူပါတဲ့ ... ဟီ ဟီ ... မိုးဦး ... သုံးယောက်စလုံးကို နှင် လက်ခံလိုက်ရင် ပွဲကပြီးပြီ"

ခင်သက်ထွေးက စပ်ဖြဲဖြဲနှင့်ပဲ ...

"နေဦး ... ပြောစရာတစ်ခု ကျန်သေးတယ်၊ အဲဒီ ငါ့အစ်ကို မဟုတ်တဲ့ မှတဲ့ဆိုတဲ့လူက နှင်တို့သင်တန်းမှာ တက်နေတဲ့ သူ့ညီမတစ်ယောက်ကို ထားနဲ့လာကြိုတာတဲ့၊ အဲဒီကောင်မလေးနာမည်က တင်မျိုးလွင်တဲ့"



မိုးဦး မကြားဖူးချေ။ သူမတို့သင်တန်းက လူများသည်။ ပန်းအိက 'ဒီလောက်ကတော့ စုံစမ်းရင်လွယ်ပါတယ်' ဟု ဝင်ပြောသည်။

"ပြီးတော့ ရှိသေးတယ် ... အဲဒီလူက နှင့်နာမည်ကိုမေးလို့ တင်မျိုးလွင်ဆိုတဲ့ကောင်မလေးကတောင် နှင့်ကို ပြလိုက်သေးတယ်တဲ့"

မိုးဦး စိတ်ရှုပ်သွားရသည်။

"အဲလိုဆိုရင်တော့ ရှုပ်လာနိုင်တယ်"

"ဘာရှုပ်လာနိုင်တာလဲ၊ အဲဒီလူကပါ နှင့်ကို စိတ်ဝင်စားသွားမယ်လို့ ဆိုလိုချင်တဲ့သဘောလား"

"ကောင်မတွေ ရှုပ်ပဲ စဉ်းစားနေ ... ငါပြောချင်တာက အဲဒီလူကလည်း သူ့ညီမကို သင်တန်းအကြိုအပို့ အမြဲရှိတယ်ဆိုရင် ရဲခေါင်တို့နဲ့ တစ်ကြိမ်မဟုတ်တစ်ကြိမ် ဆုံဦးမှာပဲ၊ အဲဒီအခါကျရင် မလိုအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တယ်လို့ ပြောတာ"

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သွားကြသည်။ ဥမ္မာညိုက ...

"မိုးဦး ... တကယ်လို့ နှင်တွေးထားတဲ့အတိုင်း ဖြစ်လာရင် ဘယ်လို ဖြေရှင်းဖို့ စိတ်ကူးထားလဲ"

မိုးဦး သက်ပြင်းချကာ ...

"လောလောဆယ်တော့ ခေါင်းထဲမှာ ဘာမှမရှိဘူး။ တကယ်ဖြစ်လာရင်တော့ နှင်တို့ပါ ဝိုင်းကူညီသင့် ကူရမှာပဲ၊ ခင်သက်ထွေး ... နှင့်အစ်ကိုကိုလည်း ပြောပြထားဦး ... ကြားလား"

"ဘာလဲ ... နှင် အဆင်ပြေရင် ပြေသလို ခွဲသုံးမှာပေါ့ ... ဟုတ်လား ... ဟီ ဟီ"

"သက်ထွေးမ ... ညစ်ပတ်မ၊ တော်တော်ရှုနေတယ် ... ဟုတ်လား"




www.burmeseclassic.com

www.burmeseclassic.com

ခင်သက်ထွေးက မနာပါ။ မိုးဦးစကားကို သဘောကျသလိုပင် နှိုးနှိုး ဒိဒိလှုပ်ကာ ရယ်နေသေးသည်။

▲▲▲

တို့တော့မယ်တဲ့ ... ဆိတ်တော့မယ်
ဆိတ်တော့မယ်တဲ့ ... တို့တော့မယ်
ဘယ်မြောက်ကာ ညာကာဇမ်း။
နမ်းမိလိမ့်မယ်၊
လေးထောင့်ပြည့်ခန်းသာလယ်
မောင်မောင်ရှယ်တဲ့ စံပယ်ကုံး
အလိုဗျာ
မင်း ... ဘယ်သို့တုန်း။
(သစ္စာနှံ့သီချင်း)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သင်တန်းတစ်ချိန်အပြီး အောက်ထပ်ရှိ ကော်ဖီဆိုင်မှာ မိုးဦးတို့ ဆိုင်ဖြစ်ကြသည်။ ကြည်ကြည်ဖြိုးက ညည်းညည်းညူညူဖြင့် . . .

"စာတွေချည်း သင်ရတာ ပင်ပန်းလိုက်တာဟာ၊ ခေါင်းကို ကိုက်ရော"

"စာတွေမသင်ချင်လို့ နင်က ဘာတွေများ သင်ချင်သေးလို့လဲ"

မိုးဦး ငေါ့လိုက်သောစကားကြောင့် ပန်းအိက . . .

"ဒီလိုလေဟာ . . . အားတဲ့တစ်ရက်လောက် ငါတို့ချိန်းပြီး ရုပ်ရှင်လေး ဘာလေး ညာလေး သွားကြည့်ကြမလားလို့"

မိုးဦး နှာခေါင်းရှုံ့လိုက်ကာ . . .

"တော်စမ်းပါ . . . နင်တို့နဲ့ ရုပ်ရှင်ကြည့်ရတာ ဖီး(လ်)အရမ်းအောက်တာပဲ၊ နင်တို့က ရုပ်ရှင်မကြည့်ဘဲ အဲဒီ ဘာလေး ညာလေးတွေပဲ လိုက်ကြည့်ပြီး ပေါက်ပေါက်ဖောက်နေကြတာ၊ ရုပ်ရှင်ကို အာရုံမရောက်ဘဲ နင်တို့စကားတွေပဲ ကြားနေရတယ်"





ပြောရလျှင် သင်းတို့က ရုပ်ရှင်ရုံထဲဝင်ပြီး အတွဲတွေကိုသာ လိုက်ကြည့်ကြခြင်းဖြစ်သည်။

မိုးဦးစကားက ဟုတ်မှန်နေသဖြင့် ပန်းအိနှင့်ကြည်ကြည်ဖြိုးတို့ ဘာမှ မပြောဘဲ ရယ်နေကြသည်။

ထို့နောက် ကိုယ်ကြိုက်ရာကို ကိုယ့်တာသာကိုယ်မှာကြပြီး ကိုယ့်ပါးစပ်ပိုယ် သောက်ကြ၏။ အသားအရေ အရမ်းလှချင်သော ကြည်ကြည်ဖြိုးက ...မှာသောက်သည်။ သင်တန်းမတက်မီကလည်း တစ်ခွက်သောက်ထားပြီးပြီ၊ ...တန်းကပြန်လျှင်လည်း ထပ်သောက်ဦးမည်လား မသိ။

မိုးဦးက . . .

"ဒီနံရည်က အသားအရေလှတာ မှန်ပေမယ့် သူ့ချည်းပဲသောက်တိုင်း ...ာင်းဘူးဟ"

"ဟင် . . . ဘာလို့လဲ"

"စပျစ်သီးလေးလည်း အခါအခွင့်သင့်တိုင်း စားပေးရတယ်၊ စပျစ်သီး အသားအရေ တင်းတင်းရင်းရင်း မဖြစ်တာတို့၊ ဘာတို့ပေါ့ဟာ၊ ဥပမာ ...သက်ကြီးလာရင် အရေပြားတွန့်တာမျိုးတွေ မဖြစ်အောင် ထိန်းပေးတဲ့ ...သင်ရှိတယ်"

"ဟင် . . . ဟုတ်လား၊ သူလည်း အချဉ်ခါတ်ပါလို့နဲ့တူတယ် . . . ...သား မိုးဦး"

"ပြီးတော့ ခရမ်းချဉ်သီးတို့၊ မုန်လာဥနီတို့၊ ပန်းသီးတို့၊ အဲဒါတွေ အသားအရေ လှရုံမက ခံတွင်းအနံ့ဆိုးတွေပါ ပျောက်တယ်၊ အသားအရေ ...သင်းလက်လက် ဖြစ်ချင်ရင်တော့ သခွားသီးစားပေး"

"မိုးဦးရယ် . . . နင် ငါတို့နဲ့ ခင်တာကြာပြီ၊ နင် အဲလောက်သိမှန်း ...အခုမှသိတယ်"

"နင် ဒီလို အသားအရေလှတာ အဲဒါတွေ စားလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဦး ဘာမှ ပြန်မပြောဘဲ ပြုံး၍သာနေလိုက်သည်။ ကြည်ကြည်ဖြူ နှင့်ပန်းအိတို့၏ စကားတွေက အသားအရေလှပစေသည်ဆိုသော Lotion များအကြောင်းအရာဆီသို့ ရောက်သွားပြီး ဆက်လက် ဆွေးနွေးနေကြသည် မဆွေးနွေးချင်သော မိုးဦးကတော့ ပါးစပ်ပိတ်၍သာ အေးအေးနေလိုက်၏

စကားဝိုင်းမှာ ဝင်မပါတော့သော မိုးဦးကို ပန်းအိက ...

"မိုးဦး ... နင် ဘာတွေ စဉ်းစားနေတာလဲ"

"ဪ ... ပလို့က အကြောင်းပါ"

"အဲဒါက ဘယ်လို Lotion မျိုးလဲ"

"ဘယ်လို Lotion မျိုးမှမဟုတ်ဘူး။ ရှေးခေတ် မြေဝိုင်း နှစ်ပါးသွား အငြိမ့်ခေတ်တုန်းက ပေါ်ခဲ့တဲ့ ခပ်ကြမ်းကြမ်းအကတစ်မျိုးကို ပြောတာ"

"ဟင် ... အဲဒါက ဘာဖြစ်လဲ"

"အဲဒီခေတ်တုန်းက မင်းသားနဲ့မင်းသမီး နှစ်ပါးသွားကရင် 'ပဝါ တစ်ကမ်း ယပ်တောင်တစ်လှမ်း' အကွာအဝေးက က,ကြတယ်တဲ့၊ အ ခေတ်လို ပူးပူးကပ်ကပ် မဟုတ်ဘူးပေါ့ဟာ"

"ဪ"

"အဲဒီမှာ အဲဒီခေတ်က မင်းသားတစ်ယောက်ဖြစ်တဲ့ ဦးစိန္တက 'သ နံ' ဆိုတဲ့သီချင်းကိုဆိုပြီး 'ပလို့က' ဆိုတဲ့ ခပ်ကြမ်းကြမ်းအကတစ်မျိုး စပြီး တီထွင်လိုက်တယ်၊ မင်းသမီးကို ဆွဲလား ငင်လားလုပ်တဲ့ အကပေါ့ဟာ အဲဒီအချိန်ကစပြီး ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်းစနစ် တဖြည်းဖြည် ပျောက်လာတာတဲ့"

"ဟင် ... အဲဒါနဲ့ ငါတို့ပြောနေတာတွေနဲ့ ဘာဆိုင်လဲ"

"ငါကရော ဆိုင်တယ်လို့ ပြောနေလို့လား"

"ဟင်"

"နင်တို့ပဲ ငါ ဘာစဉ်းစားနေလဲလို့ မေးကြပြီးတော့"



ပန်းအိနှင့်ကြည်ကြည်ဖြူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြန်ပြောရမည်မသိ ဖြစ်သွားကြသည်။

ထိုအချိန်မှာပဲ သူမတို့ထိုင်နေသည့် စားပွဲဝိုင်းဆီ လူတစ်ယောက် ဝင်ထိုင်လေသည်။ တခြားစားပွဲလွတ်တွေရှိသော်လည်း သူမတို့ဝိုင်းဆီမှ ရွေး ချယ်ကာထိုင်ခြင်းဖြစ်သည်။

လူပုံစံက တောက်တောက်ပြောင်ပြောင်ဖြစ်ကာ ပါဝါအနည်းငယ် ပါသည်ဟု ယူဆ၍ရသော မျက်မှန်တစ်လက်ကို တပ်ဆင်ထားသည်။ အသက် အရွယ်က သူမတို့ထက် ကြီးမည်။

သူမတို့ကို ပြုံးပြသောအပြုံးအရ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်မည်ဟု မိုးဦး ခန့်မှန်းလိုက်သည်။

ထိုလူက အပြုံးလင်းလင်းဝင်းဝင်းနှင့် ...

"မင်္ဂလာပါ မိုးဦးနှင်းဆီ"

"ရှင်"

ထိုလူက ပြုံးရင်းပင် ...

"မိုးဦးနှင်းဆီ အံ့သြသွားလိမ့်မယ်ဆိုတာ ကိုယ်တွေးမိပါတယ် ... ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို မိုးဦးနှင်းဆီအနေနဲ့ မြင်ဖူးတာ ဒါ ပထမဆုံး ဖြစ်မှာကြောင့်ပါ၊ ဒါပေမဲ့ ကိုယ်ကတော့ မိုးဦးနှင်းဆီကို ရင်းနှီးနေပြီလို့ ပြော လို့ရပါတယ်"

ပန်းအိက မိုးဦးကို မျက်စ မသိမသာပစ်သည်။ မိုးဦးက ဘာကိုမှ ဆ်မပြဘဲ ...

"ဪ ... ဟုတ်ကဲ့၊ ကျွန်မက ပတ်ဝန်းကျင်ကို သိပ်ပြီး ဂရုမစိုက် သော်တော့ လူတိုင်းကို သတိမထားမိတတ်ဘူး။ ဒီမှာတောင် ကျွန်မနဲ့ ရောက်ရှိ တနိုးမိတဲ့လူတွေလောက်ပဲ မှတ်မိတာလေ၊ အဲဒီတော့ ဘာပြောချင်တာလဲ သိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ထိုလူ အနည်းငယ် အမ်းသွားသည်။ ချက်ချင်းပင် မျက်နှာကို ပြ
လိုက်ပြီး ...

"ဒီလိုပါ မိုးဦးနှင်းဆီ"

"ဟုတ်ကဲ့ ပြောပါ"

"နှစ်လုံးတည်း ခေါ်လို့ရမလား"

"ရှင်"

"သြော် ... မိုးဦးနှင်းဆီကို ရင်းရင်းနှီးနှီး 'နှင်းဆီ'လို့ ခေါ်
မလားလို့"

"သြော် ... ဟုတ်ကဲ့ ရပါတယ် ... ခေါ်ပါ"

ကြည်ကြည်ဖြိုးက မျက်စပစ်ပြပြန်သည်။ မိုးဦး ခပ်တည်တည်
နေလိုက်၏။ ဒါသည်ပင် မိုးဦးနှင်းဆီဟူသော သူမ၏ 'အသားနေ' ဆို
အထာတစ်မျိုးဖြစ်သည်။

အထာကြေနေပြီဖြစ်သော ကြည်ကြည်ဖြိုးနှင့်ပန်းအိတို့ကလည်
ကမ္ဘာမကြေ ရွတ်ဆိုတော့မည့်အလား ငြိမ်နေကြသည်။

တစ်ဖက်မှ လူကတော့ သကာတွေ စေးသွားသည့်အလား မျက်နှ
ဖြစ်သွားကာ ...

"ဟဲ ဟဲ ... ကျေးဇူးတင်ပါတယ် နှင်းဆီ၊ ဟဲ ဟဲ ... နှင်
နှင်းဆီ"

ဘာမှ ဆက်မပြောသေးဘဲ 'နှင်းဆီ' ဆိုတာကို သုံးလေးခေါ်
ရေရွတ်နေသေးသည်။

မိုးဦး ယောင်ယောင်လေး ပြုံးမိသွားသည်။ ယောင်ယောင်လေး
ချင်သောကြောင့် ဖြစ်သည့်အပြင် သူမနာမည်ကို ဤကဲ့သို့ ဂါထာရွတ်သ
တဖွဖွ ရေရွတ်တာမျိုးကိုလည်း အခုမှ ကြုံဖူး၍ ဖြစ်သည်။

ချက်ချင်းပင် စိတ်ထဲမှာ နာမည်ပေးမိလိုက်၏။ ကိုဂါထာရွတ် ...



ကိုဂါထာရွတ်က ပြုံးသည်။ ပါဝါအနည်းငယ်မျှပါသည်ဟု ယူဆ၍
ရသော မျက်မှန်ကို လက်နှစ်ဖက်စလုံး အသုံးပြုကာ ပင့်တင်လိုက်သည်။

"လှတယ်နော်"

"ရှင်"

"သြော် ... အဟဲ၊ နှင်းဆီဆိုတဲ့ နာမည်လေးကို ဆိုလိုတာပါ"

"ဒါဆို ကျွန်မကတော့ မလှဘူးပေါ့" ဟု မိုးဦး ပြန်မပြောလိုက်ပါ။
ကိုယ်လှတာ မလှတာ ကိုယ်အသိဆုံးဖြစ်သည်။ မည်သူ့ကိုမျှ ရိုက်နှက်စစ်
မေးစရာမလိုချေ။

ကိုဂါထာရွတ်က ပြုံးရင်းပင် ...

"နှင်းဆီဆိုတဲ့ နာမည်လေးက လှသလို အဓိပ္ပာယ်လည်း ရှိတယ်လေ၊
သူ့ရိုးတံပတ်ပတ်လည်မှာ ဆူးလေးတွေ ကာရံထားတာကိုက အဓိပ္ပာယ်တစ်မျိုးပဲ
မဟုတ်လား။ လူတွေက အဲဒါကို အန္တရာယ်ကို ကာကွယ်တယ်ဆိုတဲ့သဘောမျိုး
တင်စားသေးတာပဲ"

သူမမှာလည်း ဆူးသုံးချောင်းရှိသည့်အကြောင်းကို မိုးဦး ပြောလိုက်ချင်
သည်။ သို့သော် ထိုဆူးသုံးချောင်းက အခုလက်ရှိမှာ သူမဘက်ကို ပြန်လှည့်နေ
ကြ၍ တွေးပင် မတွေးချင်။

"ပြီးတော့ ပန်းတွေထဲမှာ နှင်းဆီပန်းကို အလှဆုံးလို့ ကိုယ်ထင်တယ်၊
အဖူးအငုံလေးကနေ တဖြည်းဖြည်း ပွင့်အာလာတဲ့အထိ သူ့ရဲ့အလှအပက
ဘယ်လောက် ကဗျာဆန်လိုက်သလဲ၊ ပြီးတော့ နှင်းဆီမျိုးကွဲတွေဆိုရင်လည်း
အများကြီး၊ နှင်းဆီနီ, နှင်းဆီဝါ, နှင်းဆီဖြူ, နှင်းဆီပြာ, နှင်းဆီစိမ်း ... အစ
ဟား ... အများကြီး"

မိုးဦး မျက်ခုံးတွန့်သွားမိသည်။ နှင်းဆီအပြာနှင့် အစိမ်းဆိုတာတော့
တစ်ခါမှ မကြားဖူးချေ။ အပြာ၊ အစိမ်းပင်မက မပြာမစိမ်းတွေရော မ
မည်းတွေရော၊ ညိုညစ်ညစ်တွေပါ ရှိသည်လားတော့ မဆိုနိုင်

www.burmeseclassic.com

ကိုဂါထာရွှတ်က စကားပြော အရှိန်လွန်သွားသည်ကို ထိန်းလိုက်ဟ[illegible] မြင့် ...

"အဟင်း အဟင်း"

ဟု လည်ချောင်း ရှင်းလိုက်ပြီးမှ ...

"ကိုယ်က နှင်းဆီကို အဲလောက်ထိ စိတ်ဝင်စားတာ"

"ဩော် ... နှင်းဆီခြံလုပ်တယ်ထင်တယ်"

"အာ ... ဘယ်က နှင်းဆီခြံလုပ်ရမှာလဲ၊ ကိုယ်က စိုက်ပျိုးရေ[illegible] ဝါသနာမပါဘူး"

"ဒါဖြင့် မွေးမြူရေးပေါ့"

"အာ ... မဟုတ်တာ၊ နှင်းဆီကလည်း"

"ဒါဆို ရေလုပ်ငန်းဦးစီးဌာနကပဲ ဖြစ်ရမယ်"

"ဟမ် ... အဟဲ ... နှင်းဆီက နောက်တတ်သားပဲ၊ ကိုယ် ထ[illegible] တောင်မထင်ဘူး။ နှင်းဆီမျက်နှာထားက ခပ်တည်တည်လေးကြောင့်လေ"

သူထင်အောင်ပဲ မျက်နှာကို အတင်းပြုံးထားရမလို ဖြစ်နေသည်[illegible] ထားပါတော့ ... ဒါက အရေးမကြီးပါ။ ခါတိုင်း စကားလာပြောသည့်လူ[illegible] ဆိုလျှင် မိုးဦး ဤမျှပြောရုံလောက်နှင့်ပင် အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ကြ[illegible] ကိုဂါထာရွှတ်ကတော့ ဘာမှ ဖြစ်ပုံမရသည့်အပြင် ရယ်နေသေး၏။

"ဟဲ ဟဲ ... ကိုယ် ဒီမှာ မထိုင်ခင်လေးတုန်းက နှင်းဆီပြော[illegible] စကားကို တစ်စွန်းတစ်စ ကြားလိုက်တယ်၊ နှင်းဆီက 'ပလို့က' အကြောင်း[illegible] ပြောနေတာမဟုတ်လား"

"ဩော် ... ဟုတ်ကဲ့ ဟုတ်ပါတယ်"

"ပါဝတစ်ကမ်း ယပ်တောင်တစ်လှမ်းစနစ် ပျောက်သွားတဲ့အကြော[illegible] ကို နှင်းဆီက သူငယ်ချင်းတွေကို ပြောနေတာကိုး။ ပုံစံကြည့်ရတာ နှင်းဆီ[illegible] စာပေဝါသနာပါပုံရတယ်"





"အဲလောက်လည်း မဟုတ်ပါဘူး ... ကျွန်မ သိတာလေးကို ပြောပြ[illegible] သက်သက်ပါ"

"ဟဲ ဟဲ ... ဘာပဲဖြစ်ဖြစ်လေ နှင်းဆီဟာ အဆင်းတင်တောတဲ့ အချင်းပါရှိတဲ့ မိန်းကလေးလို့ ကိုယ်တော့ သတ်မှတ်လိုက်ပြီ၊ နှင်းဆီလို တော့ သူတလိုက်စားတဲ့ မိန်းကလေးဆိုတာ ဒီခေတ်ကြီးထဲ ရှားသွားပြီလေ ... ဟဲ ဟဲ ဟဲ"

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့ မသိမသာ မဲ့ကြသည်။ မိုးဦးကို မဟုတ်၊ အရှေ့မှ ကိုဂါထာရွှတ်ကို ဖြစ်သည်။ အတင်းကြီးကို ချီးကျူးနေတာ အသိ သာကြီးပဲကိုး။

ကိုဂါထာရွှတ်က အရယ်ရပ်လိုက်ကာ ...

"ဩော် နှင်းဆီ ... ဒါက ကိုယ့်ရဲ့လုပ်ငန်းကတ်လေးပါ"

"ဟုတ်ကဲ့"

မယူလိုက်လျှင် ရိုင်းမည်ဖြစ်သဖြင့် မိုးဦးလှမ်းယူလိုက်သည်။ ဆက် ထိုင်နေဦးမည်ဟု ထင်ထားသော်လည်း ကိုဂါထာရွှတ်က ထိုင်ရာမှထလိုက်ပြီး ...

"ကိုယ့်ကိုခွင့်ပြုပါဦး နှင်းဆီ၊ ဒီကညီမတွေလည်း ခွင့်ပြုပါဦး။ အချိန်း [illegible]တစ်ခုရှိနေလို့ပါ၊ တွေ့ဖြစ်ဦးမှာပါ ... ကိုယ် ဒီကို မကြာခဏ ရောက်တတ် [illegible]တယ်"

ကိုဂါထာရွှတ်က လက်ပြရင်း လှည့်ထွက်သွားသည်။ သင်တန်းရှေ့မှာ [illegible]ထားသော ကားတစ်စီးပေါ်တက်ကာ မောင်းထွက်သွား၏။

ပန်းအိက ...

"ဘယ်လိုလဲ မိုးဦး ... ဒီလူကြီးနဲ့ကျမှ နင် ဘာမှ တိုက်စစ်ဆင်[illegible] [illegible]လိုက်ပါလား"

"အေး ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဖြိုးက ...

"အဲဒီလူကြီးက အရွယ်နဲ့မလိုက်အောင်ကို ဝင်ရောသွားတာနော် တောက်လျှောက် သူ့စကားတွေချည်းပဲ၊ နင်က ဘာလို့ ငြိမ်နေရတာတုန်း"

"ဟဲ့ ... ငြိမ်နေတာမဟုတ်ဘူး၊ သူ ဆက်ထိုင်ဦးမယ် ထင်နေလို့ ရုတ်တရက် ထသွားတော့ ငါက လိုက်ဆွဲရမှာလား"

မိုးဦး ခပ်ဆတ်ဆတ်ပြန်ပြောလိုက်ရင်း မျက်မှောင်ကြုတ်လိုက်မိသည်။

"ဘာလဲ"

ပန်းအိက မေးသည်။

မိုးဦး ဘာမှပြန်မပြောဘဲ လက်ထဲမှာကိုင်ထားဆဲဖြစ်သည့် ကတ်ထော ကို အသာ 'မ' ကြည့်လိုက်၏။

"ဟင်"

ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့က ခပ်သွက်သွက်ပင် ငုံ့ကြည့်ကြ ပထမဆုံးစာကြောင်းမှာပဲ နှစ်ယောက်စလုံး ဟယ်ခနဲ ဖြစ်သွားကြသည်။

ညှိုဝင်း (ခ) မှတဲ
MD (မန်နေးဂျင်းဒါရိုက်တာ)

▲▲▲



အခန်း (၁၃)

ဘီယာဆိုင်မှာ ဒုတိယအကြိမ် ဆုံဖြစ်ကြသည်။ ခါတိုင်းလည်း သူတို့ သုံးယောက် တစ်ခါတစ်ရံ ဆုံဖြစ်နေကျဖြစ်သော်လည်း ဤကိစ္စနှင့်ပတ်သက် ၍တော့ ဒုတိယအကြိမ်ဖြစ်သည်။ ရဲခေါင်က ...

"ငါကတော့ တစ်ခါတည်း ကိစ္စပြတ်အောင်ဆိုပြီး အဲလို ပြောခဲ့လိုက် တယ်ကွ ... မင်းတို့ရော ဘယ်လိုလဲ"

ဗညားက နှုတ်ခမ်းကို လျှာနှင့်တစ်ချက် သပ်လိုက်ရင်း ...

"ငါလည်း မထူးပါဘူး ... ဖြစ်ချင်တာဖြစ် မိုးဦးချစ်သူလို့ပဲ ပြောခဲ့ တယ်"

ဝေယံက ဘီယာခွက်ကိုကိုင်ကာ သီချင်းသံကို အာရုံစိုက်နေသည် ပြီးမှ လှည့်လာပြီး ...

"မင်းတို့ လုပ်သွားတာ ကောင်းပါတယ်၊ အဲဒီလူ စကားတွေကြားမှာ မပြောနိုင်ဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဘယ်လိုသိလဲ"

ဗညားက မေးသည်။ ဝေယံက . . .

"ငါက နောက်ဆုံးမှရောက်သွားတာလေ၊ အခြေအနေအားလုံးကို အကဲခတ်လို့ ရတယ်၊ ဟာကွက်တစ်ခုကတော့ ငါတို့သုံးယောက်စလုံးက မိုးဦး ချစ်သူဆိုတာပဲ"

ငြိမ်သွားကြသည်။ ပြီးမှ ရဲခေါင်က . . .

"ဘာပဲဖြစ်ဖြစ်ကွာ . . . ငါ အရင်ဆုံးပဲ"

ဗညားက တစ်ဖက်လှည့်ကာ ပြုံးသည်။ အပြုံးက သရော်တော်တော်

ဝေယံက ဘီယာခွက်ကိုပြန်ချရင်း သီချင်းသံကို အာရုံပြန်စိုက်သွား သည်။

ခဏအကြာမှာတော့ တိတ်ဆိတ်မှုကို မနေနိုင်တော့ဟန်နှင့် ရဲခေါင်က . . .

"မထင်ဘူးကွာ . . . ငါကတော့ မိုးဦး လက်ထပ်ရမယ့်လူဆိုလို့ စကား တော်တော်ပြောရမယ် ထင်ထားတာ၊ အဲဒီကိုရောက်တော့ မူတဲဆိုတဲ့ လူက ငါပြောသမျှကို ကြောင်တောင်တောင်နဲ့"

ဗညားက ခေါင်းတစ်ချက်ညိတ်ကာ . . .

"အေး . . . အဲဒါတော့ ဟုတ်တယ်၊ မိုးဦးနဲ့ သဘောတူထားတဲ့လူဆိုရင် တစ်ခုခုတော့ ပြန်ပြောရမှာပဲ၊ အခုတော့ ဘာမှပြန်မပြောဘဲ ငြိမ်ခံနေတယ် ဆိုတော့ တစ်ခုခုမှားး မှားနေတာလား"

"ဘာကိုစမှားရမှာလဲ၊ မိုးဦးပြောပြတဲ့ပုံစံအတိုင်းပဲကို"

ရဲခေါင်က ပြန်ပြောသည်။ ဝေယံဘက်လှည့်လိုက်ရင်း . . .

"ဝေယံ . . . မင်းရော ဘယ်လိုထင်လဲ"

"အင်း"

ဝေယံက ဘာမှ ပြန်မပြောသေး။ အားလုံးထဲမှာ စကား အများဆုံးပြ





သော ဝေယံက အခုအချိန် စကားအနည်းဆုံး ဖြစ်နေသည်။

ခဏကြာမှ သက်ပြင်းတစ်ချက်ချပြီး . . .

"ငါ စဉ်းစားကြည့်နေတာပါ"

"ဘာစဉ်းစားကြည့်နေတာလဲ"

"မိုးဦးပြောတာ ဟုတ်,မဟုတ် ဆိုတာကိုပေါ့"

ဝေယံက ခေါင်းတစ်ချက်ညိတ်ရင်း . . .

"ငါ သဘောပေါက်တယ်၊ မိုးဦးက ငါတို့ကို စမ်းသပ်နေတယ်လို့ ဆိုလိုချင်တာလား၊ ဒီကိစ္စက စမ်းသပ်တာဆိုရင်လည်း ဟိုလူက ငါတို့ကို တစ်ခုခု တုံ့ပြန်လာရမှာပဲလေ"

ရဲခေါင်က နားထင်ကို တွန့်ဖနောင့်နှင့် ထောက်ကာ . . .

"ဟုတ်တယ်၊ ပြီးတော့ အဲလို စမ်းသပ်ချင်ရုံသက်သက်နဲ့ မိုးဦးက သူ့မှာ လက်ထပ်ရမယ့်လူရှိတယ်လို့ ပြောမလာနိုင်ဘူးကွ၊ တခြားနည်းလမ်းတွေ အများကြီးရှိတာပဲ"

ဗညားက အတွေးတစ်ခု ပေါ်လာပုံဖြင့် . . .

"ဝေယံ . . . မိုးဦးအိမ်နဲ့ မင်းက နည်းနည်းရင်းနှီးတယ်၊ မင်း မေး ကြည့်လို့ရမလား"

ဝေယံ ဘီယာသီးသွားသည်။ ခွက်ကိုပြန်ချရင်း . . .

"အဟွတ် . . . အဲလောက်ထိတော့ ငါမမေးရဲဘူးကွ၊ သူတို့အိမ်မှာ ငါပြောရဲဆိုရဲတာဆိုလို့ တစ်ယောက်ပဲရှိတယ်"

"ဘယ်သူလဲ"

"စကားမပြောတတ်တဲ့ ရွှေရည်ဆိုတဲ့ ကောင်မလေး"

ဗညားမျက်နှာ ရှုံ့မဲ့သွားသည်။ ရဲခေါင်က ရှုသိုးသိုးနှင့် . . .

"အဲဒီ စကားမပြောတတ်တဲ့ ကလေးသာသာ ကောင်မလေးက ဘာ သိပြီး ဘာနားလည်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတတ်နိုင်တာကို ပြောပြတာလေကွာ"

စကားဝိုင်းက ခေတ္တပြန်ငြိမ်သွားပြီး အသောက်အစားဘက် ရောက်သွားကြပြန်သည်။ ကုန်သွားသော ဘီယာလေးဂျားနေရာမှာ ဘီယာနှစ်ဂျား အစားရောက်လာ၏။

ထိုဘီယာနှစ်ဂျား ကုန်လတ်လုနီးနီးမှာ သူတို့သုံးယောက်လုံး အတော်မူးဝေနေပြီ ဖြစ်သည်။

ရဲခေါင်က အသံခပ်လေးလေးနှင့် . . .

"သူ့အိမ်က သဘောတူတဲ့လူရှိတယ်ပဲ ထားလိုက်ကွာ၊ မိုးဦးက အဲဒီလူကိုပဲ ယူမယ်လို့ပြောရအောင် အဲဒီလူကို သူက ချစ်နေလို့လား၊ အဲဒါတော့ ငါခံစားရတယ်"

"အော့ . . . ငါတော့မထင်ဘူး ရဲခေါင်၊ အဲဒီ မှူတဲဆိုတဲ့လူရဲ့ ရုပ်က မိုးဦးချစ်စရာလား"

"အေးလေ . . . ငါတို့သုံးယောက်ထဲကဆို တော်သေးတယ်၊ မိုးဦးက ငါတို့ကြားက သံယောဇဉ်တွေကို လျစ်လျူတော့ မရှုလောက်ပါဘူး"

"အေး . . . ဟုတ်တယ်၊ ငါတို့ထဲက တစ်ယောက်ယောက်ဆိုရင် ကျေနပ်တယ်ကွာ"

"ဟုတ်တယ် . . . ငါလည်း အဲဒီအတိုင်းပဲ"

"ဝုတ်တယ်"

"အားလုံး သဘောတူတယ်နော်၊ မိုးဦး ဟိုလူကြီးကို လက်မခံရဘဲ ငါတို့ထဲက တစ်ယောက်ကိုပဲ ရွေးရမယ်၊ အဲဒီအထိမ်းအမှတ်အတွက် ရယ်ဒီ"

"ချီးယား(စ်)"

သံပြိုင်အော်ကြသည်။

ထိုတစ်ခွက်စီ အပြီးမှာတော့ သုံးယောက်စလုံး ခေါင်းစိုက်မတတ်ဖြစ်နေကြပြီဖြစ်သည်။





"ဟော့ ရှင်းမယ် . . . ဘီ(လ်)ယူခဲ့"

"ဝေယံ . . . မင်းက အမြည်းဖိုးအားလုံးရှင်း"

သုံးယောက်စလုံး ရှင်းစရာရှိတာတွေ ရှင်းကာ တစ်ယောက်ပခုံးတစ်ယောက်ဖက်ရင်း ထွက်သွားကြတော့သည်။

သူတို့ထွက်သွားသည့် ဝိုင်းအနားရှိ သီးသန့်ခန်းအတွင်းမှ လူတစ်ယောက်က ခန်းဆီးစကို အသာလှပ်ဖယ်ရင်း လိုက်ကြည့်နေလေသည်။

ထိုလူက မှူတဲ။ ရဲခေါင်တို့သုံးယောက်စလုံး လူမှားတွေ့ဆုံသွားသည့် ...ဲ ဖြစ်သည်။

သူ့မျက်နှာက ပြုံးနေသည်။ ရဲခေါင်တို့ထံမှ ကြားလိုက်ရသည့် စကားနှင့်အတူ သူကိုယ်တိုင် စုံစမ်းသိရှိထားသော အကြောင်းအရာတွေက သူ့...မှာ ရှိနေပြီဖြစ်သည်။

မှူတဲ အခန်းပေါက်ဝမှနေ၍ နောက်ပြန်လှည့်လိုက်သည်။ စားပွဲဝိုင်းမှာ ...ပြည့်စုတ်ဟု တင်စားခေါ်ရလောက်သည့် လူတစ်ယောက် ထိုင်နေ၏။

ဤလောက်ဆိုလျှင် ရိပ်စားမိလောက်ပြီထင်သည်။ ရှင်းအောင်ပြောရ...် ရဲခေါင်တို့နှင့်တွေ့ရန် မိုးဦးနှင်းဆီ အမှန်တကယ် စီစဉ်ထားသော မှူတဲ၏ ...ဖြစ်သူ ခင်သက်ထွေး၏ရည်းစား ပုဂံသား ဖြိုးကိုဖြစ်သည်။

"မင်း တော်တယ် ဖြိုးကို"

ဖြိုးကိုက ပြုံးသည်။ သူ့ရည်းစားကို သူပိုင်သည်ဆိုသည့် သဘော... ...ည်းစားခင်သက်ထွေးထံမှ သိရသည့်အကြောင်းအရာတွေကို ဒီလူကြီးကို ...ပြောလိုက်ရုံနှင့် သူ့အတွက် ပျော်စရာနိဗ္ဗာန်ဘုံတစ်ခုနှင့်အတူ ငွေသားအတော် ...များလည်း လက်ဆောင်ရလိုက်သည် မဟုတ်ပါလား။

မှူတဲလည်း ပြုံးနေသည်။ သူ့မှာ ဒါတွေပင်မဟုတ်၊ အရေးကြီးသော ...တစ်ချပ်လည်း ရှိသေးသည်။

တစ်ခုတော့ ရှိသည်။ ထိုဖဲချပ်က သူကိုယ်တိုင် ဖန်တီးခဲ့သည်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ မိုးဦးနှင်းဆီကို မတွေ့မီကပင် အခြေအနေတစ်ရပ်ရပ် က ဖန်တီးခဲ့ခြင်းဖြစ်သည်။

ထိုဝှက်ဖဲကို အသုံးပြုရမည့်အချိန်သည် ...။



## အခန်း (၁၄)

အခြေအနေ အဖြစ်အပျက်တွေက အံ့သြစရာဖြစ်သည်။ စိတ်ကူးထဲက အတိုင်း လုပ်ဆောင်မှုတွေက တိုက်ဆိုင်မှုများမှတစ်ဆင့် ဤအဆင့်လောက်ထိ ရောက်လာခဲ့တော့ မိုးဦး အထိတ်တလန့် ဖြစ်ရတော့သည်။

သင်တန်းမရှိသည့် တစ်ခုသောညနေခင်းမှာ မိုးဦး ဧည့်ခန်းထဲထိုင်ကာ တီဗီအစီအစဉ်တစ်ခု ကြည့်နေခိုက် ...

"မိုးဦး သမီး"

"ဗြော် မေမေ ... ဘာနိုင်းစရာရှိလို့လဲ"

မေမေက တစ်ခါတလေ အနီးအနား ပတ်ဝန်းကျင်မှာ တိုလီမုတ်စ ပစ္စည်းလေးများ ဝယ်ခိုင်းတတ်သဖြင့် မိုးဦး ပြန်မေးလိုက်သည်။

မေမေက မိုးဦးဘေးမှာ ဝင်ထိုင်ရင်း ...

"ဘာမှခိုင်းစရာ မရှိပါဘူး သမီးရယ်၊ သမီးကို ပြောစရာရှိလို့"

"ဘာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . သမီးဖေဖေ ပြောလိမ့်မယ်"

မေမေ့မျက်နှာထားက တစ်မျိုးဖြစ်နေသည်။ မိုးဦး မျက်ခုံးပင့်လိုက်... ဘာကိစ္စမို့လို့ ဖေဖေက တိုက်ရိုက်မပြောဘဲ မေမေ့ကို စကားပလ္လင်ခံခိုင်းလို... သည်လဲ မသိ။ မဟုတ်မှလွဲရော . . .။ မိုးဦးလည်း စဉ်းစားမရချေ။

တီဗီမှ ကြော်ငြာသုံးခုစာတိတိ ပြီးသည့်အချိန်မှာ ဖေဖေရောက်လာ... သည်။ ဖေဖေ့မျက်နှာအမူအရာကလည်း တစ်မျိုးဖြစ်နေ၏။

စဉ်းစားမတတ်သည်ကလွဲ၍ ကိစ္စတစ်ခု ထူးခြားပြီဆိုတာ မိုးဦး ကို... သေသိလိုက်သည်။ ထို့ကြောင့် မျက်စိဖွင့်ရုံမကဘဲ နားကိုပါ ကြိုစွင့်ထားလိုက်... သည်။

ဖေဖေက ခုံမှာဝင်ထိုင်လိုက်ပြီး မိုးဦးကိုကြည့်ကာ . . .

"မိုးဦး"

"ရှင် ဖေဖေ"

"ဖေဖေမေးတာကို သမီး အမှန်အတိုင်း ဖြေနော်"

"ဟုတ်ကဲ့"

ဖေဖေက မမေးသေးဘဲ မိုးဦးမျက်နှာကို သေသေချာချာ ကြည့်သည်... မိုးဦး အနေခက်သွားရ၏။ သူမမျက်နှာအမူအရာကို ဖေဖေ လက်မလွှတ်တမ်း... အကဲခတ်တော့မည်ဆိုတာ မိုးဦးသိလိုက်သည်။

မိုးဦးကလည်း မိုးဦးပဲလေ . . . မိဘအရိပ်အောက်မှာ ယခုအချိန်... ကောင်းကောင်းမွန်မွန်နေလာခဲ့သည်မို့ ရဲရဲဝံ့ဝံ့ပဲ . . .

"ဘာမေးမှာလဲ ဖေဖေ . . . သမီး အမှန်အတိုင်း ဖြေပါ့မယ်"

"အင်း"

ဖေဖေက မိုးဦးကိုကြည့်လျက်ပဲ ခေါင်းတစ်ချက်ညိတ်သည်။ တစ်ဖ... တည်း အသက်ပြင်းပြင်းတစ်ချက်ကို ခပ်ရှည်ရှည်ရှိုက်သွင်းကာ ခပ်ဖြည်းဖြည်း... ပြန်ရှိုက်ထုတ်လိုက်ပြီးမှ . . .





"ဖေဖေ တည့်တည့်ပဲမေးမယ်၊ သမီးမှာ ရဲခေါင်၊ ဝေယံနဲ့ ဇေညာဆိုတဲ့ ...ယောက်ျားလေးသူငယ်ချင်းသုံးယောက် ရှိတယ်နော်"

"ရှင် . . . ဟုတ်ကဲ့ ဖေဖေ"

"သမီးတို့အချင်းချင်း ခင်လာခဲ့တဲ့နှစ်တွေ မနည်းဘူးဆိုတာလည်း ...ဖေဖေတို့ အသိပဲ"

ဘာဖြစ်လဲဆိုတာကို မိုးဦးစဉ်းစားဖို့ အချိန်မရချေ။

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေသိချင်တာက သူတို့ထဲက တစ်ယောက်ယောက်နဲ့ သမီး ...မေတ္တာမျှနေပြီလား ဆိုတာပဲ"

"ရှင်"

ဖေဖေက မိုးဦးမျက်နှာကို အသေးစိတ်အကဲခတ်နေသည်။ ဖေဖေ့ ...မေးခွန်းကြောင့် မိုးဦးစိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်သွားရသော်လည်း မျက်နှာ ...ကိုတော့ မလွှဲမိ။

ဖေဖေ ဒီမေးခွန်းကို မေးလာရတာ အကြောင်းတစ်ခုတော့ ရှိရမည်။ ...င်းလေ . . . အကြောင်းရှိ၍ပဲ မေးလာသည်ပဲ။ ထိုအကြောင်းကို မသိသော် ...ည်း မေးခွန်း၏အဖြေကိုတော့ စဉ်းစားဖို့မလိုအောင်ပင် ကိုယ့်ဘာသာ သိထား ...သားမို့ . . .

"ဘယ်တစ်ယောက်နဲ့မှ မေတ္တာမျှမနေပါဘူး ဖေဖေ၊ သမီးတို့အားလုံး ... ရိုးရိုးသားသားပါပဲ"

ကိုယ့်ဘက်ကတွေးလျှင် တစ်ရာရာခိုင်နှုန်းပြည့် အမှန်မို့ မိုးဦး ရဲရဲဝံ့ဝံ့ ...ဖြေလိုက်သည်။

ဖေဖေက မိုးဦးမျက်နှာကို အကဲခတ်သလို ကြည့်နေသေးသည်။ ...

"အင်း . . . သမီး အမှန်အတိုင်းဖြေတယ်ဆိုတာ ဖေဖေသိတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ လက်ခံသွားသော်လည်း ဤကိစ္စက မပြီးသေးချေ။ ပြောစရာ တွန့်သေးသည်ဆိုတာ မိုးဦးသိသည်။

ဖေဖေက ဘာမှဆက်မပြောသေးဘဲ အိတ်ကပ်ထဲမှ စီးကရက်ဘူးကို ယူကာ တစ်လိပ်ထုတ်သောက်သည်။ သုံးလေးဖွာမျှ ရှိုက်လိုက်ကာ စကားလုံး စီသလိုလုပ်ပြီးမှ ...

"သမီး ... မောင်ညိုဝင်းကို သိတယ်နော်"

"ရှင်"

ပြောမယ့်ပြောတော့လည်း မိုးဦးအတွက် အံ့သြစရာတွေချည်းဖြစ်သည်။

"စိန်တောင်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ မောင်ညိုဝင်းလို့ ခေါ်တာ မှတဲ့လေ"

ဖေဖေက သောက်လက်စစီးကရက်ကို ပြာခွက်ထဲ ထိုးခြေလိုက်ရင်း စကားဆက်သည်။

"သူက သမီးကိုလက်ထပ်ချင်တယ်လို့ ဖေဖေ့ကို ခွင့်တောင်းထား တယ်"

"ရှင် ဖေဖေ"

အာမေဋိတ်နှင့်အတူ မိုးဦးမျက်လုံးအစုံ ပြူးကျယ်သွားမိသည်။

ဖေဖေက ...

"ဟုတ်တယ် သမီး ... သမီးမှာ ရည်းစားရှိနေပြီလားလို့ ဖေဖေမေး တာ အဲဒါကြောင့်ပဲ၊ သမီးနဲ့တွဲတဲ့ ယောကျ်ားလေးအပေါင်းအသင်းကလည်း ဟိုသုံးယောက်ပဲ ရှိတယ်ဆိုတော့ ဖေဖေ သေချာအောင် မေးတဲ့သဘောပဲ"

ဖေဖေက စကားတစ်ခွန်းမှ ဝင်မပြောဘဲ မိုးဦးအရိပ်အခြည်ကို ကြည့် နေသည်။ ဖေဖေက စကားကိုဆက်ပြီး ...

"သမီးက မောင်ညိုဝင်းကို သိတာ မကြာသေးဘူးဆိုတာ ဖေဖေ သိပြီးပြီ၊ အဲ ... သူနဲ့ ဖေဖေကတော့ ကုမ္ပဏီလုပ်ငန်းချင်း ဆက်စပ်ပြီး သိ နေတာ ကြာပြီလို့ ပြောလို့ရတယ်"

ဖေဖေက စကားကို ခဏရပ်ပြီး မိုးဦးကို အကဲခတ်သည်။ မိုးဦး ဘာမှ ပြန်မပြောမိသေး။ ဖေဖေကပဲ ...

"အိမ်ထောင်ပြုမယ်ဆိုရင်တော့ သူက အဘက်ဘက်ကပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်လို့ ဖေဖေပြောနိုင်တယ်၊ သမီးကလည်း အရွယ်ရောက် ပြီဆိုတော့"

ဖေဖေက စကားရပ်သည်။ မိုးဦး ဘာမှပြန်မပြောမိသေး။

"မိဘတွေ စီစဉ်သည်" ဆိုသော ခေါက်ရိုးကျိုးစကားလုံးကို မသုံးစွဲချင် ၍ ဖေဖေကလည်း ရုပ်ရှင်ဗီဒီယိုတွေထဲကလို အတင်းအကျပ်ပြောလာခြင်း မဟုတ်။

သို့သော် ဆိုလိုရင်းက ဒါပဲဆိုတာ မိုးဦး ကောင်းကောင်းသိပါသည်။

ဖေဖေက ထိုင်ရာမှ ထသည်။ မိုးဦးကို တစ်ချက်ကြည့်ပြီး ဧည့်ခန်းထဲမှ တစ်လှမ်းချင်း ထွက်သွား၏။

မေမေက သက်ပြင်းတစ်ချက်ချကာ မိုးဦးခေါင်းကို ဖွဖွပွတ်ရင်း ...

"သမီး စဉ်းစားပါ"

မိုးဦး ဘာမှပြန်မပြောမိသေး။ မေမေ ထရပ်ပြီး ဖေဖေ့နောက်ကို လိုက်သွားသည်အထိ မိုးဦး ဘာမှ ပြန်မပြောမိသေး။

မိုးဦး ဘာမှ ပြန်မပြောမိသေးချေ။

"ဘာတွေဖြစ်ကုန်တာလဲ" ဆိုသော အတွေးနှင့်သာ မိုးဦး တစ်ကိုယ် လုံး ငြိမ်သက်ရင်း ...

ငြိမ်သက်စွာ ဆွေဝေရင်းနှင့် ...။

▲▲▲





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဒီနေ့ မိုးဦး သင်တန်းမတက်ဖြစ်၍ ပန်းအိနှင့် ကြည်ကြည်ဖြိုး တို့ သူမအိမ်သို့ ရောက်ချလာသည်။ ဥမ္မာညို့လည်း ပါလာ၏။ သူက လမ်းမှာ ပန်းအိတို့နှင့် တွေ့ပြီး မိုးဦး နေမကောင်းဖြစ်နေတာလားဆိုသောအတွေးနှင့် သတင်းမေးရန် လိုက်လာခြင်းဖြစ်သည်။

မေမေ ဘုရားခန်းဝင်နေသဖြင့် ညှိခန်းမှာပဲ လွတ်လွတ်လပ်လပ် စကားပြောဖြစ်ကြသည်။

မိုးဦးစကားတွေကို အာမေဋိတ်ကိုယ်စီဖြင့် နားထောင်ကြပြီး စကား အဆုံးမှာတော့ တစ်ယောက်တစ်ခွန်း မေးမြန်းကြတော့သည်။ တူညီသည့် အချက်ကတော့ . . .

"မိုးဦး . . . အဲလိုဆို နင် ဘယ်လိုလုပ်မလဲ"

ဆိုတာပဲ ဖြစ်၏။

ထိုစကားကို ပြန်ဖြေဖို့ မိုးဦးမှာ အဖြေအဆင်သင့် ရှိမနေပါ။ အမှ



ကယ်လည်း ဤကိစ္စကို ခေါင်းအေးအေးထားပြီး မစဉ်းစားနိုင်သေးလောက်အောင် မိုးဦးအတွေးတွေ ပူလောင်လျက်ရှိသည်။

ဥမ္မာညို့က . . .

"ဒီကိစ္စကို ရဲခေါင်တို့, ဝေယံတို့သိရင် ဘယ်လိုနေမလဲ မသိဘူး"

"ဘယ်လိုမှ နေမှာမဟုတ်ဘူး၊ ဒီလိုမဖြစ်ခင် အရင်ကတည်းကပဲ သူတို့သုံးယောက် ဒီအတိုင်းပဲ သိထားကြတာကို"

ကြည်ကြည်ဖြိုးစကားကြောင့် ဥမ္မာညို့က ခေါင်းတဆတ်ဆတ် ညိတ်လျက် . . .

"အေး . . . ဟုတ်တယ်နော်၊ မိုးဦး သူတို့ကို စမ်းသပ်ခဲ့အတိုင်း အကယ်ကြီးဖြစ်လာတာပဲ၊ ထူးဆန်းလိုက်တာ"

မိုးဦး သက်ပြင်းချမိသည်။ ပန်းအိက မိုးဦးကိုကြည့်ရင်း . . .

"ခေါင်းအေးအေးထားပြီးမှ ဘာလုပ်သင့်လဲဆိုတာကို စဉ်းစားပါ မိုးဦးရယ်၊ ငါတို့လည်း တတ်နိုင်သလောက် ဝိုင်းပြီး စဉ်းစားပေးပါ့မယ်"

အိမ်ဖော်မလေးရွှေရည်က အအေးလေးခွက် လာချပေးသည်။ မိုးဦး အတွက်ပါ အပိုတစ်ခွက် ယူလာခြင်းဖြစ်သည်။

အအေးသောက်လိုက်သော်လည်း မိုးဦး ရင်အပူက လျော့မသွား။

"အစကတည်းကပဲ ရဲခေါင်တို့ကို ဒီလိုမစမ်းသပ်ခဲ့ရင် အခုလိုဖြစ်သာမှာ မဟုတ်ဘူးနော်၊ ငါတော့ အဲလိုပဲ တွေးမိတော့တယ်"

မိုးဦး ခပ်လျှော့လျှော့ပြောလိုက်တော့ ဥမ္မာညို့က . . .

"မိုးဦး . . . ငါ ရဲခေါင်တို့ကို သွားပြောပေးရမလား။ သူတို့ကို နင်ခြောက်တဲ့ကိစ္စက တကယ်မဟုတ်ဘဲ စမ်းသပ်တာဆိုတာ၊ အဲဒါဆို သူတို့ ဝမ်းသာမှာ . . ."

စကားမဆုံးခင်မှာဘဲ သူ့ဘာသာသူ တွေးမိပုံနှင့် . . .

"အင်းလေ . . . သွားပြောလည်း ဘာထူးမှာလဲ၊ ဝမ်းသာ ရုံ ဆေးမြီး



www.burmeseclassic.com

www.burmeseclassic.com



အနုအခြေအနေက သူတို့အတွက် အရင်အတိုင်းပဲဥစ္စာ၊ နှင့် အခြေအနေကို

ဥမ္မာညိုက သက်ပြင်းပါးပါးချသည်။

ပန်းအိက ...

"မိုးဦး ... ခင်သက်ထွေးရော ဒီကိစ္စကိုသိပြီလား"

"ဘယ်လိုလုပ် သိဦးမှာလဲ"

"သူသိရင် ပိုပြီး စိတ်မကောင်းဖြစ်မှာပေါ့၊ ဒီကိစ္စမှာ အဓိက သူ့အစ[illegible] လွဲလို့ဖြစ်တာ"

ကြည်ကြည်ဖြိုးနှင့် ဥမ္မာညိုတို့ကလည်း ...

"အေး ... ဟုတ်တယ်၊ သူ့အစ်ကိုသာ ဝမ်းနုတ်ဆေး မစားခဲ့[illegible] ရင် ဒီကိစ္စတွေ ဆက်ဖြစ်မှာမဟုတ်ဘူး"

"ဟုတ်တယ် ဟုတ်တယ် ... သူ့အစ်ကိုမှတဲကြောင့် အခု မဲ[illegible] တွေ့တာ"

မိုးဦး သုံးယောက်စလုံးကို ဝေါင်ပြီးကြည့်နေမိသည်။ ဥမ္မာညိုတို့[illegible] ယောက်ကတော့ ခင်သက်ထွေး၏အစ်ကို မှုတဲကိုတွေ့လျှင် ခုချက်ချင်းပဲ [illegible] ချုပ်ပြီး ကြိုးစင်တင်ပစ်တော့မလို မကျေမနပ် ပြောနေကြသည်။

သို့သော် သူတို့ တကယ်တွေ့လိုက်ရသူက ခင်သက်ထွေးအစ်ကို မှု[illegible] မဟုတ်ချေ။

"ဟင်"

ဥမ္မာညိုတို့အားလုံး ပါးစပ်တွေ ပိတ်သွားကြသလို မိုးဦးလည်း [illegible] မတ်သွားရသည်။ ဖေဖေက 'ခင်သက်ထွေး၏အစ်ကို မှုတဲ' မဟုတ်သော[illegible] မဲတူနှင့်အတူ အိမ်ထဲဝင်လာခြင်း ဖြစ်သည်။

ဖေဖေ့ကားသံလည်း မကြားလိုက်ရ၊ ကိုယ့်အာရုံနှင့်ကိုယ် ဖြစ်နေကြ[illegible] မည်သူမျှ သတိမထားမိလိုက်ချေ။

ဖေဖေက ...





"သမီးသူငယ်ချင်းတွေ ရောက်နေကြတာကိုး၊ ထိုင်ကြ ထိုင်ကြ၊ ကဲ ... မောင်ညိုဝင်းလည်း ထိုင်ကွာ"

"ဟုတ်ကဲ့ အန်ကယ်(လ်)"

မှုတဲက ခုံမှာ သူ့ဘာသာသူ ဝင်ထိုင်သည်။ သူ့ဘာသာသူ မထိုင်ချင်လျှင်လည်း မည်သူကမျှ သူ့ကို ချိုင်းမှကိုင်မြှောက်ကာ ခုံပေါ်တင်ပေးမည် မဟုတ်ချေ။

မှုတဲက မိုးဦးတို့ကိုကြည့်ကာ ရယ်ပြလေသည်။ သို့သော် ညည်းသူတ[illegible] သူ့ကို ပြန်ပြီးရယ်မပြသဖြင့် မှုတဲ ပြုံးလျက်ကြီး အိုးတိုးအမ်းတမ်း ဖြစ်သွား[illegible]

ထိုအချိန်မှာပဲ မေမေက ဘုရားဝတ်ပြုပြီးစီးသွားပုံဖြင့် အိမ်ပေါ်မှ ဆင်းလာသည်။ ဧည့်ခန်းရှိ လူစုလူဝေးကိုကြည့်ကာ အံ့ဩသလိုဖြစ်သွားပြီးမှ ...

"ဩော် ... မောင်ညိုဝင်းလည်း ရောက်ပြီကိုး"

"ဟုတ်ကဲ့ အန်တီ"

"အေး အေး ... အန်တီကတောင် စောစောရောက်လာမလားလို့"

ဒါဆို ဖေဖေနှင့်အတူ ညိုဝင်းပါလာမည်ကို မေမေ ကြိုသိထား သည်ပေါ့။ မေမေက မိုးဦးအနားမှာ ဝင်ထိုင်ကာ ...

"ဩော် ... မောင်ညိုဝင်းကို ဘာမှ ဧည့်မခံထားဘူးလား"

"ရပါတယ် အန်တီရယ် ... ဟဲ ဟဲ"

"အိုကွယ် ... အားနာရမယ့်လူတွေမှ မဟုတ်တာ၊ မိုးဦး ... သမီး တစ်ခုခု စီစဉ်ပေးလိုက်လေကွယ်"

မေမေ့စကားအဆုံးမှာ မိုးဦးက ...

"ရွှေရည်"

ရွှေရည်က ချက်ချင်း အနားရောက်လာသည်။ မေမေ [illegible]ကြည့် နေသည်ကို မိုးဦး မသိချင်ယောင်ဆောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာတစ်ခုခု ချပေးလိုက်"

ဖေဖေ့မျက်နှာ မည်းခနဲဖြစ်သွားသည်။ မေမေက မှုတဲကို အားနာဟန်ဖြင့် ...

"မောင်ညို့ဝင်းရယ် ... ဟဲ ဟဲ ... အန်တီ့သမီးကလေ"

"ရပါတယ် အန်တီရယ် ... ဟဲ ဟဲ"

မရလည်း မတတ်နိုင်ချေ။ မိုးဦးကိုယ်တိုင် ထလုပ်ပေးရအောင် သူက ဘာမို့လို့လဲ။ အိမ်ကို မျက်စိလည်လမ်းမှား ရောက်လာသော ခွေးလေး ကြောင်လေးတွေလောက်ပင် စေတနာမရှိချေ။

မှုတဲကလည်း သူ့အဖြစ်ကို သူသိသည်။ ထို့ကြောင့် လက်ထဲမှာ ပါလာသော ဂျာနယ်တစ်စောင်ကိုလှန်ကာ စိတ်ဝင်စားချင်ယောင်ဆောင်ပြီး ဖတ်နေလေသည်။

ဖေဖေက မိုးဦးကို တစ်ချက်စိုက်ကြည့်ပြီးမှ ...

"ဩော် ... ဒီက သမီးတို့လည်း အပြင်သွားစရာရှိရင် သွားကြတော့နော် ... အားနာမနေနဲ့၊ သမီးတို့သူငယ်ချင်းက ဒီနေ့ သမီးတို့နဲ့တွေ့ဖို့ အချိန်ရမှာမဟုတ်ဘူး"

အလိမ္မာနှင့် နှင်လိုက်သည့်စကားဖြစ်သည်။ ဉမ္မာညို့တို့အားလုံး အဓိပ္ပာယ်ပေါက်စွာ ထပြန်သွားကြသည်။ ဖေဖေနှင့်မေမေကို စကားဖြင့် နှုတ်ဆက်သွားပြီး မိုးဦးကိုတော့ အဓိပ္ပာယ်ပါသောအကြည့်ကိုယ်စီနှင့် အားပေးသွားကြသည်။

အားလုံးပြန်သွားတော့ ဖေဖေက ...

"မိုးဦး သမီး"

"ရှင်"

"သမီးနဲ့မောင်ညို့ဝင်းကို တစ်နေရာမှာ အေးအေးဆေးဆေး စကားပြောစေချင်တယ်၊ အဲဒီတော့ မောင်ညို့ဝင်းနဲ့ သမီး ခဏလောက် လိုက်သွားဦး ... ဟုတ်လား"

"သမီး"

"သမီး"

ပထမ 'သမီး' က မိုးဦး စကားပြောဖို့အားယူခြင်းဖြစ်ပြီး နောက် 'သမီး' ကတော့ ဖေဖေ့ဆီမှ ထပ်ထွက်လာခြင်းဖြစ်သည်။ ထိုအဓိပ္ပာယ်ကတော့ ပြောရန်ပင်မလိုတော့။

ဖေဖေက ထိုင်ရာမှထကာ သုံးလေးလှမ်းမျှ လျှောက်ရင်း ...

"သမီး ပြောစရာရှိတယ်ဆိုရင် အိမ်ပြန်ရောက်မှပြောတော့ ... ဟုတ်ပြီလား"

ဖေဖေ့အသံထဲမှာ အမိန့်စွက်နေသည်။

သို့နှင့် ...

▲▲▲







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ခေတ်မီတောက်ပသော စားသောက်ဆိုင်လေးတစ်ခုအတွင်းမှာ ဂေ
ဂီတအသံက ငြိမ့်ညောင်းသာယာစွာ တိုးတိုးညင်းညင်း ထွက်ပေါ်နေသည်။

ပြင်ပအလင်းရောင်ကို လိုက်ကာစကြီးများနှင့် ကာဆီးထားပြီး ဆိုင်
အတွင်းမှာတော့ ရောင်စုံမီးဆိုင်းအချို့က မျက်နှာကြက်မှာ တွဲရရွဲချိတ်ခိုလျက်
ရှိနေသည်။

ဆိုင်ပြင်ပနှင့်ဆန့်ကျင်ကာ အပူချိန်အတိုင်းအတာက အေးစိမ့်စိမ့်

မိုးဦးမှာတော့ ထိုအရာတွေကို မခံစားနိုင်ချေ။ သူမရှေ့မှာ ထိုင်ကာ
မရပ်မနား စကားပြောနေသော ညိုဝင်းကြောင့် ဖြစ်သည်။

"ကိုယ်ပြောတာတွေကို နှင်းဆီ ဘယ်လိုသဘောရလဲဟင်"

အမှန်အတိုင်းပြောရလျှင် မိုးဦး ဘယ်လိုမှ သဘောမရပါ။ ညိုဝင်း
ပြောသွားတာတွေကတော့ အစုံပဲဖြစ်သည်။

မိုးဦးကို ဘယ်လောက်ချစ်သည်၊ ဘယ်လောက်မြတ်နိုးသည်၊ မတွေ့ခင်





လူများခံရတုန်းကပဲ နာမည်လေးကို စတင်စိတ်ဝင်စားမိသည်၊ လူကိုတွေ့တော့
ချွဲလမ်းမိသွားသည် … စသဖြင့် စသဖြင့် တို့အပြင်။

လက်ထပ်ပွဲကို ခမ်းခမ်းနားနားကြီးလုပ်မည်၊ ဟန်းနီးမွန်းက မိုးဦး
စိတ်ကြိုက် ဖြစ်စေရမည်။ မိုးဦးကို တင့်တောင့်တင့်တယ် ဘယ်လိုထားမည်၊
နိုင်ငံခြားခရီးစဉ်တွေ ထွက်တိုင်း ခေါ်မည်၊ ပြီးတော့ အခုလို လူကြီးတွေက
တစ်ဆင့် လက်ထပ်ဖို့ ကြိုးပမ်းရတာကလည်း မိုးဦးကို ဘယ်လောက်ချစ်သော
ကြောင့် ဘာကြောင့် ညာကြောင့် … စုံနေသည်။

မိုးဦးက အအေးကိုသာ မှုန်းသောက်ရင်း ပါးစပ်မအားအောင် လုပ်
နေလိုက်သည်။ လောလောဆယ်အခြေအနေမှာ တည်တည်ငြိမ်ငြိမ်ဖြင့် စကား
ပြန်လည်ပြောဆိုနိုင်လျှင် အကောင်းဆုံးဖြစ်သော်လည်း မိုးဦး မလုံမခြုံသလို
ခံစားနေရသည်။

အထူးသဖြင့် တစ်ချက်တစ်ချက် စိုက်ကြည့်လိုက်သော ညိုဝင်း၏
မျက်လုံးတွေထဲမှာ မရိုးသားမှုတွေကို မိုးဦး တွေ့နေရသည်။

ဆန့်ကျင်ဘက်လိင်ပဲ … ဘယ်ရိုးသားပါ့မလဲဟု ပြောလာလျှင်လည်း
မိုးဦးလက်ခံပါသည်။ သို့သော် ညိုဝင်း၏ မရိုးသားမှုက ရမ္မက်ဆန်ဆန် နိုးနော
ဆယ်လို့မူ။

ချစ်ခင်မြတ်နိုးသည်ဆိုတာ ထိုအကြည့်မျိုးမှ မဟုတ်သည်ဘဲ၊ ရဲခေါင်
ညားနှင့် ဝေယံတို့၏ အကြည့်တွေလို ဖြူစင်မှုကို အခြေခံထားခြင်း မဟုတ်ချေ။

တစ်ချက်တစ်ချက် ပေါ်လာသော ထိုအရိပ်အယောင်တွေကြောင့်
ကြောက်ခြုံသလို ခံစားနေရသည်ဟုဆိုလျှင် မိုးဦး လွန်ပါသလား။

"နှင်းဆီလေး … ဘာတွေစဉ်းစားနေတာလဲ"

ညိုဝင်းက ခပ်စူးစူးတစ်ချက် စိုက်ကြည့်ရင်း မေးလာသည်။

မိုးဦး သံက်ပြင်းပါးတစ်ချက်ကို ချလိုက်ရင်း …

"ကျွန်မ,စဉ်းစားနေတာတွေကို အမှန်အတိုင်း ပြောရမယား …



www.burmeseclassic.com

www.burmeseclassic.com

ကိုညီဝင်း''

''ပြောလေ နှင်းဆီ . . . ကိုယ်ကြားချင်ပါတယ်''

''အမှန်အတိုင်းပြောရရင် အိမ်ထောင်ရေးဆိုတဲ့ကိစ္စကို ကျွန်မ ခုချိန်မှာ မစဉ်းစားချင်သေးတာ အမှန်ပဲ''

''ဘာလို့''

''ကျွန်မမှာ ရွေးချယ်ပိုင်ခွင့်ရှိတယ်လို့ ကိုညီဝင်း မတွေးမိဘူးလား''

''အိုး . . . သဘောပေါက်ပြီ၊ ကိုယ် သဘောပေါက်ပြီ နှင်းဆီလေး ကိုယ်ကလည်း လောကြီးပြီး ပြောနေမိတာကိုး၊ ကိုယ် တကယ်ဆိုလိုချင်တဲ့ သဘောကလည်း ခုချက်ချင်း စီစဉ်မယ်လို့ ပြောနေတာမဟုတ်ပါဘူး''

''ကိုညီဝင်း ပြောချင်တာက . . .''

''အဲဒီကိစ္စကို နှင်းဆီလေးခေါင်းထဲမှာ မထည့်သေးရင်လည်း ဖြစ်ပါ တယ်၊ အခု ကိုယ်ဖြစ်ချင်တဲ့သဘောက နှင်းဆီလေးနဲ့ စေ့စပ်ထားတာမျိုး လောက်တော့ လုပ်ထားချင်တယ်''

''ကျွန်မဆန္ဒကိုရော မသိချင်ဘူးလား''

''နှင်းဆီ ဘာပြောချင်လို့လဲ''

''ကျွန်မ ရှင့်ကိုမချစ်ဘူး''

ညီဝင်း မျက်နှာပျက်သွားသည်။ သို့သော် ခဏအတွင်းမှာပဲ အပြုံး တစ်ခုက မျက်နှာပေါ် ရောက်လာပြီး . . .

''ဒါဆို နှင်းဆီမှာ ချစ်ရမယ့်သူ ရှိနေလို့လား''

မိုးဦး နှုတ်ဆိတ်သွားမိသည်။ ချစ်ရမယ့်သူတဲ့၊ သေချာတာကတော့ သူမရှေ့မှ ညီဝင်း (ခ) မှုတဲ မဟုတ်တာ သေချာသည်။

ညီဝင်းက တဟင်းဟင်းရယ်သံပြုရင်း . . .

''ကိုယ် နှင်းဆီအကြောင်းတွေ တော်တော်များများကို သိထားပြီး သားပါ၊ ဂရုစိုက်ရမယ့်အချက်တွေရော. သိပ်အရေးမကြီးတဲ့ ကိစ္စတချို့တွေကို ရောပေါ့''

မိုးဦး ညီဝင်းကို စူးခနဲကြည့်လိုက်မိသည်။ ညီဝင်းက မျက်နှာ တစ်ဖက်ကို ဟန်ပါပါ ပင့်လျက် . . .

''ဘာပဲဖြစ်ဖြစ်ပါ . . . ကိုယ်သိထားတဲ့အဓိကအချက်ကတော့ နှင်းဆီ ဟာ ဘယ်တော့မှ မိဘစကားကို မပယ်ရှားခဲ့တဲ့ သမီးလိမ္မာလေးတစ်ယောက် ဆိုတာပဲ''

ဒေါသစိတ်တစ်မျိုးက မိုးဦးရင်ထဲမှာပဲ ထောင်းခနဲ ဖြစ်သွားသည်။ မိုးဦးအနေနှင့် ဖေဖေ၊ မေမေတို့ကို မလွန်ဆန်နိုင်တာလည်း အမှန်ဖြစ်သည်။ သို့သော် ထိုအချက်ကို နှင်း၏ အသုံးချနေခြင်းကိုတော့ မိုးဦးသည်းမခံနိုင်ချေ။

''ကျွန်မမိဘတွေကို မလွန်ဆန်ဘဲ ရှင့်ကိုမယူရအောင် လုပ်ပြမယ်''

ထိုစကားကို ညီဝင်း မကြားပါ။ မိုးဦးရင်ထဲမှာပဲ ဆုံးဖြတ်ချက် ခိုင်မာစွာ ပြောလိုက်ခြင်းဖြစ်သည်။

''ကိုယ် ဘီယာတစ်ဘူးလောက် သောက်မယ်နော် နှင်းဆီ''

''သောက်ပါ . . . ကျွန်မနားလည်တတ်ပါတယ်''

''အိုခေ . . . သင့်(ခ်)''

မိုးဦး ဒေါသကိုချုပ်ထိန်းရင်း မျက်နှာလွှဲလိုက်သည်။

မကြာခင်မှာ ညီဝင်းရှေ့သို့ ဘီယာတစ်ဘူး ရောက်လာသည်။ ညီဝင်း က မော့မကြည့်ဘဲ . . .

''အေး . . . မင်းပဲ ဖောက်လိုက်ကွာ''

ဝိတ်တာက ဘီယာဘူးကို ဖောက်သည်။ သို့သော် ဘီယာဘူးက ဝိတ်တာ၏အားအရှိန်နှင့် . . .

'ဖောက် . . ရှူး'

''ဟာ . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ . . . စဉ့်ကူးကြောင်''

ညီဝင်း ဒေါသနှင့် မော့ကြည့်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . မင်း မင်း ရဲခေါင်"

မိုးဦး လှည့်ကြည့်လိုက်ရင်း အံ့သြသွားမိသည်။ ရဲခေါင်မှ ရဲခေါင်အစစ်။ စိတ်တာဝတ်စုံအပြည့်နှင့် မှင်သေသေရပ်နေသည်။

"ဆောရီးပါခင်ဗျာ . . . ကျွန်တော် အရှိန်မထိန်းနိုင်လို့ လျှံထွက်သွားတာပါ"

"မင်း မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျွန်တော်က ဒီဆိုင်မှာ အချိန်ပိုင်း လာလုပ်နေတာပါ"

"မင်း မင်း"

ရုတ်တရက် ညို့ဝင်း (၁) မှုတဲ စကားရှာမရ ဖြစ်သွားသည်။

မိုးဦးရင်ထဲမှာတော့ ဝမ်းသာစိတ်ကလေး လှစ်ခနဲဖြစ်သွား၏။ တစ်ဆက်တည်း ကိုယ့်ကိုယ်ကိုယ် လုံခြုံသွားသလိုလည်း ခံစားလိုက်ရသည်၊ ရဲခေါင် ဒီလိုနေရာမှာ ဒီလိုပုံစံမျိုးနဲ့ ရောက်နေတာ ဘာကြောင့်လဲ။

ဘာကြောင့်ပဲဖြစ်ဖြစ် မိုးဦးအတွက် အကာအကွယ်တစ်ခုတော့ ဖြစ်သွားတာအမှန်ပင်။ ရဲခေါင် ဒီနေရာကို ရောက်လာပြီဆိုကတည်းက သူမကို အရိပ်တကြည့်ကြည့် စောင့်ကြည့်နေ၍ မဟုတ်ပါလား။

ညို့ဝင်းက ဘီယာစိုသွားသော ဘောင်းဘီနေရာကို တစ်ရှူးစဖြင့် သုတ်ရင်း . . .

"အေး . . . မင်းသွားတော့ ဒီဝိုင်းကို အစောကြီးကတည်းကပဲ မလာသင့်ဘူးဆိုတာ မင်းသိသင့်တယ်"

"တောင်းပန်ပါတယ် ခင်ဗျာ . . . ခွင့်ပြုပါဦး"

မိုးဦး ရဲခေါင်ကို ပြုံးပြလိုက်သော်လည်း ရဲခေါင်က သူမကို လှည့်ကြည့်မသွားချေ။ မိုးဦးရင်ထဲ ဟာသလိုလိုဖြစ်သွားမိသည်။ အင်းလေ . . . သူတို့တက်ကတော့ အထင်တစ်မျိုး ဖြစ်နေမှာပဲ။

မိုးဦး သက်ပြင်းလေးချရင်း မျက်လုံးအဝေ့ . . .





"ဟင်"

ဗညား . . .။ ဗညားက ခပ်လှမ်းလှမ်းရှိ ဝိုင်းတစ်ဝိုင်းနားထိုင်ကာ သူမတို့ကို စိုက်ကြည့်နေသည်။ မိုးဦးနှင့် မျက်လုံးချင်းအဆုံမှာ ဗညားက မျက်နှာလွှဲသွား၏။ အံ့သြစိတ်နှင့်အတူ မိုးဦးရင်ထဲ ဝမ်းနည်းသလိုလို ဖြစ်သွားသည်။

မဟုတ်ဘူး . . . နင်တို့ထင်သလို မဟုတ်ဘူး။

ညို့ဝင်းကလည်း ဗညားကို တွေ့သွားပါသည်။ မိုးဦးဘက်ကို မျက်နှာမဲ့လှည့်လာရင်း . . .

"နင်းဆီ . . . ကိုယ်တို့ သွားကြရအောင်"

ဆိုင်ထဲမှအထွက်မှာ မိုးဦး ဗညားကို နောက်တစ်ခေါက် ထပ်ကြည့်လိုက်သေးသည်။ ဗညားက သူမကို လှည့်ကြည့်မနေ။

မိုးဦးခေါင်းထဲ အတွေးတစ်ခု ရောက်လာသည်။ သူတို့နှစ်ယောက်နေရင် ဝေယံလည်း ရှိနေမှာပဲ။ ဝေယံရော . . .။

ကားထဲမဝင်ခင် ဆိုင်အပြင်မှာ မျက်လုံးဝေ့ကာ ရှာကြည့်မိသေးသည်။ သို့သော် ဝေယံနှင့်တူသည်ဆို၍ တစ်ယောက်မှမတွေ့ရ။

ကားပေါ်မှာ ငြိမ်သက်စွာလိုက်ပါလာရင်း မိုးဦး သက်ပြင်းအထပ်ထပ်ချမိသည်။ ညို့ဝင်းကလည်း မည်သည့်စကားမျှ ပြောမလာဘဲ တိတ်ဆိတ်နေသည်။

မိုးဦး ပတ်ဝန်းကျင်ကို သတိထားမိလိုက်တော့။

"ဟင် . . . ဒါ ဘယ်နေရာလဲ၊ ရှင် ဘယ်ကိုမောင်းနေတာလဲ ကိုညို့ဝင်း"

လမ်းက မိုးဦးအိမ်သို့ ပြန်သောလမ်းမဟုတ်။ မိုးဦး အထိတ်တလန့်နှင့် [illegible]

"ရှင့်ကိုမေးနေတယ်လေ . . . ဘယ်ကိုမောင်းနေတာလဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းရပ်ပါ''

''စိတ်မပူပါနဲ့ နှင်းဆီ''

ညိုဝင်းက ပြောရင်း ...

''နောက်ယောင်ခံလိုက်လာမယ့်လူ ရှိလားလို့ စမ်းသပ်ကြည့်နေ[illegible] နှင်းဆီကို ကိုယ် ဘယ်မှခေါ်မသွားပါဘူး''

''ရှင်''

မိုးဦး တွေးမိပြီး ကားနောက်သို့ လှည့်ကြည့်လိုက်သည်။

''ကိုယ်တို့ကားရဲ့ နှစ်စီးကျော်လောက်က ကားအဖြူလေးက [illegible] ထွက်ကတည်းကပဲ တောက်လျှောက်လိုက်လာတာ တွေ့ရတယ်၊ အဲဒီကား[illegible] ဘယ်သူပါမယ်လို့ နှင်းဆီထင်လဲ''

ဝေယံပဲဖြစ်မည်ဆိုတာ မိုးဦးသိလိုက်သည်။ ထို့အတူ ညိုဝင်းကို[illegible] လုံးဝလျှော့တွက်၍မရမှန်း မိုးဦး ကောင်းကောင်းသိလိုက်၏။ သက်ပြင်း[illegible] ချက်ကို နိုး၍ချမိသည်။

ကားအနည်းငယ်ရှင်းလာသည့် တစ်နေရာရောက်တော့ ညို[illegible] ကားကို လမ်းဘေးချကာ ရပ်လိုက်သည်။ ပြီး ... မိုးဦးဘက်မှ ကားတံ[illegible] တွန်းဖွင့်လိုက်ကာ ...

''နှင်းဆီ အိမ်ပြန်ချင်နေမယ်ဆိုတာ ကိုယ်သိပါတယ်၊ တက[illegible] သူခေါ်သွားမယ်ဆိုရင်တော့ နှင်းဆီလိုက်သွားနိုင်တယ်''

ဒါ စိန်ခေါ်မှုတစ်ခုပဲဆိုတာ မိုးဦးသိလိုက်သည်။ စားသောက်[illegible] တုန်းက ရဲခေါင်နှင့်ဗညားတို့၏ အမူအရာကို ညိုဝင်း ကောင်းကောင်း[illegible] လိုက်ပုံရသည်။

မိုးဦး ကားပေါ်မှ ဆင်းလိုက်သည်။ ကားအဖြူလေးက ထ[illegible] တဖြည်း နီးလာ၏။ မိုးဦး လက်လှမ်းတားလိုက်သည်။

ကားက မရပ်ဘဲ ဆက်မောင်းသွားသည်။ မလှမ်းမကမ်း[illegible]





[illegible]န်ကွေ့လာပြီး ဘီးတစ်လိမ့်ချင်း ငြိမ့်လာ၏။ အနားသို့အရောက် ...

''ဝေယံ''

မိုးဦးအသံကို ဝေယံကြားနိုင်သော်လည်း ကားက မိုးဦးကို ဖြတ်ကျော်[illegible]တာ အရှိန်မြင့်သွားလေသည်။

ကားလေးကို လိုက်ကြည့်နေသော မိုးဦးအမြင်အာရုံတွေ ဝေဝါးသွား[illegible]ဖြစ်သွားရသည်။ နင် ... နင်တို့သုံးယောက်စလုံး ငါပြောခဲ့တဲ့အတိုင်း တကယ် [illegible]င်နေကြတာပေါ့။

ညိုဝင်းဆီမှ ရယ်သံခပ်သဲ့သဲ့ ထွက်လာသည်။

''ကဲ နှင်းဆီ ... ဒီလိုဆိုရင်တော့ ကိုယ့်ကားနဲ့ပဲ အိမ်ပြန်ကြတာပေါ့''

မိုးဦး ညိုဝင်းကို လှည့်မကြည့်ဘဲ မျက်လုံးအစုံကို မှိတ်ချလိုက်မိ[illegible]သည်။

''ကားပေါ်တက်လေ နှင်းဆီ''

မိုးဦး ငြိမ်သက်ကာ ရပ်နေမိသေးသည်။ ထိုအချိန်မှာပဲ တဖြည်းဖြည်း [illegible]လာသော ကားသံတစ်သံကြောင့် မိုးဦး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ကားဖြူလေးက တဖြည်းဖြည်း ဘက်ဆုတ်လာသည်။ အနားသို့ [illegible]ရောက်မှာ ဝေယံမျက်နှာကို မြင်လိုက်ရပြီး ...

''ခုနက နင် ငါ့ကို လှမ်းခေါ်လိုက်သလားလို့ မိုးဦး''

''အေး ... ဟုတ်တယ်၊ ငါ နင်နဲ့ ပြန်လိုက်ချင်လို့''

''ဘယ်လိုဖြစ်လို့လဲ''

ဝေယံက ညိုဝင်းဆီ တစ်ချက်လှမ်းကြည့်ရင်း မေးသည်။

မိုးဦးက ...

''နင့်မေးခွန်းတွေကို ခဏထားဦး၊ ငါ နင်နဲ့အိမ်ပြန်လိုက်လို့ ရမှာ[illegible] နိုင်တယ်''

ဝေယံက ငြိမ်နေပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com

"နင့်သဘောပဲလေ"

ထိုစကားအဆုံးမှာပဲ မိုးဦး ကားတံခါးဖွင့်ကာ လှမ်းဝင်လိုက်လေသည်။ ညိုဝင်းဘက်ကို တစ်ချက်မှ လှည့်မကြည့်ခဲ့ချေ။

တဖြည်းဖြည်း ဝေးသွားသောကားအဖြူလေးကို ကြည့်ရင်း တင်မြ လင်း တောက်တစ်ချက် ခေါက်လိုက်သည်။ တစ်ကွက်လျှော့တွက်မိလိုက်သော မှားမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။

မြွေပွေးကို ပိုးထိုးသလို ခံစားလိုက်ရသည်။

"တောက်"

▲▲▲



## အခန်း (၁၇)

ဥမ္မာညို၏စကားတွေကို ပန်းအိ၊ ကြည်ကြည်ဖြိုးနှင့် ခင်သက်ထွေး တို့က ခေါင်းတညိတ်ညိတ်လုပ်ကာ ထောက်ခံပေးကြသည်။

ရဲခေါင်က ...

"ဒါဆို မိုးဦး ငါတို့ကို ပထမပြောတဲ့ ညိုဝင်းဆိုတာ အခု ညိုဝင်း ဟုတ်တူးပေါ့"

"အေး ... အဲဒီတုန်းက မိုးဦးက ခင်သက်ထွေးအစ်ကို ညိုဝင်းနဲ့ ခင်တို့ကို စမ်းသပ်ကြည့်တာပါဆို"

ဗညားက သက်ပြင်းချကာ ခေါင်းတစ်ချက်ညိတ်ရင်း ...

"အခု ညိုဝင်းကတော့ စမ်းသပ်တာမဟုတ်တော့ဘူး။ ဘာတဲ့ ... ထစ်ခုတော့ ကျေနပ်တယ်"

"ဘာလဲ"

"သူ့အိမ်က ပေးစားတဲ့လူကို ယူမယ်လို့ပြောတုန်းက မိုးဦးက ငါတို့ကို


www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်တာ။ အခု တကယ့်ဖြစ်ရပ်ကျတော့ အဲဒီလူကို သူမယူချင်ဘူး"

ဥမ္မာညိုက ...

"မယူချင်လို့တဲ့ မိုးဦး အခုလို စိတ်ညစ်နေရတာပေါ့။ အခုလိုဖြစ်လာရတာ ခင်သက်ထွေးအစ်ကိုကြောင့်၊ တရားခံက ဒင်း"

ခင်သက်ထွေး မျက်နှာလေးငယ်နေသည်။ သူ့အစ်ကိုက အဓိက တရားခံမှာဖြစ်နေရသဖြင့် ခင်သက်ထွေးမျက်နှာမှာ နှမ်းစေ့သာသာပဲ ရှိတော့သည်။

ပန်းအိက ...

"ခုတော့မှ ဘယ်သူ့ကိုမှ အပြစ်တင်မနေနဲ့။ အခုဆို မိုးဦးက သင်တန်းလည်း တက်ခွင့်မရတော့ဘူး။ အပြင်ထွက်ဖို့နေနေသာသာ ... ငါတို့နဲ့တောင် တွေ့ခွင့်မရဘူးဆိုတော့ ဘာတွေဖြစ်ကုန်တာလဲ မသိဘူး"

"အေး ... ဟုတ်တယ်၊ အဲဒါ ဟိုလူကြီးကြောင့်ပဲ ဖြစ်ရမယ်၊ ဒင်းက မိုးဦးမိဘတွေကို ပိုင်သလောက်ဖြစ်နေတော့ ဘာတွေလုပ်ထားပြန်ပြီလဲ မသိဘူး"

ကြည်ကြည်ဖြိုးကလည်း မကျေမနပ်လေသံအပြည့်နှင့် ပြောလေသည်။ သူမ မကျေနပ်မည်ဆိုလျှင်လည်း မကျေနပ်စရာပင်။ လွန်ခဲ့သည့်သုံးရက်က မိုးဦးအိမ်မှာ သူမတို့ တွေ့ဖြစ်ကြပြီးနောက်ပိုင်း ထပ်မဆုံကြတော့ပေ။

မိုးဦးက သင်တန်းကိုလည်း မလာ၊ အိမ်ကိုလိုက်သွားတော့လည်း သူမတို့မှာ တွေ့ခွင့်မရချေ။ မိုးဦးတို့အိမ်မှ ခြံစောင့်ကြီး၏ 'မရှိဘူး' ဆိုသော စကားတစ်ခွန်းနှင့်သာ လှည့်ပြန်ခဲ့ရသည်။

ရဲခေါင်က ...

"ငါသိပြီ ဗညား"

"ဘာလဲ"

"ဝေယံ"





"ပြော"

"စားသောက်ဆိုင်မှာတုန်းကကိစ္စတွေကို မှတ်မိတယ်မဟုတ်လား ... ဟိုပဲ မင်းတို့နှစ်ယောက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရောက်လာကြတာလေ"

"အဲဒါ ဘာဖြစ်လဲ ... မင်းလည်း မိုးဦးအနားမှာရှိနေချင်သလို ငါလည်း ရှိနေချင်တာပဲ"

"အေးပါ ... ငါကလည်း မကျေနပ်လို့ပြောတာမဟုတ်ပါဘူး။ တကယ် မကျေနပ်တာက ညိုဝင်းလို့ခေါ်တဲ့ မှုတ်ကွ"

"ဘယ်လို"

"မင်း စဉ်းစားကြည့်လေ ... ငါတို့သုံးယောက်ကို မိုးဦးရဲ့ ပတ်ဝန်းကျင်မှာ မြင်လိုက်ရတော့ ဒီလူစိတ်ထဲ ဘယ်လိုဖြစ်သွားမလဲ"

"ငါ သိပြီကွ၊ ဒီလူ မိုးဦးမိဘတွေကို ငါတို့နဲ့ပတ်သက်ပြီး တစ်ခုခု ပြောလိုက်တာ ဖြစ်မယ်၊ အဲဒါကြောင့် မိုးဦး အပြင်ထွက်ခွင့်မရတာ"

"ဒါပဲ ရှိတာပဲ"

ဝေယံကပြောရင်း ...

"ငါလည်း မိုးဦးကို အဲဒီနေ့က အိမ်လိုက်ပို့ရင်းနဲ့ အဲဒီလူအကြောင်း နည်းနည်းပြောလိုက်တယ်"

"ဘာအကြောင်းလဲ၊ မင်းက အဲဒီလူအကြောင်း ဘာသိထားလို့လဲ"

"သိထားတဲ့အကြောင်းကို ပြောလိုက်တာပေါ့၊ အနည်းဆုံးတော့ အဲဒီဆိုတဲ့လူ ပျာယာခတ်သွားမှာပဲ"

"မင်းက ဘာပြောလိုက်လို့လဲ"

ရဲခေါင်မေးခွန်းအဆုံးမှာ အားလုံး၏မျက်နှာတွေက စိတ်ဝင်စားမှုဖြင့် ငြိမ်သက်သွားကြသည်။

"ငါ ဘာပြောလိုက်တာလဲဆိုတော့ ..."

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အိမ်ထဲသို့ လှမ်းဝင်ရန်ပြင်လိုက်သော မူတဲ၏ ခြေထောက်တွေက တုံ့ခနဲဖြစ်သွားသည်။

အိမ်အတွင်းဧည့်ခန်းဆီမှ ဦးနှင်းမောင်မောင် (မိုးဦးနှင်းဆီ၏ဖခင်) ၏ အစ်စကားသံကို ကြားလိုက်ရ၍ ဖြစ်သည်။

''ဘာဖြစ်တယ် သမီး . . . မောင်ညိုဝင်းမှာ တိတ်တိတ်ပုန်းမယား ရှိတယ် . . . ဟုတ်လား။ သမီးကို အဲဒါ ဘယ်သူပြောတာလဲ''

''ဝေယံပါ''

''သူက ဘာသက်သေအထောက်အထားရှိလို့ အခုလို စွပ်စွဲလိုက်ရတာလဲ''

''စွပ်စွဲတာမဟုတ်ဘူး ဖေဖေ . . . သူ တကယ်မြင်ခဲ့တဲ့ အကြောင်းကို ပြောတာ၊ သူ့အနေနဲ့ တကယ်မဟုတ်တဲ့ ဒီလိုအခြေအနေမှာ ဒီလိုစကားမျိုး ပြောမလာဘူးဆိုတာ သမီးယုံတယ်''





ဧည့်ခန်းအပြင်မှာ ရပ်နေသော ညိုဝင်းတစ်ယောက် နှလုံးသွေးများ တဒိတ်ဒိတ်နှင့် ဆောင့်ခုန်တက်သွားရသည်။ အသက်မှန်မှန်ရှုလိုက်ပြီး ထပ်၍ နားစွင့်လိုက်၏။

''သမီး''

ဒေါ်မိုးကလျာ (မိုးဦးနှင်းဆီ၏မိခင်) ၏ မသဲမကွဲပြောသံတစ်ခုကို ကြားလိုက်ရပြီး ဦးနှင်းမောင်မောင်၏အသံလည်း တိတ်သွားသည်။

ခဏအကြာမှ ဦးနှင်းမောင်မောင်အသံက ထွက်ပေါ်လာသည်။

''အင်း . . . မောင်ညိုဝင်းပြောတဲ့အတိုင်း ဖြစ်လာတာပဲ၊ သမီး သူငယ်ချင်းတွေက သမီးကို အရမ်းခင်ကြတယ်၊ ဒီတော့ မောင်ညိုဝင်းကို အမြင်စောင်းတာမျိုးဖြစ်လာတာပဲ၊ ဥပမာ သမီးနဲ့မောင်ညိုဝင်း အသက် ကွာဟတာမျိုး၊ ဒီကိစ္စက လူငယ်တွေအတွက်တော့ အမြင်စောင်းစရာတစ်မျိုးပဲ၊ အဲလိုက စပြီး မောင်ညိုဝင်းကို သူတို့ အမြင်စောင်းကြတာပဲလို့ ဖေဖေ ယူဆတယ်''

''မဟုတ်ဘူး ဖေဖေ''

''ဘာလို့မဟုတ်ရမှာလဲ သမီး၊ အခုဆိုကြည့်စမ်း . . . မောင်ညိုဝင်းမှာ တိတ်တိတ်ပုန်းမယားရှိတယ်လို့တောင် ပြောတဲ့အဆင့်ရောက်နေပြီ၊ အဲဒါ အသရေဖျက်မှုနဲ့ တရားစွဲလို့တောင်ရတယ် သမီး''

''ဖေဖေ . . . ဒါဆိုရင် အဲဒီကိစ္စ ဟုတ်,မဟုတ်ဆိုတာ ဖေဖေ စုံစမ်းကြည့်ပါဦး''

''အင်း . . . ဖေဖေစုံစမ်းမယ်၊ ဒါပေမဲ့ သိပ်တော့မလိုအပ်ပါဘူး၊ မောင်ညိုဝင်းကို ဖေဖေယုံတယ်''

''သမီးမယုံဘူး''

''ဒီမှာသမီး . . . သမီးကို သင်တန်းတက်ခွင့်ပိတ်တဲ့ကိစ္စက မောင်ညိုဝင်းလုပ်တာ မဟုတ်ဘူးနော်၊ သူက သမီး သင်တန်းတက်[illegible]လို့တောင် ဖေဖေ့ကိုပြောတယ်၊ ဒါပေမဲ့ ဖေဖေကိုယ်တိုင် အဲဒီအရေး[illegible]လို့ သမီး

www.burmeseclassic.com



တို့ တောက်နိုင်းတာ''

''အဲဒါ သူ့စနက်ပဲ မဟုတ်ဘူးလား ဖေဖေ''

''ခက်ပါလား သမီး . . . ဒီစကားတွေ ဒီမှာရပ်ရင်ကောင်းမယ်၊ ဖေဖေ ဒေါ်သ မထွက်ချင်ဘူး၊ သမီးသူငယ်ချင်းတွေစကားကိုလည်း ဖေဖေမယုံဘူး။ ဒါပဲ''

ဦးမောင်မောင်နှင်းအသံက ညှော်ခန်းထဲမှာ ဟိန်းထွက်သွားပြီးနောက် အသံဗလံတွေ တိတ်သွားသည်။

ညိုဝင်း လက်သီးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်လိုက်၏။ တစ်ဆက်တည်း ဝေယံဆိုသောကောင်၏မျက်နှာကိုလည်း မြင်ယောင်လိုက်မိ၏။

''တောက် . . . ဒီကောင် ကြိုးဟ်ကောင်၊ အန္တရာယ်ကောင်ပဲ၊ ဒီကောင် ငါ့အကြောင်းတွေကို စုံစမ်းနေတာလား။ ပြီးတော့ ဟိုနှစ်ကောင်လည်း ရှိသေးတယ်၊ ဒီကောင်တွေကရော''

ညိုဝင်း ရပ်ကာစဉ်းစားနေလိုက်သည်။ လောလောဆယ်အခြေအနေအရ သူ့ဘက်မှာ မိုဦးနှင်းဆီ၏ မိဘနှစ်ယောက်စလုံး ရှိသည်။ လက်ထပ်မည့်ရက်ကိုလည်း ဆွေးနွေးပြီးပြီဆိုတော့ . . . ညိုဝင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထို့နောက် အသက်ဝဝရှူလိုက်ရင်း အခုမှရောက်လာသူတစ်ယောက်လို ညှော်ခန်းထဲ လှမ်းဝင်လိုက်သည်။

''ဟော . . . မောင်ညိုဝင်း ရောက်လာပြီကိုး''

''ဟုတ်ကဲ့ အန်ကယ်လ် . . . ကျွန်တော် နှင်းဆီကို ညနေစာ ကျွေးချင်လို့၊ အဲဒါ အန်ကယ့်လ်ကို ခွင့်တောင်း . . .''

''လိုက်သွားလိုက် သမီး''

ဦးနှင်းမောင်မောင်၏ တစ်ချက်လွှတ်အမိန့်နောက်ကွယ်မှာ မိုဦးနှင်းဆီ၏ ကံကြမ္မာသည် . . .

▲▲▲

အခန်း (၁၉)

အအေးဆိုင်လေးအတွင်းမှာ ရှိနေကြသော သူတို့အားလုံး ဒေါ်မိုးကလျာ၏စကားကြောင့် နွေခေါင်ခေါင် မိုးကြိုးပစ်သံကြားလိုက်ရသလို ထိတ်လန့်ချက်လှုပ်သွားကြသည်။

''ဘယ်လိုအန်တီ''

ရဲခေါင်က မယုံနိုင်စွာ မေးသည်။

ဒေါ်မိုးကလျာက ရှိုက်သံစွက်လျက် . . .

''မနေ့ညက မောင်ညိုဝင်းနဲ့ ညစာစားဖို့ ထွက်သွားပြီးကတည်းကတော [illegible] အိမ်ကို ပြန်ရောက်မလာဘူး။ အန်တီတို့လည်း တစ်ညလုံး စိတ်ပူနေတယ်၊ မောင်ညိုဝင်းကို ဖုန်းဆက်တော့လည်း မကိုင်ဘူး။ ခုမနက်မှ မိုဦးက အိမ်ကို ဖုန်းဆက်တာ၊ ဘယ်က ဆက်မှန်းလည်းမသိဘူး။ အန်တီမေးတော့လည်း ဘာမှမပြောဘူး။ သူက သားတို့နဲ့ပဲ စကားပြောချင်တယ်တဲ့''

စကားအဆုံး မကြာခင်မှာပဲ ရဲခေါင်၊ ဝေယံ၊ ဗညားတို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာညို၊ ပန်းအိ၊ ကြည်ကြည်ဖြိုးတို့အားလုံး မိုးဦးအိမ်သို့ ရောက်သွားကြတော့သည်။

မိုးဦးဖခင် ဦးနှင်းမောင်မောင်က ညှော်ခန်းမှာ ငွေကြိုးထိုင်နေ၏။ ဖုန်းရှိရာသို့ ပထမဆုံးရောက်သွားသူက ရဲခေါင်ပဲဖြစ်သည်။

"ဟယ်လို"

" .........."

"ငါပါ ရဲခေါင်ပါ"

" .........."

"ဘယ်လို"

" .........."

ရဲခေါင်က ဖုန်းကို ဖြည်းညင်းစွာ ပြန်ချသည်။ အမူအရာက တစ်မျိုးဖြစ်နေ၏။ ဝေယံနှင့်ဗညားဘက်သို့လှည့်လာပြီး ...

"ငါတို့သုံးယောက်ကိုပဲ ခေါ်တာ"

▲▲▲



## အခန်း (၂၀)

မိုးဦး ချိန်းဆိုလိုက်သည့်နေရာက ပန်းခြံတစ်ခုအတွင်းမှာပဲ ဖြစ်သည်။ သူတို့သုံးယောက် ရောက်သွားကြတော့ ညိုဝင်း၏ကားကို ရပ်လျက်သား တွေ့ရသည်။

ကားပေါ်မှ မိုးဦးဆင်းလာသည်။ သူတို့သုံးယောက်ကို ကြည့်လိုက်သောအကြည့်က တစ်စုံတစ်ရာသောမျှော်လင့်ချက် ပါဝင်နေ၏။

ကားတစ်ဖက်ခြမ်းမှ ညိုဝင်း ဆင်းလာပြီး လျှောက်လာသည်။ သူတို့ရှေ့သို့အရောက် ...

"ကဲကွာ ... လှုယုတ်မာ"

'ခွပ်'

ရဲခေါင်က ပထမဆုံး ပြေးထိုးလိုက်ခြင်းဖြစ်သည်။

ဒုတိယက ဗညား။

"ယုတ်မာဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com

'ခွပ် ခွပ်'

မိုးဦးက အလန့်တကြားနှင့် . . .

"လုပ်ပါဦး၊ ဝေယံ . . . ဆွဲပါဦးဟ"

မကြာခင်မှာပဲ သူတို့သုံးယောက်နှင့် ညှို့ဝင်းအကြားမှာ မိုးဦးက ရပ်လျက်သား ရှိနေသည်။ လက်နှစ်ဖက်ကာလျက် . . .

"သူ့ကို နင်တို့ ဘာမှလုပ်စရာ မလိုဘူး၊ နင်တို့ ရှေ့မတိုးနဲ့"

ရဲခေါင်က . . .

"နင် ရူးနေလားမိုးဦး၊ နင့်ကိုစော်ကားတဲ့လူကို နင်က ကာကွယ်ပေးနေတာလား"

ဇညားက တောက်တစ်ချက်ခေါက်ကာ . . .

"နင် ရှေ့ကဖယ်စမ်း မိုးဦး၊ ဒီလူကို ငါ့လက်နဲ့သတ်မယ်"

တစ်ဆက်တည်း ဝေယံဘက်လှည့်ပြီး . . .

"မင်းကရော ဒါတို့ကို ဘာကြောင့်လိုက်ဆွဲရတာလဲ ဝေယံ၊ အဲဒီကောင်က မင်းယောက်ဖမို့လို့လားကွ"

ဝေယံက ဘာမှ ပြန်မပြောဘဲ ခေါင်းငိုက်စိုက်ချကာ ရပ်နေသည်။

လေတစ်ချက်ဝေ့သွားသည်။ မိုးဦးနှင်းဆီ၏ ဦးခေါင်းထက်မှ ဆံနွယ်တချို့က လေနှင့်အတူ လွင့်ဝဲပါသွား၏။

ဆံနွယ်မျှင်များကို လက်နှင့်ပင့်သပ်ရင်း မိုးဦးပြုံးသည်။

"နင်တို့သုံးယောက်စလုံး ငါ့ကိုချစ်တယ်ဆိုရင် ငါပြောတဲ့စကားကို သေသေချာချာ နားထောင်ကြပါ"

မိုးဦးအသံက ပြတ်သားမှုနှင့်အတူ လှိုင်းတချို့ ပါဝင်နေသည်။

"ရဲခေါင် . . . နင် ငါ့ကိုချစ်တယ်လို့ ပြောခဲ့တယ်နော်"

" . . . . . . . . . . "

"ဇညား . . . နင်လည်း ငါ့ကိုချစ်တယ်လို့ ပြောခဲ့တယ်နော်"





" . . . . . . . . . . "

"ဝေယံ . . . နင်လည်း အဲလိုပြောခဲ့တာပဲ"

" . . . . . . . . . . "

ဝေယံ့ဦးခေါင်းကတော့ ငိုက်စိုက်ချထားဆဲဖြစ်သည်။

မိုးဦးက နာနာကျင်ကျင် အပြုံးတစ်ချက်နှင့် . . .

"နင်တို့သုံးယောက်အပေါ်ကို ငါ ဝေခွဲလို့မရခဲ့ဘူး။ အခုထိလည်း မဝေခွဲနိုင်သေးဘူး။ ဒါပေမဲ့ အခုအချိန်မှာ ငါ တစ်ခုခုကို အရေးတကြီး သိချင်နေတယ်"

မိုးဦးက စကားကို ခဏရပ်သည်။ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး . .

"နင်တို့ ငါ့ကို ဘယ်လောက်ထိ ချစ်နိုင်သေးလဲဆိုတာကိုပေါ့"

ရဲခေါင်၊ ဝေယံနှင့် ဇညားတို့သုံးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မိုးဦးက ဟက်ခနဲ တစ်ချက်ရယ်ကာ . . .

"ကားတင်ပြေးခံရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ တစ်ညတာကို နင်တို့ သဘောပေါက်မှာပါ၊ ဒါပေမဲ့ ငါ သဘောတူညီချက်တစ်ခု ရယူနိုင်ခဲ့တယ်။ အဲဒါက ဘာလဲဆိုတော့ နင်တို့သုံးယောက်ထဲက ငါ့ကို တကယ်ချစ်နိုင်သေးတဲ့လူရှိရင် သူ ကျေနပ်စွာနဲ့ပဲ နောက်ဆုတ်ပေးပါ့မယ်တဲ့"

လေတချို့ ခပ်ကြမ်းကြမ်း တိုက်ခတ်သွား၏။ ပန်းရုံအချို့မှ ဝတ်မှုန်များက လေစီးနှင့်အတူ လွင့်မျောထွက်ပါသွားသည်။

မိုးဦးက နာကျင်လှုပ်ခတ်နေသော ရယ်သံနှင့် . . .

"ကားတင်ပြေးခံရတဲ့ မိန်းကလေးတစ်ယောက်အတွက် နောက်ဆုံး ရွေးချယ်ပိုင်ခွင့်လေး တစ်ခုပေါ့ဟာ၊ နင်တို့အထဲက ငါ့ကို ဘယ်သူ ကြည်ကြည်ဖြူဖြူ ချစ်နိုင်သေးလဲ"

ရဲခေါင် ခေါင်းငိုက်စိုက်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးဦး နာနာကျင်ကျင် ပြုံးလိုက်သည်။

ဒုတိယ ပညား ခေါင်းငိုက်စိုက်ကျသွားပြန်သည်။

"အင်းလေ ငါက ..."

မိုးဦးထံမှ စကားသံ ထပ်ထွက်မလာ။ အကြည့်တွေထဲမှာတော့ မျှော်လင့်ချက်က မရှိသလောက် ပါးလျလွန်းလှသည်။

ငိုက်စိုက်ချထားသော ဝေယံ့ဦးခေါင်းက တဖြည်းဖြည်း ပင့်မော့လာသည်။ ပြီး ...

"ငါ ကြည်ဖြူနိုင်တယ် မိုးဦး"

"ဝေယံ"

"ငါ နင့်ကို အခုချိန်ထိ ချစ်နေတုန်းပါပဲ၊ နင် ဘာတွေပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ ... ငါ ခွင့်လွှတ်တယ်၊ ငါ နင့်ကိုအရမ်းချစ်တယ် မိုးဦး"

"ဝေယံရယ်"

ပြောပြောဆိုဆို ဝေယံက မိုးဦးလက်တစ်ဖက်ကို ဆွဲယူလိုက်ကာ မိုးဦးခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်လေသည်။

ရဲခေါင်နှင့်ပညားတို့က ဝေယံ့ကို မယုံကြည်နိုင်သောအကြည့်များနှင့် ကြည့်နေကြသည်။ ထို့အတူ ညိုဝင်း၏အကြည့်များကလည်း ...

"ဝေယံ ... ခဏ"

မိုးဦးက ဝေယံ့လက်တွင်းမှ ရုန်းထွက်လိုက်ကာ ညိုဝင်းဘက် လှည့်လိုက်ပြီး ...

"ဒီပွဲမှာ ကျွန်မ နိုင်သွားပြီ ကိုညိုဝင်း။ အဲဒီတော့ ကတိအတိုင်း လက်ထပ်မယ့်ကိစ္စကို ရှင့်ဘက်က ဖျက်သိမ်းပေးပါ"

"ကိုယ် ကတိပေးပါတယ် နှင်းဆီ၊ နှင်းဆီမိဘတွေကို ကိုယ်ပဲ ရှင်းပြလိုက်ပါ့မယ်"

မကြာခင်မှာ မှတဲ၏ကားက သူတို့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ ထို့နောက် မိုးဦး၏ လွတ်လပ်ပေါ့ပါးသော ရယ်သံလွင်လွင်လေးက ထွက်ပေါ်လာလေသည်။

"မိုးဦး ... နင်"

မိုးဦးက ဝေယံ့မျက်ဝန်းတည့်တည့်သို့ စိုက်ကြည့်လာကာ ...

"နင်တို့ထင်သလို ငါ ဘာမှမဖြစ်ခဲ့ဘူး ဝေယံ၊ ငါ မဲ့တစ်ပေါက်တောင် ရှုံးသေးပါဘူး။ မနေ့က တစ်ညလုံး ငါတို့ ခင်သက်ဖွေးအိမ်မှာပဲ ရှိနေခဲ့ကြတယ်"

"မိုးဦး ... နင် နင် တကယ်ပြောနေတာလား"

ဝေယံ၏ အငမ်းမရမေးသံအဆုံးမှာ မိုးဦးက ...

"တကယ်ပေါ့ဟ ... ငါ့ရဲ့စွန့်စားခန်းကိုပြောရမယ်ဆိုရင် ဒီလို"

▲

"ရှင် ဘယ်ကိုမောင်းနေတာလဲ ကိုညိုဝင်း၊ ခုချက်ချင်း ကားရပ်ပေး ..."

"ရပ်မပေးနိုင်ဘူး နှင်းဆီ၊ မင်းကို ကိုယ်တစ်ခါတည်း ကားတင်ပြေး ... တော့မှာ"

"ရှင် ရပ်နော် ... မရပ်ရင် ကျွန်မ ခုန်ချလိုက်မယ်"

"သတ္တိကောင်းလှချည်လား နှင်းဆီ၊ ဒါပေမဲ့ ကားတံခါးတွေကို ကိုယ် ... ချထားပြီးပါတယ်"

"ရှင် ... ရှင် မယုတ်မာနဲ့နော်၊ ကားကို အခုရပ်"

ကားလေးက လူသူရှင်းလင်းသော လမ်းတစ်နေရာမှာ မြွေလိမ်မြွေ ... ကွေ့သွားပြီးမှ ထိုးရပ်သွားသည်။ ကားပေါ်မှ စကားသံတွေက ...





www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မယုတ်မာချင်ဘူး နှင်းဆီ၊ ဒါပေမဲ့ မင်းကို ဒီည အိမ်ပြန် နိုင်ဘူး"

"အဲဒါ ရှင် ယုတ်မာတာပဲ"

"မင်းကို ကိုယ် လက်ဖျားနဲ့တောင်မတို့ဘူး နှင်းဆီ၊ ဒါပေမဲ့ မင်း ဒီညမှာ ကိုယ်နဲ့အတူ ရှိနေမှဖြစ်မယ်"

"ရှင်က ချည်ပြီးတုတ်ပြီး ကြိတာပဲ ကိုညိုဝင်း၊ ရှင့်ကို ကျွန် လုံးဝမချစ်ဘူးလို့ ပြောပြီးပြီ၊ ပြီးတော့ ပြီးတော့ ..."

"ရဲခေါင်တို့ကို ပြောချင်တာလား နှင်းဆီ၊ မနက်ဖြန်ရောက်ရင် သူ မင်းကို ချစ်နိုင်ပါဦးမလား၊ စိတ်ကူးမယဉ်ပါနဲ့ နှင်းဆီရယ် ... ပင်ပန်းပါတယ် ယောကျ်ားတစ်ယောက်နဲ့ တစ်ညတာ ပျောက်သွားတဲ့ မိန်းကလေးတစ်ယော ကို သူတို့ဆက်ချစ်နိုင်သေးတယ်ဆိုရင် ကိုယ် ကျေကျေနပ်နပ်ကြီး အရှုံးပေးလို မယ် နှင်းဆီ"

"ရှင့်စကား အမှန်ပဲလား ကိုညိုဝင်း"

"ဒါပေါ့"

"ရှင့်ကိုယ်ရှင် ယုံကြည်သလို ကျွန်မလည်း သူတို့ကို ယုံကြည်တယ် သူတို့ထဲက တစ်ယောက်ကတော့ ကျွန်မကို ကြည်ဖြူနိုင်မှာပဲ ကိုညိုဝင်း"

"သေချာလှချည်လား နှင်းဆီရဲ့၊ အဲလောက်ထိ သူတို့ကို ယုံကြ တယ်ပေါ့"

"ဟုတ်တယ် ... ရှင်မယုံရင် ကျွန်မကိုယ်ကျွန်မ လောင်းကြေးထ ပြီး လောင်းရဲတယ်၊ ကျွန်မ,ရှုံးရင် ရှင့်ကိုလက်ထပ်မယ်၊ ရှင်ရှုံးရင်တော့ နော ဆုတ်ပေးဖို့ပဲ၊ ဒါပေမဲ့ ကစားပွဲတစ်ခုလို မျှမျှတတ ကစားဖို့တော့လိုတယ်"

"စိတ်ဝင်စားစရာပဲ ... ဘယ်လိုကစားပွဲမျိုးလဲ၊ ကိုယ်လိုက်လျော နိုင်မလားဆိုတာ သိချင်တယ်"

"ကျွန်မသူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ ရှင်နဲ့ကျွန်မ အတူ ရှိနေ



ယ်၊ ကျွန်မလည်း ဘယ်ကိုမှ အဆက်အသွယ်မလုပ်သလို ရှင်လည်း ...
...တ်ထားနိုင်တယ်၊ မနက်ရောက်မှ သူတို့ကို အကြောင်းကြားမယ်"

"အဲဒီသူငယ်ချင်းကရော ယုံရပါ့မလား"

"သူပါ ကျွန်မတို့နဲ့အတူ မအိပ်ဘဲ ရှိနေမယ်"

"အိုကေလေ"

▲

"ငါ ငါ ဝမ်းသာလိုက်တာ မိုးဦးရယ်၊ နင် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲဝံ့ဝံ့ ချနိုင်ခဲ့တာပဲ"

"ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက် မသေချာတဲ့ ဆုံးဖြတ်ချက်ပါဟာ၊ ဒါပေမဲ့ ငါ့ရဲ့တစ်,ရာနှုန်းဘက်မှာ နင်ရှိခဲ့တယ် ဝေယံ"

ဝေယံ မျက်နှာပြုံးနေသည်။ ရဲခေါင်နှင့်ဗညားတို့၏ မျက်နှာနှစ်ခုက တော့ လွှတ်တဲ့ငါး ကြီးနေကြ၏။

မိုးဦးက ...

"နင်တို့နှစ်ယောက်ကိုလည်း ငါ အပြစ်မတင်ပါဘူး။ အဲလောက်လည်း ...မနည်းကြပါနဲ့"

ရဲခေါင်နှင့်ဗညား မချိုပြုံး ပြုံးကြသည်။

မိုးဦးက ဝေယံ့ကို စိုက်ကြည့်လိုက်ရင်း ...

"ငါ့ဘဝကို ကယ်တင်ပေးခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ် ဝေယံ ... တကယ်ကို ကျေးဇူးပါပဲ၊ ဒီထက်ပိုပြီး ငါ ..."

ဝေယံ သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ မိုးဦးစကားကို ... ...ှာ ပြုံးလျက် ...



www.burmeseclassic.com

www.burmeseclassic.com

"ငါ နားလည်ပါတယ် မိုးဦး ငါ့ကြောင့် နင်ပျော်တယ်ဆိုရင်ပဲ ငါ
နပ်ပါပြီ၊ ဒီထက်ပိုပြီး ငါ မမျှော်လင့်ပါဘူးဟာ"

ဝေယံ့စကားသံအဆုံးမှာ ရဲခေါင်နှင့်ဗညားတို့၏ မျက်နှာတွေပေါ်
မျှော်လင့်ချက်ရောင်ခြည်တစ်စ ပေါ်ထွန်းလာသလို လင်းလက်လာကြ၏

မိုးဦးက ချိုလွင်လွင်ရယ်ကာ ...

"ငါတို့သူငယ်ချင်းတွေအားလုံး အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင် ...
သွားကြမယ်လေ"

"အေး"

"ဒါပေမဲ့ ဝေယံ့ကိုတော့ သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်ပြီ"

"ဟင် ... ဘာဖြစ်လို့လဲ မိုးဦး"

ဝေယံ၏ အထိတ်တလန့်အသံကြောင့် မိုးဦးက ...

"ဘာလို့လဲဆိုတော့ နင်က ငါ့ရဲ့သူငယ်ချင်းမှ မဟုတ်တော့တာ"

"ဟင် ... အဲ အဲဒါက ဘာသဘောလဲ"

"ဘာသဘောလဲဆိုတော့ ငါလည်း နင့်ကို မချစ်ဘဲမနေနိုင်တော့
ပေါ့ ဝေယံရဲ့"

"ဟာ ... ဒါ ဒါဆို နင် ငါ့ကို ချစ်တယ်လို့ပြောတာပေါ့"

"ဝေါ့ ... ဟုတ်တယ်ဟာ ဟုတ်တယ်၊ နင့်ကိုချစ်တယ်လို့ပြော
တာ ... သိပြီလား၊ အဲဒါမှ အေးမှာ ... ကဲ"

"ဟေး"

ဝေယံ ပျော်ပြီး ခုန်လိုက်သည်မှာ ကြေဝဋ္ဌာထဲထိ ရောက်သွားသည်
(ဟု ထင်ရ၏)

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသော ရဲခေါင်နှင့် ဗညား
တို့မှာလည်း မကြာခင်မှာ အပြုံးကိုယ်စီ မသိမသာ ဖြစ်လာကြလေသည်။

▲▲▲



## အခန်း (၂၁)

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး မကြာခင်ကာလတစ်ခုအတွင်းမှာပဲ
အားလုံး မျှော်လင့်ထားကြသည့်အတိုင်း ဝေယံနှင့်မိုးဦးတို့ ခမ်းနားကြီးကျယ်စွာ
မင်္ဂလာဆောင်ကြလေသည်။

သတို့သားအရန်တွေက ရဲခေါင်နှင့် ဗညားဖြစ်ပြီး သတို့သမီးအရန်
များက ပန်းအိနှင့် ကြည်ကြည်ဖြိုးတို့ ဖြစ်ကြသည်။

ခင်သက်ထွေးက ပန်းကြသည်။ ဉမ္မာညိုကတော့ ထိုရက်ပိုင်းအတွင်း
မှာ သူ့ရည်းစားနောက် လိုက်ပြေးသွားသဖြင့် မင်္ဂလာဆောင်သို့ မလာနိုင်ပေ။

မင်္ဂလာဆောင်က ဧည့်ပရိသတ်များစွာနှင့် အထူးပင် စည်ကားခဲ့သည်။
လက်ဖွဲ့ပစ္စည်းများလည်း များစွာရသည်။

ထိုလက်ဖွဲ့ပစ္စည်းများကို မိုးဦးက သူမတစ်ယောက်တည်း နိုင်ခဲ့ရ
ရလေသည်။ အဘယ်ကြောင့်ဆိုသော် ဘတ်ချလာနိုက်အပြီးမှာ ဝေယံ မူးပြီး
အိပ်ပျော်နေ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း တစ်နှစ်ကျော်မျှအကြာမှာတော့ ဝေယံနှင့် မိုးဦးနှင်းဆီတို့ထံမှ ယောကျာ်းလေးနှင့်မိန်းကလေး အမြွှာဖွားမြင်လေသည်။ သားသမီးနှစ်ယောက်စလုံးရော၊ မိဘနှစ်ယောက်စလုံးပါ ကျန်းကျန်းမာမာ ရှိကြလေသည်။

နောက်ပိုင်းသိရသော သတင်းတစ်ပုဒ်အရ မှုတဲမှာ တိတ်တိတ်ပုန်းမယားရှိနေခြင်း မဟုတ်ဘဲ KTV မှ မိန်းမတစ်ယောက်နှင့် ပတ်သက်မိရာက ထိုမိန်းမက ခြိမ်းခြောက်ငွေညှစ်ခြင်းဟု သိရသည်။ (ငွေညှစ်ရခြင်း အကြောင်းရင်းကိုတော့ မသိရသေးချေ။)

ဘီယာဆိုင်တစ်ဆိုင်မှာတော့ လူငယ်နှစ်ယောက် ညနေတိုင်း လာထိုင်တတ်သည်ဟု သိရသည်။ နှစ်ယောက်တည်းလာသော်လည်း တစ်ခါမှာလျှင် သုံးခွက်စီမှာကာ တစ်ခွက်ချန်ထားတတ်ပြီး သောက်မည့်သူမရှိသည့် ထိုဘီယာခွက်ကို ချီးယား(စ်) လုပ်ကာ သောက်ကြသည်ဟု သိရလေသည်။

ယခုလည်း . . .

"ချီးယား(စ်) ဝေယံ . . . လေးစားဂုဏ်ယူပါတယ်"

လေးစားစွာ

သွန်းဆစ်



# သွန်းဆစ်

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ လူလူသူသူအချစ်

၂။ ပန်းပေးပြီလား

၃။ အရုပ်ထုပ်တစ်ကောင်ရဲ့ပြောင့်ချက်

၄။ လိမ်ဆင်

၅။ မေ့ခ

၆။ ပုံတူ

၇။ လေးကြောင်းမျှဉ်း

၈။ ဗီလိန်မပါတဲ့ဇာတ်လမ်း


## ယခုလ


၉။ ကစားပွဲ


www.burmeseclassic.com

www.burmeseclassic.com

# "ဒဏ်ရာဟောင်း"

မေ့လျော့ထားသူ ဆိုတာ

ကြိုးစားနေမိတဲ့ သူ

ရေမယ် ဆိုတာ

ရေစက်ရဲ့ ဝေဒနာ

အလွမ်းတို့ ပုန်းတော့

ရှုန်းလွှတ်စေ ...

ဖြတ်ရခက်တဲ့ကြိုး

ဒီကြိုးမှာ သံယောဇဉ်ကြိုးလား

နှောင်ကြိုးတော အရှုံးပေးသော်

……ခက်တော့ခက်ပြီ……

ဝေးသောင်ကဲ့ အချစ်တို့မှ

……မီးဆိုးတဲ့ငါ……

....အခုတော့....

ငါ့ရင်ခွင် မီးတောင်

ငါ့ဘဝ လွှမ်းစေ

ငါ့ဒဏ်ရာက ကြီးထွား

ငါ့အနာတယ် တစ်ခုလုံး ပြာကျခဲ့ပြီ........

နွယ်ရှင် (ရွှေကျင်မြို့)

www.burmeseclassic.com